# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)



၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၃၀၈)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်းရှိ ကျေးရွာလူထုအခြေပြုခရီးသွားများလုပ်ငန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှု

## ပီဇာဖြေလျှော့ပေးမှုကြောင့် အောက်တိုဘာလမှစပြီး ခရီးသွားများ ပိုမိုဝင်ရောက်နိုင်ရာ ဝန်ဆောင်မှုများဖြည့်ဆည်းပေးနိုင်ရေး ပြင်ဆင်ရန်မှာကြား

**နေပြည်တော် ဩဂုတ် ၅**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့က ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်းရှိ ရွှေဥမင်လိုဏ်ဂူတော်၊ လူထုအခြေပြု ခရီးသွားများလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လက်ဖက်ခြောက်စက်ရုံ၊ ကော်ဖီခြံနှင့် ကော်ဖီစက်ရုံတို့အား လိုက်လံကြည့်ရှုသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ဦးလှကျော်နှင့် ဦးကျော်မျိုး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ကလောမြို့နယ် နန့်ပန်တက်-ကလော-တောင်ကြီးလမ်း မိုင်တိုင်အမှတ်(၅၃/၄)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးလှမိုးအောင်က ရှမ်းရိုးမ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး ခရီးသွားလုပ်ငန်း ဆင်စခန်းဆိုင်ရာ အချက်အလက်များ၊ ခရီးသွားလုပ်ငန်း အနာဂတ်မျှော်မှန်းချက်၊ ဆင်စခန်းသို့ သွားရောက်သည့်လမ်းအား ကျောက်ချောလမ်းခင်းနိုင်ရေးဆောင်ရွက်နေမှု၊ ဆင်စခန်းလျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှုနှင့် ပွင့်လင်းရာသီတွင် ခရီးသွားများ ပိုမိုလာရောက်ရေးအတွက် ဆောင်ရွက်သွား

*စာမျက်နှာ ၃ ကော်လံ ၁* ❁



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပင်းတယမြို့နယ် ဆီးကျအင်းကျေးရွာ၌ လူထုအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်ရန်အတွက် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

**ထိုင်းနိုင်ငံ မယ်ဆိုင်လိုဏ်ဂူအတွင်းမှ ကယ်ထုတ်ခဲ့သည့် လူငယ် ၁၃ ဦး အနက် ရှင်သာမဏေဝတ် ၁၁ ပါး လူထွက်ခြင်းနှင့်အတူ ဂုဏ်ပြုပွဲကျင်းပ**

စာမျက်နှာ » ၉

**နာ့ဇ်တာကို ပြန်လည်စတင်ရန် အဆင်သင့်ဖြစ်နေကြောင်း ကနေဒါပြောကြား**

စာမျက်နှာ » ၁၄

**ဆိုက်ဘာကျိုးပေါက်မှုအရေး စိတ်မအေးရတဲ့ ယနေ့ကမ္ဘာ**

စာမျက်နှာ » ၁၅


C B BANK

Your ONE-STOP Banking Partner to do BUSINESS in Myanmar.

Lending Services
Corporate Advisory
Treasury
Deposit Services
Trade Services
Cash Management

Call Center : +951 231 777 0
www.cbbank.com.mm

# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်

စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့စွဲဖြင့် ပူးတွဲကြေညာချက် တစ်ရပ် ထုတ်ပြန်ရာ၌ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ အာဆီယံ အဖွဲ့၏ အမြင်သဘောထားတို့ကို စုစည်းဖော်ပြခဲ့ပါသည်။ အဆိုပါ ပူးတွဲ ကြေညာချက်၌ အာဆီယံအဖွဲ့အနေဖြင့် “ရခိုင်ပြည်နယ်အရေးသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည်” ဟူသော အခြေခံမှုအပေါ် ရပ်တည်သုံးသပ်ခဲ့ခြင်းသည် အပြုသဘောဆောင်သည့် သဘောထား အမြင်ဖြစ်သည်ဟု ရှုမြင်ပါသည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အလန် ပီတာကာယီတာနို (**Alan Peter Cayetano**) က မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ မိတ်ဖက်အာဆီယံနိုင်ငံတို့အား စဉ်ဆက်မပြတ်အသိပေး ညှိနှိုင်းဆွေးနွေးလျက်ရှိသည်ဟု အတည်ပြုပြောကြားခဲ့ပါသည်။ ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး၏ အဆိုပါ ပြောကြားချက်သည် မြန်မာနိုင်ငံ၏ ရိုးသား၍ စေတနာမှန်ကန်သော ချဉ်းကပ်ပုံကို ပေါ်လွင်ထင်ရှားစေပါသည်။ ဤအစည်းအဝေး၌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့စွဲဖြင့် ဖွဲ့စည်းခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် နှင့်ပတ်သက်၍ တင်ပြ ဆွေးနွေးခဲ့သည်တို့ကို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး က အသိအမှတ်ပြု ပြောကြားခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက လူ့အခွင့်အရေးကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းမှုသည် နစ်နာခံစားနေရသော လူသားတို့အတွက် ကူညီ ဖေးမလိုစိတ်များကို ဖြစ်ပေါ်စေသော်လည်း တစ်ခါတစ်ရံ လူ့အခွင့်အရေး ပြဿနာရပ်တို့သည် နက်ရှိုင်းသိမ်မွေ့သည်ဖြစ်၍ အတိမ်းအစောင်းမခံနိုင် သည်ကို အလေးအနက်ထား ပြောကြားခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီး၏ ဤပြောကြားချက်သည် ရခိုင်ပြည်နယ်အရေးကိစ္စ၏ သဘော သဘာဝကို ထင်ဟပ်နေသည်ဟု သုံးသပ်မိပါသည်။ မလေးရှားနိုင်ငံခြားရေး ဝန်ကြီးကလည်း နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် အကြံပေးကော်မရှင်၏ တင်ပြချက်များအား အလေးအနက် ကိုင်တွယ်ဖြေရှင်းလျက်ရှိသည်ကို အသိအမှတ်ပြုကျေနပ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်က နေရပ် စွန့်ခွာသူများ မြန်မာနိုင်ငံသို့ ၎င်းတို့၏ဆန္ဒသဘောထားအလျောက် ဘေးကင်းလုံခြုံမှုနှင့်အတူ ဂုဏ်သိက္ခာရှိရှိ နှောင့်နှေးကြန့်ကြာမှုမရှိ အလျင်အမြန်ပြန်လာနိုင်ရေး၏ အရေးပါပုံကို အလေးအနက်ထားဖော်ပြ ထားပါသည်။ ဤနေရာ၌ အဆိုပါဖော်ပြချက်သည် နိုင်ငံတော်အစိုးရ၏ သဘောထားနှင့် တစ်ထပ်တည်းဖြစ်သည်ကို ထောက်ပြလိုပါသည်။ တစ်ဖန် အဆိုပါပူးတွဲကြေညာချက်၌ ရခိုင်ပြည်နယ်အရေး၏ အရင်းအမြစ် ပြဿနာတို့အား ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ပြီးပြည့်စုံ၍ ရေရှည် တည်တံ့သည့် အဖြေတစ်ရပ်ရှာဖွေရန် မီးမောင်းထိုးတင်ပြထားသကဲ့သို့ ပဋိပက္ခဒဏ်ခံစားခဲ့ရသော လူ့အသိုင်းအဝိုင်းတို့အနေဖြင့် ၎င်းတို့၏ဘဝ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အခြေအနေကောင်းများ ဖန်တီး ပေးရန်လိုသည်ကိုပါ ထောက်ပြထားပါသည်။ ဤသဘောထားသည်လည်း နိုင်ငံတော်အစိုးရ၏ ရှုမြင်ပုံနှင့် တစ်ထပ်တည်းဖြစ်သည်နှင့်အညီ ရခိုင် ပြည်နယ်အရေးကိစ္စချဉ်းကပ်ရာ၌ ဆုပ်ကိုင်ထားရမည့် သဘောထားအမြင် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးတို့၏ ပူးတွဲကြေညာချက်၌ ဖော်ပြထားသည့် ရခိုင်ပြည်နယ်အရေးကိစ္စဆိုင်ရာ အပြုသဘောဆောင်ရှုမြင်မှုတို့ကို ကြိုဆိုပါကြောင်း လေးစားစွာ တင်ပြ အပ်ပါသည်။ ။

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုး ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)
နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၅**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Taro Kono ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro Maruyama နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

## တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ ကျင့်ဝတ်နှင့်မျှတသော တရားစီရင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မန္တလေး ဩဂုတ် ၅**

မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး အောင်မြင်စွာ အကောင်အထည်ဖော်နိုင် ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNDP တို့ ပူးပေါင်းကျင်းပသည့် တရားဥပဒေ စိုးမိုးရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ ကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၄ ရက်က မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ် Hotel Sakura Princess ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဒယ်နီရယ်ကြည်က အမှာစကားပြောကြားပြီး UNDP မှ တာဝန်ရှိသူများက တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ ကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်း များအကြောင်းကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် ဥပဒေအရာရှိ များက အဖွဲ့လိုက်ဆွေးနွေးခြင်းများ၊ အပြန် အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ ကြကြောင်း၊ အဆိုပါဆွေးနွေးပွဲကို ဩဂုတ် ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို) အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ ပုသိမ်မြို့ရှိ လူမှုဝန်ထမ်းပရဟိတ ကလေးပြုစုရေးဌာနများသို့ သွားရောက်ကြည့်ရှု

**ပုသိမ် ဩဂုတ် ၅**

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေး နှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (ဗဟို)မှ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာနှင့် အဖွဲ့ဝင် များဖြစ်သော ဒေါ်ခိုင်နွယ်ဦး၊ ဒေါက်တာ ခင်သန်းအေးတို့သည် ဧရာဝတီတိုင်းဒေသ ကြီး လူမှုရေးဝန်ကြီး ဒေါက်တာ လှမြတ် သွေးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ် ထားသော ပုသိမ်မြို့(ပန်းဆက်) ကလေး ပြုစုရေးဌာနသို့ ရောက်ရှိပြီး ကလေး ပြုစုရေးဌာနတွင် ခြောက်လအောက် ကလေးများ လက်ခံထားရှိနိုင်ရန်အတွက် ဆွေးနွေးကြသည်။

ဆက်လက်၍ မနောဖြူဘက်စုံ ပရဟိတကျောင်းသို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တအရှင်စန္ဒာသီရိအား မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်) ၏ လုပ်ငန်းများကို ရှင်းလင်းလျှောက်ထားပြီး တိုင်းဒေသကြီးအတွင်းရှိ ပရဟိတကွန်ရက် များနှင့်အတူ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက် ရေးအသင်းနှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း လျှောက်ထားသည်။

ထို့နောက် ၁၉၄၅ ခုနှစ်က စတင် ထူထောင်ခဲ့သော ကန်သုံးဆင့်ရှိ စေတဝန် လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းနှင့် ရတနာအလင်းရောင် မိဘမဲ့ဘုန်းတော် ကြီး ပညာရေးကျောင်း (ပိတောက် ချောင်းကုန်းနှင့် ရွာသစ်ကုန်း) YGW (Yellow Generation Wave) ကျောင်းများကို ရောက်ရှိပြီး တိုင်းဒေသ ကြီးအတွင်း ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက် ရေးအသင်းဖွဲ့စည်းရေးတွင် ပူးပေါင်း ပါဝင်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို) အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပုသိမ်မြို့ရှိ လူမှုဝန်ထမ်းပရဟိတ ကလေးပြုစုရေးဌာနများသို့ သွားရောက်ကြည့်ရှုစဉ်။

❀ ရှေ့ဖုံးမှ

မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

**ရာသီမရွေး လာရောက်နိုင်**

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ယခုဆင်စခန်းဖွင့်လှစ်သည်မှာ မကြာသေးသော်လည်း အောင်မြင်မှုရရှိလာပြီဖြစ်သည့်အတွက် ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း၊ ခရီးသွားများ အသုံးပြုရန် လိုအပ်သော သန့်စင်ခန်းနှင့် အခြားသော ဝန်ဆောင်မှုကိစ္စရပ်များကို အလေးထား ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် ဆင်စခန်းအတွင်း ဝင်ရောက်သည့် လမ်းအား ခရီးသွားများ ရာသီမရွေး လာရောက်နိုင်ရန်အတွက် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ရှမ်းရိုးမ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသည် မိတ္ထီလာ-တောင်ကြီးလမ်း မိုင်တိုင် (၅၄/၃) ရှိ နန့်ပန်တက်ကျေးရွာအနီးတွင် တည်ရှိပြီး ဧက ၉၀၀ ခန့် ကျယ်ဝန်းသည်။ စခန်းအား အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပြီး နိုင်ငံတော်ဝင်ငွေရရှိရေး၊ ဆင်ထိန်းဝန်ထမ်းများနှင့် မိသားစုဝင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ မြန်မာ့သစ်လုပ်ငန်းမှ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူ သိရှိလေ့လာနိုင်ရေး၊ ဆင်ထိန်းသိမ်းရေးစခန်းများမှ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပူးတွဲဆောင်ရွက်မှုကို အများပြည်သူများ ပါဝင်ဆောင်ရွက်လေ့လာနိုင်ရေး၊ မြန်မာနိုင်ငံ၏ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် မြန်မာ့သစ်လုပ်ငန်းပိုင် ဆင်များ ရေရှည်ရပ်တည်နိုင်ရေးတို့ကို ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပြီး ရှမ်းရိုးမ အပန်းဖြေဆင်စခန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**အလှူငွေများ ပေးအပ်လှူဒါန်း**

ထို့နောက် ဒုတိယသမ္မတသည် ပင်းတယမြို့ ရွှေဥမင်လိုဏ်ဂူတော်ဘုရားသို့ ရောက်ရှိပြီး လိုဏ်ဂူတော်အတွင်း လှည့်လည်ကြည့်ရှုကာ ဘုရားအတွက် အလှူငွေများကို ဂေါပကထံ ပေးအပ်လှူဒါန်းသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပင်းတယမြို့ ရွှေဥမင်လိုဏ်ဂူတော်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

ယင်းနောက် ဒုတိယသမ္မတသည် ပင်းတယမြို့နယ် ဆီးကျအင်းကျေးရွာသို့ရောက်ရှိပြီး လူထုအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်ရန်အတွက် တည်းခိုဆောင်များ တည်ဆောက်ထားရှိမှုနှင့် ရိုးရာအစားအသောက်များနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပင်းတယမြို့နယ် ဆီးကျအင်းကျေးရွာ၌ လူထုအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်ရန်အတွက် ရိုးရာအစားအသောက်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

ဆက်လက်၍ ဒုတိယသမ္မတသည် ဆီးကျအင်းကျေးရွာ Green Tea လက်ဖက်စက်ရုံသို့ ရောက်ရှိပြီး လက်ဖက်ခြောက်ထုတ်လုပ်နေမှုအား ကြည့်ရှုသည်။

**အရည်အသွေးမြင့် လက်ဖက်ခြောက်**

အဆိုပါ လက်ဖက်ခြောက်စက်ရုံမှာ ယခင်က ထင်းအသုံးပြု လည်ပတ်နေရာမှ ယခုအခါတွင် သဘာဝဓာတ်ငွေ့နှင့်လျှပ်စစ်ဓာတ်အားအသုံးပြု လည်ပတ်နိုင်ခြင်းကြောင့် သစ်တောပြုန်းတီးမှု လျော့ပါးကာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေပြီး မီးခိုးနံ့ကင်းသည့် အရည်အသွေးမြင့် လက်ဖက်ခြောက် ထုတ်လုပ်နိုင်သဖြင့် ယခင်ထက် ဈေးနှုန်း နှစ်ဆပိုမိုရရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပင်းတယမြို့နယ် ပင်စိမ်းကျေးရွာသို့ ရောက်ရှိရာ ဒေသ လူထုအခြေပြု ခရီးသွားလုပ်ငန်းတာဝန်ခံက ပင်စိမ်းကျေးရွာ၌ လူထုအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဗီဇာဖြေလျှော့မှုများ**
**ဆောင်ရွက်ပေးထား**

ထို့နောက် ဒုတိယသမ္မတက တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ခရီးသွားဧည့်သည်များအား ဗီဇာဖြေလျှော့မှုများ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့အတွက် ယခုနှစ် အောက်တိုဘာလမှစပြီး ခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်သည်ဖြစ်ရာ လိုအပ်သော ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန် လိုအပ်ကြောင်း မှာကြားပြီး ဒေသခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းပေးပြီး တည်းခိုဆောင်များအား လိုက်လံကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ရွာငံမြို့နယ် မြိုင်ကျေးရွာရှိ ဦးလှစိုး ကော်ဖီစိုက်ခင်းသို့ရောက်ရှိပြီး ဒေသမျိုးကော်ဖီသီးများနှင့် ကော်ဖီစိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုကာ မြန်မာ့ကော်ဖီမှာ ကမ္ဘာတွင် အထူးတန်းဝင်ပြီး ပြည်ပဝယ်လိုမှုပမာဏများသည့်အတွက် ယခုထက်ပိုမိုတင်ပို့နိုင်ရေးနှင့် ပြည်တွင်းလိုအပ်ချက်အရ ပြည်ပမှ တင်သွင်းနေရသည့် ကော်ဖီများအစားထိုးနိုင်ရေးအတွက် ကော်ဖီကိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရန်လိုကြောင်း၊ ယင်းသို့စိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် အကျိုးအမြတ် ပိုမိုရရှိစေရန်အတွက် နည်းပညာအထောက်အကူများ ရယူပြီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

**ကော်ဖီဧက ၇၀၀၀ ကျော်**
**စီးပွားဖြစ်စိုက်ပျိုး**

ရွာငံမြို့နယ်တွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှုအပါအဝင် ကော်ဖီဧက ၇၀၀၀ ကျော်အား စီးပွားဖြစ်စိုက်ပျိုးထားကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရွာငံမြို့နယ် ရေဦးကျေးရွာရှိ ညဏ်ကြီးရှင်ကော်ဖီကြိတ်ခွဲစက်ရုံသို့ ရောက်ရှိပြီး ကော်ဖီကြိတ်ခွဲနေမှုနှင့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

**ကော်ဖီထုတ်လုပ်မှုအဆင့်ဆင့်**

ညဏ်ကြီးရှင်ကော်ဖီထုတ်လုပ်ရေးခြံကို ၂၀၁၂ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ပြီး ယင်းခြံတွင် ကော်ဖီကြိတ်ခွဲစက်ရုံ၊ ကော်ဖီဂိုဒေါင်၊ ကော်ဖီလှန်းကွင်းနှင့် ကော်ဖီထုတ်လုပ်မှုအဆင့်ဆင့်ကို လေ့လာနိုင်သော ကော်ဖီဆိုင်နှင့် သဘာဝပတ်ဝန်းကျင် အခြေခံခရီးသွားများအတွက် တည်းခိုခန်းလုပ်ငန်းများပါ ပါဝင်သည့်အတွက် တောတောင်သဘာဝများ၊ သဘာဝသစ်တောများနှင့် ကော်ဖီစိုက်ခင်းများကိုပါ လှည့်လည်ကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။

ကော်ဖီတစ်ဧကကို စံနှုန်းအတိုင်း ၈ပေ × ၄ပေခြား စိုက်ပျိုးပါက အပင် ၁၂၀၀ စိုက်ပျိုးနိုင်ပြီး ကော်ဖီသီးအစိုတစ်တန်ထွက်ရှိကာ ကော်ဖီစေ့အခြောက်အနေဖြင့် ဒသမ ၂၅ တန်ရရှိကြောင်း၊ အဆိုပါကော်ဖီအခြောက်တစ်တန်လျှင် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၆၅၀၀ မှ ၈၀၀၀ ကြားရရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရွာငံမြို့နယ် ရေဦးကျေးရွာရှိ ညဏ်ကြီးရှင်ကော်ဖီကြိတ်ခွဲစက်ရုံမှ ထုတ်လုပ်ထားသည့် ကော်ဖီထုပ်များအား ကြည့်ရှုစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)နှင့် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)နှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**



တွေ့ဆုံပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဘာသာရေး၊ ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို အစပျိုးရန် အလွတ်သဘောအားဖြင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအမြဲတမ်းအဖွဲ့ကို သာသနာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ယာယီဖွဲ့စည်းပေးခဲ့ကြောင်း၊ အဆိုပါအမြဲတမ်းအဖွဲ့ကို "ဘာသာရေးဆိုင်ရာ ပြဿနာရပ်များ၊ စွပ်စွဲပုတ်ခတ်မှုများရှိပါက အစိုးရမဟုတ်သော အဖွဲ့အစည်းပုံသဏ္ဌာန်ဖြင့် ဖြေရှင်းဆောင်ရွက်ရန်၊ ဘာသာရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ အလွတ်သဘောဆောင်ရွက်ရန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်မှုကိုခံယူရန်" မူဝါဒချမှတ်ခဲ့ကြကြောင်း၊ အပြည်ပြည်ဆိုင်ရာဘာသာရေး အစည်းအဝေးပွဲများသို့လည်း တက်ရောက်ခဲ့ကြကြောင်း။

**ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုထား**

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ၃၀-၄-၂၀၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတက ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခန်းကဏ္ဍတစ်ခုအနေနှင့် ပါဝင်ခဲ့ကြောင်း မှတ်တမ်းတွေ့ရှိနိုင်ပါကြောင်း၊ ထို့အတူ ၂၁-၈-၂၀၁၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ယာယီဖွဲ့စည်းခွင့်လက်မှတ် အမှတ်၊ ပ-ရက/၀၁၅၆ ဖြင့်ဖွဲ့စည်း ခွင့်ပြုပေးခဲ့ပြီး ၃၀-၃-၂၀၁၇ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနကလည်း ၁/ပြည်တွင်း /၁၃၈၁ ဖြင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုထားကြောင်း သိရှိရပါကြောင်း။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်မှာ နှစ်ကာလ ကြာမြင့်ခဲ့ပြီဖြစ်၍ အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်များသည် ကျန်းမာရေးအခြေအနေများအရ အနားယူခဲ့ရသဖြင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့ကြီးကို အင်အားဖြည့်တင်း၍ ပြန်လည်ဖွဲ့စည်းရန် လိုအပ်လာပါကြောင်း၊ ဒီလိုအပ်ချက်တင်ပြချက်အရ အသစ်ပြန်လည်ဖွဲ့စည်းရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ဘာသာပေါင်းစုံလုပ်ငန်းများ သွားရောက်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာဖြင့် လုပ်ငန်းများ တိုးတက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)ကို ဦးစီးနာယကများ၊ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ စုစုပေါင်း ၇၂ ဦးဖြင့် ၁၀-၇-၂၀၁၈ ရက်နေ့တွင် အင်အားတိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ဘာသာအသီးသီးမှ အများပြည်သူ၏ ဆန္ဒပြုချက်အရ ဥက္ကဋ္ဌအဖြစ် ဗုဒ္ဓဘာသာဝင် ကိုယ်စားလှယ်ကိုသာ တာဝန်ပေးအပ်မည်ဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်းတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးရုံးများသို့ လည်းကောင်း ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးနိုင်ရန် ၁၂-၇-၂၀၁၈ ရက်နေ့ ရက်စွဲဖြင့် သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းအကြောင်းကြားစာ ပေးပို့ထားပြီး ဖြစ်ပါကြောင်း။

**လွတ်လပ်စွာဆောင်ရွက်အကူအညီပေး**

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)သည် လွတ်လပ်သည့် NGO အဖွဲ့အစည်းဖြစ်သည်နှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် အခြားမည်သည့်ဌာနအဖွဲ့အစည်းကမျှ ထိန်းသိမ်းကြပ်မတ်ထားခြင်းမရှိစေဘဲ နိုင်ငံတော်က ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဘာသာရေး၊ သာသနာရေးနှင့် နိုင်ငံတော်အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွတ်လပ်စွာဆောင်ရွက်ရန်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အကူအညီပေးခြင်းမျှသာဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာဟူ၍ ဘာသာကြီးလေးရပ်တို့ကို မိမိတို့ယုံကြည်ရာအလိုက် အေးချမ်းစွာ ကိုးကွယ်ကြသည်နှင့်အညီ ဘာသာတစ်ခုနှင့်တစ်ခုအကြား မည်သို့ကွဲပြားသည်ဖြစ်စေ၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဘာသာနှင့်တစ်ဘာသာလေးစားချစ်ကြည်စွာဖြင့် ဘာသာပေါင်းစုံ တစ်စိတ်တစ်ဝမ်းတည်း စုစည်းညီညာစွာ အတူတကွလက်တွဲလုပ်ဆောင်နေကြသည်ကို မြင်တွေ့ရခြင်းဖြင့် နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာရေးအတွက် အထောက်အပံ့များ ဖြစ်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးစွာ လက်တွဲနေထိုင်ကြစေရန်နှင့် ငြိမ်းချမ်းရေးစိတ်ထားများ ပျံ့နှံ့စိမ့်ဝင်လာစေရန် အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ၊ ဆောင်ရွက်ရာမှာလည်း အောင်မြင်မှုအသီးအပွင့်များ ရရှိခံစားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်**

ထို့နောက် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့က အလှူငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်နှင့် ဟိန္ဒူမိသားစုများ ရေဘေးကယ်ဆယ်ရေးအဖွဲ့တို့က အလှူငွေကျပ် ၅၁ သိန်းနှင့် ခရစ်ယာန်ဘာသာပေါင်းစုံအဖွဲ့က အလှူငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)မှ ဦးစီးနာယကများ၊ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် အာဆီယံအပေါင်း သုံး အရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်(၃)အရ ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်ရိက္ခာထောက်ပံ့လှူဒါန်း

နေပြည်တော် ဩဂုတ် ၅

**ပဲခူးတိုင်းဒေသကြီးအတွင်း မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုတွင် ရေဘေးဒဏ်ခံစားခဲ့ရသော ပြည်သူများအတွက် အာဆီယံအပေါင်း သုံး (ASEAN +3) အရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်(၃)အရ ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်ရိက္ခာထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီက ပဲခူးမြို့ သာသနာ့ဗိမာန် ဓမ္မာရုံ၌ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အရန်ဆန်ရိက္ခာလှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရေဘေးဒဏ်ခံစားခဲ့ရသော ပြည်သူများအတွက် အာဆီယံအပေါင်း သုံး (ASEAN +3) အရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်(၃)အရ ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၅၀ ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံရယူသည်။



အာဆီယံအပေါင်းသုံးနိုင်ငံ အရေးပေါ် ဆန်အရန်ရိက္ခာ (APTERR) လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် မတည်ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၈၃၀၀၀ လုပ်ငန်းလည်ပတ်ရန်ပုံငွေအဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ နှုန်းဖြင့် ငါးနှစ်ကာလအတွက် စုစုပေါင်း အမေရိကန် ဒေါ်လာ ၃၀၀၀၀ ကို နှစ်စဉ်ထည့်ဝင်ခဲ့ရာ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပထမငါးနှစ်အတွက် အားလုံးထည့်ဝင်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခင်နှစ်များအတွင်း ကြုံတွေ့ခဲ့သော သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် အရေးပေါ်ရိက္ခာလိုအပ်ချက်များအရ (APTERR) အတွင်းရေးမှူးရုံးသို့ အဆိုပြုလွှာကို တင်ပြတောင်းခံခဲ့ရာ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အရန်ဆန်ရိက္ခာ တန်ချိန် ၁၀၀၀ နှင့် လုပ်ငန်းသုံးစရိတ်အတွက် အမေရိကန်ဒေါ်လာ ၇၉၈၈၀ အား ထောက်ပံ့လှူဒါန်းခဲ့ပြီး အဆိုပါ အရန်ဆန်ရိက္ခာများကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်ဂိုဒေါင်နှင့် နေပြည်တော် ပျဉ်းမနားဂိုဒေါင်တို့တွင် သိုလှောင်ထားရှိခဲ့ကာ စတင်သိုလှောင်သည့်ကာလမှ ၁၂ လအတွင်း ဘေးအန္တရာယ်ကျရောက်၍ အရေးပေါ်ဆန်ရိက္ခာ လိုအပ်သော ဒေသများသို့ ဖြန့်ဝေလှူဒါန်းနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အာဆီယံအပေါင်းသုံး (ASEAN +3) အရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်(၃)အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ်၌ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ဘေးဒုက္ခသင့် ပြည်သူများအား ကူညီထောက်ပံ့ရန်အတွက် ဆန်တန်ချိန် ၂၆၇ တန်၊ ကချင်ပြည်နယ်ရှိ မြို့နယ် ၁၄ မြို့နယ်မှ သဘာဝဘေးနှင့် စစ်ဘေးရှောင်ပြည်သူများအတွက် ဆန်တန်ချိန် ၃၁၁ ဒသမ ၄၇၇ တန်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်းတို့ကြောင့် ရေဘေးသင့်ပြည်သူများအတွက် ဆန်တန်ချိန် ၂၃၃ တန်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ၈၆ တန်၊ ပဲခူးတိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုတွင် ရေဘေးဒဏ်ခံစားခဲ့ရသော ပြည်သူများအတွက် ဆန်တန်ချိန် ၅၀ စုစုပေါင်း အရန် ဆန်ရိက္ခာ ၉၄၇ ဒသမ ၄၇၇ တန်ခန့်ကို ထောက်ပံ့လှူဒါန်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေ မှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၉ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့ ဘာလီလုပ်ငန်းစဉ် ဝန်ကြီးအဆင့် ညီလာခံတက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၅**

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင်ကျင်းပမည့် (၇)ကြိမ်မြောက် ဘာလီလုပ်ငန်းစဉ် ဝန်ကြီးအဆင့်ညီလာခံနှင့် အစိုးရများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ဝန်ကြီးအဆင့်ဖိုရမ်သို့ တက်ရောက်ရန် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။** (အပေါ်ပုံ)

ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူအရာရှိကြီးများ လိုက်ပါသွားခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက် တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ကြသည်။

(၇)ကြိမ်မြောက် ဘာလီလုပ်ငန်းစဉ်ဝန်ကြီးအဆင့် ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ဩဂုတ် ၆ ရက်မှ ၇ ရက်အထိ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ ဘာလီလုပ်ငန်းစဉ်ဝန်ကြီးအဆင့်ညီလာခံနှင့် အစိုးရများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ဝန်ကြီးအဆင့်ဖိုရမ်တို့ကို တစ်ဆက်တည်း ကျင်းပသွားမည်ဖြစ်ပြီး ဘာလီလုပ်ငန်းစဉ်အဖွဲ့ဝင် ၄၅ နိုင်ငံမှ ဝန်ကြီးများ UNHCR,UNDP နှင့် ION တို့မှ အကြီးအကဲများ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဩဂုတ် ၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

**မိုး/ဇလ**

# နှင်းပုလဲနှင့် ဒုံဝန်းကြား ပျက်စီးသွားသည့် ရထားလမ်းပိုင်းနှင့် တံတားပြုပြင်

**ရန်ကုန် ဩဂုတ် ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ကျိုက်ထိုဘူတာသို့ ရောက်ရှိပြီး ကျိုက်ထိုဘူတာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ်နိုင်မည့်နေရာများ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBE ရထားနှင့် ထွက်ခွာလာရာ နှင်းပုလဲဘူတာနှင့် ဒုံဝန်းဘူတာကြား မိုင်တိုင်အမှတ်(၁၁၈ /၄-၅) ကြားရထားလမ်း တာပေါင်များ ရေတိုက်စားခြင်းကြောင့် ရထားလမ်းပိုင်းပျက်စီးမှုကို ကျောက်ကြီးများထည့်၍ လမ်းပိုင်းပြန်လည်ပြုပြင်မှု ဆောင်ရွက်နေမှု အခြေအနေ၊ မိုင်တိုင်အမှတ်(၁၂၀/၇-၈)ကြားရှိ တံတားအမှတ်(၇၄) ရေတိုက်စားပြီး ပျက်စီးမှုများကို ပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** တာဝန်ရှိသူများအား အချိန်ကြန့်ကြာမှု မရှိစေဘဲ ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရန် လမ်းပိုင်းအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဝန်ထမ်းအားလုံးမှ ပူးပေါင်းကြိုးစားဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများ ကြိုးစားမှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုငွေများ ပေးအပ်သည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တောင်းတံတား (မုပ္ပလင်)အနီးရှိ စစ်တောင်းကျေးရွာကမ်းပါးပြိုကာကွယ်ရေးအတွက် ဘိုးပိုင်အခြေပြုကျောက်စီ မြေထိန်းနံရံတည်ဆောက်ထားရှိမှုနှင့် ပဲခူး-စစ်တောင်းတူးမြောင်းရေလမ်းကြောင်း ပြုပြင်ထားရှိမှုများကို လုပ်ငန်းတာဝန်ခံက ရှင်းလင်းတင်ပြရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပဲခူး-စစ်တောင်းတူးမြောင်းတစ်လျှောက် ရေလမ်းကြောင်းအား ပြုပြင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘူတာကြီးမှ RBE ရထားဖြင့် ထွက်ခွာပြီး ရန်ကုန်မြို့ပတ်လမ်းပိုင်း အဆင့်မြှင့်တင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ မစ်ရှင်လမ်း၊ ကြည့်မြင်တိုင်၊ လှည်းတန်း၊ ကမာရွတ်၊ သမိုင်း၊ ကြို့ကုန်း၊ အင်းစိန်ဘူတာများ တစ်လျှောက် မိုးတွင်းကာလဖြစ်သည့်အတွက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများ၊ ခရီးသည်များ အတက်၊ အဆင်း အဆင်ပြေစေရေးအတွက် ဘူတာပလက်ဖောင်းများ ပြုပြင်ထားရှိမှုအခြေအနေ၊ လူကူးခုံးကျော်တံတားပြုပြင်ရမည့် အခြေအနေနှင့် သမိုင်းဘူတာ ပုံကျစျေးသည်များအား နေရာချထားပေးနေမှု အခြေအနေများ၊ မြို့ပတ်ရထားလမ်းတစ်လျှောက် အုတ်တံတိုင်းကာရံခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တတိယအကြိမ်မြောက် မြန်မာစွန့်ဦးတီထွင်ပွဲတော်ကြည့်ရှု

**ရန်ကုန် ဩဂုတ် ၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် တတိယအကြိမ်မြောက် မြန်မာစွန့်ဦးတီထွင်ပွဲတော် (Myanmar Entrepreneurs Carnival 2018) သို့ ရောက်ရှိပြီး ပွဲတော်တွင်ပြသထားသည့် စက်မှုဝန်ကြီးဌာနမှ ဒီဇိုင်းတီထွင်ထုတ်လုပ်ထားသည့် Mobile Vocational Training Truck နှင့် Mobile Mart တို့အား ကြည့်ရှုစစ်ဆေးကာ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရေးနှင့် လက်တွေ့ကျကျသင်ကြားပို့ချရေး၊ ရွေ့လျားလျှပ်စစ်သင်တန်းကားဖြင့် နယ်လှည့်သင်တန်းပို့ချနေမှုများကို ထိရောက်အောင်မြင်စေရန်၊ ပြည်သူများ နားလည်လွယ်သည့် သင်ရိုးညွှန်းတမ်းများဖြင့် လက်တွေ့ကျကျ သင်ကြားပို့ချပေးရေးကို အသေးစိတ်မှာကြားသည်။ ရွေ့လျားလျှပ်စစ်သင်တန်းကို မကြာမီ မြစ်ကြီးနားမြို့၌ ဖွင့်လှစ်သင်ကြားပေးရန် သက်ဆိုင်ရာနှင့် ညှိနှိုင်း၍ ပို့ချပေးမည်ဖြစ်ကြောင်းနှင့် Mobile Mart ရွေ့လျားဈေးကားဖြင့်လည်း လိုအပ်သော နေရာဒေသများသို့ လှည့်လည်၍ စက်မှုထုတ်ကုန်နှင့် ပုဂ္ဂလိက ပူးပေါင်းထုတ်လုပ်သူများ၏ ပစ္စည်းအမျိုးမျိုးကို လှည့်လည်ရောင်းချပေးလျက်ရှိသည်။





ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တပ်မတော်ခန်းမအတွင်း ခင်းကျင်းပြသထားရှိသည့် မြန်မာစွန့်ဦးတီထွင်ပွဲတော်(၂၀၁၈) ပြခန်းများအား လိုက်လံကြည့်ရှုအားပေးရာ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှု၍ လူငယ်များ စွန့်ဦးတီထွင်မှုများကို ပြုစုပျိုးထောင်ပေးရေး၊ ထူးခြားထက်မြက်သည့် အတွေးအခေါ်များ ရရှိစေရန် လက်တွေ့သင်တန်းပေး၍ ပြုစုပျိုးထောင်နေမှုများ၊ နိုင်ငံတော်အတွက် လိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊ လက်တွေ့လုပ်ငန်းခွင်နှင့် ဆက်စပ်မှုရှိသော လက်တွေ့ကျသည့် ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေးရေး၊ နိုင်ငံတကာမှ IT နည်းပညာများ လက်တွေ့လူမှုဘဝတွင် အကျိုးရှိစွာ အသုံးချနိုင်ရေး ပြုစုပျိုးထောင်ပေးရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်အတွက် အရင်းအမြစ်များဖြစ်သည့် လူငယ်များကို ယခုမှပင် စနစ်တကျ ပြုစုပေးရေး၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို အသေးစိတ်ညှိနှိုင်းပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပွဲတော်အတွင်း ပြသထားသော ပြခန်းများအား လိုက်လံကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

အဆိုပါ ပွဲတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်အသင်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ IT နည်းပညာဝန်ဆောင်မှု လုပ်ငန်းများ၊ စက်မှုထုတ်ကုန်ပစ္စည်းများ စုစုပေါင်း ပြခန်း ၁၁၀ ပါဝင်ခင်းကျင်းပြသထားသည့်အပြင် စွန့်ဦးတီထွင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲများကျင်းပပြီး ဩဂုတ် ၃ ရက်မှ ဩဂုတ် ၅ ရက်အထိ ပြုလုပ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၅**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းကော်မတီတစ်ခုဖြစ်သော ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် လုပ်ငန်းကော်မတီဝင်များသည် ယမန်နေ့တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ သွားရောက်၍ တိုင်းဒေသကြီး ကုန်သည်စက်မှုအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ စီးပွားရေးလုပ်ငန်းများက ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများအတွက် ဆက်သွယ်ဆောင်ရွက်နိုင်မှုကို ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ ဆောင်ရွက်သင့်သည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ တိုင်းဒေသကြီး ကုန်သည်စက်မှုအသင်း ဥက္ကဋ္ဌ ဦးထွန်းဆိုင်နှင့် ကဏ္ဍအလိုက် ကိုယ်စားလှယ်များက ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများအတွက် ဆောင်ရွက်လိုသည့်ကိစ္စရပ်များ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ မရှင်းလင်းသည်များအချို့ကို မေးမြန်းဆွေးနွေးရာ ဒုတိယဝန်ကြီးနှင့် ကော်မတီဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**



# မြီးကောင်ပေါက်အရွယ် ဆယ်ကျော်သက်တို့အရေး

**တက္ကသိုလ်ဇော်ထူးဦး**

မြီးကောင်ပေါက်အရွယ်ဆယ်ကျော်သက်တို့နှင့်ပတ်သက်ပြီး မိဘဆွေမျိုးအပေါင်းအသင်းတို့ သိရှိထားရမည့်သတင်းစကားများရှိနေ၏။ အဆိုပါသတင်းစကားများအား တိုးတိုးတိတ်တိတ် တိုင်တိုင်ပင်ပင်နှင့်ပြောဆိုရန်လိုအပ်သလို ဆောင်ရွက်ပေးရန်လည်းလိုအပ်မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုမူ သည်အရွယ်သည် လူလားမြောက်စေသည့် အရေးကြီးသောဘဝလှေကားထစ်များကို ဖြတ်သန်းရမည့်အရွယ်ပင် ဖြစ်နေသည်။

အသက် ၁၀ နှစ်မှ ၁၉ နှစ်အတွင်း ဆယ်ကျော်သက်များနှင့် အသက် ၁၅ နှစ်မှ ၂၅ နှစ် အတွင်း လူငယ်များကိုပေါင်းစည်း၍ အသက် ၁၀ နှစ်မှ ၂၄ နှစ်အတွင်းရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဆယ်ကျော်သက်လူငယ်ကျန်းမာရေးဟုခေါ်၏။ ဆယ်ကျော်သက်အရွယ်သည် ကလေးဘဝအရွယ်ကိုကျော်လွန်ပြီး လူကြီးဖြစ်ရန် ဦးတည်သောအရွယ်ဖြစ်၏။ သို့အတွက် ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ၊ စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ၊ ခံစားမှုဆိုင်ရာပြောင်းလဲမှုများဖြစ်ကြသည်။

### စိတ်စေစားရာ

ဆယ်ကျော်သက်အရွယ် အပျိုဖော်၊ လူပျိုဖော်ဝင်ချိန် စိတ်ခံစားမှုဆိုင်ရာပြောင်းလဲမှုကို လေ့လာကြည့်လျှင် ကျား၊ မ ကွဲပြားခြင်းကို စတင်သတိထားမိလာပြီး ဆန့်ကျင်ဘက်လိင်ကို စတင်စိတ်ဝင်စားလာ၏။ တစ်ကိုယ်တော်ကာမစိတ်ဖြေမှုကို စတင်ပြုလုပ်လာနိုင်၏။ စူးစမ်းလိုစိတ်၊ စွန့်စားလိုစိတ်များဖြစ်ပေါ်လာ၏။ စိတ်စေစားရာနောက်ကို လိုက်ပြီးလုပ်တတ်၏။ စိတ်အတက်အကျ အပြောင်းအလဲမြန်၏။ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနှင့် အလှအပကို တခြားရွယ်တူများနှင့်နှိုင်းယှဉ်ကာ အလွန်စိတ်ဝင်စား၏။

ဆယ်ကျော်သက်အရွယ်တွင် မိသားစုနှင့်နေလိုစိတ်လျော့ပါးလာပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ပိုပြီးလိုလားလာ၏။ သူငယ်ချင်းများကို ပိုမိုခင်တွယ်လာတတ်၏။ သူငယ်ချင်းများလုပ်သည့်အတိုင်း လိုက်လုပ်တတ်၏။ မိမိခြေထောက်ပေါ်မိမိ ရပ်တည်ချင်လာ၏။ မိမိလုပ်သောလုပ်ရပ်များအပေါ် အမှန်အမှားခွဲခြားတတ်လာ၏။ ဘဝအတွက် ကိုယ်ပိုင်ရည်မှန်းချက်၊ ရည်ရွယ်ချက်များစတင်ချမှတ်လာတတ်၏။ ကိုယ့်ကိုယ်ကိုယ် လူကြီးဖြစ်ပြီအထင်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်လိုစိတ်ရှိလာ၏။ စည်းမျဉ်းစည်းကမ်းများကို အရွဲ့တိုက်ပြီး ဆန့်ကျင်ဘက်လုပ်ကြည့်တတ်လာသည်။

စာရင်းဇယားများအရ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်း၊ ၁ ဒသမ ၂ ဘီလီယံမှာ ဆယ်ကျော်သက်များဖြစ်၏။ ယင်းမှတစ်ဝက်ကျော်မှာ အာရှတိုက်တွင်နေထိုင်လျက်ရှိပြီး အိန္ဒိယနိုင်ငံတွင် အခြားနိုင်ငံများထက် ဆယ်ကျော်သက်ပေါများကာ ၂၄၃ သန်းခန့်ရှိ၏။ အလားတူ တရုတ်နိုင်ငံတွင် သန်း ၂၀၀ ကျော်ရှိနေ၏။ အာဖရိကတိုက် ဆာဟာရဒေသတွင် လူဦးရေ၏ ၂၃ ရာခိုင်နှုန်းမှာ အသက် ၁၀ နှစ်မှ ၁၉ နှစ်အရွယ် ဆယ်ကျော်သက်များဖြစ်သည်။

နှစ်စဉ် အသက် ၁၀ နှစ်မှ ၁၉ နှစ်ကြားအရွယ် ၁ ဒသမ ၄ သန်း သေဆုံးလျက်ရှိရာ အများအားဖြင့် လူငယ်နှင့်ဆယ်ကျော်သက်များဖြစ်ပြီး သေဆုံးရခြင်း၏ အဓိကအကြောင်းရင်းမှာ ထိခိုက်ဒဏ်ရာရရှိမှုကြောင့်ဖြစ်၏။ လမ်းပေါ်တွင် ထိခိုက်အနာတရဖြစ်ခြင်း၊ လိမ့်ကျခြင်း၊ အပူလောင်ခြင်း၊ အဆိပ်မိခြင်း၊ ရေနစ်ခြင်း၊ လက်နက်ဖြင့်အကြမ်းဖက်ခံရခြင်းတို့ကြောင့်ဖြစ်၏။ နှစ်စဉ် ဆယ်ကျော်သက် အမျိုးသမီး ၅ သောင်းခန့်မှာမူ ကိုယ်ဝန်ဆောင်ခြင်းနှင့်ကလေးမွေးဖွားခြင်းတို့ ကြောင့်ဖြစ်သည်။

### လူငယ်များနှင့် ကျန်းမာရေး

မြန်မာနိုင်ငံတွင် လူငယ်များအကြားအဖြစ်များသော ကျန်းမာရေးပြဿနာများမှာ မတော်တဆထိခိုက်ဒဏ်ရာရမှုများ၊ သံဓာတ်နှင့်ဖောလစ်အက်စစ်ချို့တဲ့သည့် အာဟာရဆိုင်ရာပြဿနာများ၊ မျိုးဆက်ပွားကျန်းမာရေးပြဿနာများ၊ မူးယစ်ဆေးဝါး၊ စိတ်ကျန်းမာရေးဆိုင်ရာပြဿနာများ၊ ကူးစက်တတ်သောရောဂါများ၊ ကျန်းမာရေးနှင့်မညီညွတ်သော လူနေမှုဘဝဆိုင်ရာပြဿနာများနှင့် လူကုန်ကူးခံရခြင်း၊ အကြမ်းဖက်ခံရခြင်းတို့ဖြစ်သည်။

ဆယ်ကျော်သက်များသည် ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှုလုပ်ငန်းများအတွက်၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကိုစားသုံးရန်လို၏။ အစားအစာကို အုပ်စု (၃)စု ခွဲထား၏။ ယင်းတို့မှာ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသောအစားအစာများ၊ ရောဂါကာကွယ်စေသောအစာများနှင့် အင်အားဖြစ်စေသောအစာများဖြစ်၏။ ဆယ်ကျော်သက်အရွယ်တွင် အစာအုပ်စု (၃)စုကို ညီညွတ်မျှတစွာ စားသောက်ကြရန်လိုအပ်၏။ သစ်သီးနှင့် ဟင်းသီးဟင်းရွက်ကိုများများစားပေးခြင်း၊ အာလူး၊ ခေါက်ဆွဲကဲ့သို့ ကဆီဓာတ်ပါသောအစာများကို သင့်တင့်စွာစားပေးခြင်း၊ နို့နှင့် နို့ထွက်ပစ္စည်းများအား အနည်းငယ်စီသောက်ခြင်း၊ အသားနှင့်ငါး၊ ကြက်သား၊ ဘဲသားနှင့် ကြက်ဥ၊ ဘဲဥများ၊ မြေပဲနှင့်ပဲတောင့်ရှည်များကိုစားပေးခြင်းတို့အပြင် ဆားဓာတ်နည်းသောအစားအစာကိုရွေးစားခြင်း၊ သကြားနှင့် အဆီပါသောအစားအစာများကို ဆင်ဆင်ခြင်ခြင်စားသုံးရန်လိုအပ်သည်။

အစားအစာကိုလုံလောက်စွာမစားပါက ခန္ဓာကိုယ်အလေးချိန်ကျဆင်းနိုင်ပြီး ခန္ဓာကိုယ်ဖွံ့ဖြိုးတိုးတက်မှုကိုနှောင့်နှေးစေ၏။ သင်ကြားလေ့လာမှုနှင့် လုပ်ဆောင်မှုစွမ်းအား ကျဆင်းစေ၏။ အမျိုးသမီးငယ်များတွင်မူ မွေးဖွားလာသည့်ကလေးမှာသေးငယ်ပြီး ကျန်းမာရေးချို့တဲ့စေ၏။ အစားအစာကို လိုအပ်သည်ထက်ပိုမိုစားသုံးပါကလည်း အစာတွင်ပါသော အဆီနှင့်သကြားဓာတ်မြင့်မားကာ ခန္ဓာကိုယ်အလေးချိန်တိုးစေ၏။ ယင်းသည် လူငယ်အရွယ်တွင်သာမက အသက်ကြီးအရွယ်ရောက်သည့်တိုင် ကျန်းမာရေးနှင့်လူမှုရေးပြဿနာများကို ရင်ဆိုင်ရတတ်၏။ သို့အတွက်ဆယ်ကျော်သက်အရွယ်တွင် ပုံမှန်ခန္ဓာကိုယ်ဖွံ့ဖြိုးမှုရှိစေရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို လိုအပ်သလို သင့်တင့်လျော်ညီစွာစားပေးရန်၊ အစားအစာကိုလိုအပ်သည်ထက် လွန်ကျူးစွာမစားကြရန် သတိပြုရမည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားပေးခြင်းသည် ဆယ်ကျော်သက်အရွယ်သာမက ဘဝတစ်လျှောက်လုံးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအကျိုးအမြတ်ရရှိစေ၏။ ကိုယ်လက်လှုပ်ရှားမှုဆိုရာ၌ အားကစား ပြုလုပ်သော ဘောလုံးကန်ခြင်း၊ ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်းကဲ့သို့ လှုပ်ရှားမှုများအပြင် နေ့စဉ်လမ်းလျှောက်ခြင်း၊ ကျောင်း၊ အလုပ်သို့ လမ်းလျှောက်သွားခြင်း၊ ပြန်ခြင်း၊ နေအိမ်တွင် ကြမ်းပြင်အား သန့်ရှင်းရေးလုပ်ခြင်း၊ တံမြက်လှည်းခြင်းစသည်တို့ကို လုပ်ဆောင်ရမည်။

### နေ့စဉ်တစ်နာရီ

ဆယ်ကျော်သက်အရွယ်တွင် ပုံမှန် မိနစ် ၆၀ ခန့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပေးပါက ရုပ်ပိုင်းဆိုင်ရာအကျိုးအမြတ်အဖြစ် အရိုးနှင့်ကြွက်သားများ ရှင်သန်ဖွံ့ဖြိုးစေပြီး ကိုယ်လက်ကျန်းမာမှုကိုဖြစ်စေ၏။ စိတ်ပိုင်းဆိုင်ရာအကျိုးအမြတ်အဖြစ် မိမိကိုယ်ကိုယုံကြည်မှုရှိလာ၏။ မြတ်နိုးတန်ဖိုးထားလာ၏။ အလုပ်နှင့်လေ့လာသင်ယူမှု စွမ်းဆောင်မှုကောင်းလာ၏။ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်း၊ စိုးရိမ်သောကဖြစ်ခြင်း၊ ဝမ်းနည်းခြင်းတို့ကို တည်ငြိမ်စွာဖြေရှင်းနိုင်၏။ လူမှုရေးအကျိုးအမြတ်အဖြစ် လူများနှင့်တွေ့ဆုံရင်းနှီးမှုရရှိနိုင်၏။ အားကစားနည်းများပြုလုပ်ခြင်းဖြင့် လိုက်နာရမည့်နည်းဥပဒေများ၊ ပူးပေါင်းဆောင်ရွက်မှု၊ အောင်မြင်မှုနှင့် ခုခံရင်ဆိုင်မှုများကို သိရှိနိုင်သည်။

ဆယ်ကျော်သက်အရွယ်အိမ်ထောင်မပြုမီ လိင်ဆက်ဆံမှုဖြစ်နိုင်၏။ ဆယ်ကျော်သက်များသည် ကိုယ်ဝန်မည်သို့ရရှိနိုင်သည်၊ လိင်မှတစ်ဆင့် ကူးစက်ရောဂါများ မည်သို့ရရှိနိုင်သည်ကို မသိရှိမီ လိင်ဆက်ဆံမှုပြုတတ်ကြ၏။ ဆယ်ကျော်သက်တို့အနေဖြင့် မိမိခန္ဓာကိုယ်အသက်အရွယ်အလိုက် မည်သို့ပြောင်းလဲနေသည်ကို နားလည်ရမည်။ မလိုချင်သောကိုယ်ဝန်နှင့် ကူးစက်ရောဂါများကို နားလည်သိရှိထားရမည်။ မလွှဲမရှောင်သာ ကြုံတွေ့ပါက မည်သို့ဖြေရှင်းရမည်ကိုလည်း သိရှိရန်လိုသည်။

ဆယ်ကျော်သက်အရွယ်သည် ဘဝတစ်လျှောက်အတွက် အလွန်ကြီးမားသော ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုဆက်ဆံရေးပိုင်းဆိုင်ရာပြောင်းလဲချိန်ဖြစ်၏။ ပြောင်းလဲမှုများသည် ပင်ပန်းဖိစီးမှုရှိနိုင်၏။ သာမန်အားဖြင့် စိုးရိမ်စိတ်၊ ဝမ်းနည်းစိတ်၊ စိတ်ဆိုးမှုစသည့် ခံစားချက်များရှိနိုင်၏။ အများအားဖြင့် ပြဿနာများကြောင့် သောကဗျာပါဒဖြစ်မှု၊ စိတ်ဓာတ်ကျဆင်းမှု၊ စိတ်ပိုင်းဆိုင်ရာနာကျင်မှုကို ခံစားရ၏။ ထို့ကြောင့် ထိခိုက်နစ်နာမှုများ ဖြစ်နိုင်၏။ မိမိကိုယ်ကိုသတ်သေသည့်အဖြစ်မျိုးရှိ၏။ အဆိုပါဝေဒနာများကို ထွက်ပေါက်ရှာသည့်အနေဖြင့် ဆေးလိပ်သောက်ခြင်း၊ အရက်နှင့် အခြားမူးယစ်ဆေးဝါးများကို သုံးစွဲလာနိုင်သည်။

### စူးစမ်းလိုသည့်အရွယ်

ဆယ်ကျော်သက်အရွယ်သည် စူးစမ်းလိုစိတ်၊ စမ်းသပ်လေ့လာလိုစိတ်ရှိသောအရွယ်ဖြစ်၏။ အများအားဖြင့် ဆေးလိပ်၊ အရက်နှင့်အခြားသောမူးယစ်ဆေးဝါးများကို စမ်းသပ်သုံးစွဲလိုကြ၏။ ထိုသို့သုံးစွဲလိုခြင်းမှာ ခံစားကြည့်လိုခြင်း၊ လူကြီးများလုပ်ဆောင်ချက်ကိုအတုယူလိုခြင်း၊ သူငယ်ချင်းအသိုင်းအဝိုင်းတွင် ဝင်ဆံ့ လိုခြင်း၊ လူကြီးများအားစိန်ခေါ်လိုခြင်းနှင့် ခံစားမှုများအား လျော့ကျစေရန် အတွက်ဖြစ်၏။ ဆေးလိပ်၊ အရက်နှင့် အခြားမူးယစ်ဆေးဝါးများသုံးစွဲခြင်းများသည် ဆယ်ကျော်သက်အရွယ်မှ လူကြီးဖြစ်သည့် အချိန်ကာလတစ်လျှောက် ကျန်းမာရေးထိခိုက်မှုကို ဖြစ်စေသည်။

ထိခိုက်ဒဏ်ရာရရှိမှုသည် ဆယ်ကျော်သက်များအား သေဆုံးမှုနှင့်မစွမ်းမသန်ဖြစ်ပွားမှုကို ဦးဆောင်လျက်ရှိ၏။ အများအားဖြင့် ဆယ်ကျော်သက်များ သေဆုံးမှုနှင့် ပြင်းပြင်းထန်ထန်ထိခိုက်မှုများသည် လမ်းပေါ်တွင် ထိခိုက်အနာတရဖြစ်မှုကြောင့်ဖြစ်၏။ ယင်းတွင် စက်ဘီးနှင့်မော်တော်ဆိုင်ကယ်စီးခြင်း၊ မော်တော်ကားမောင်းနှင်ခြင်း၊ လမ်းပေါ်စည်းကမ်းမဲ့ သွားလာခြင်းတို့ကြောင့်ဖြစ်၏။ ထို့အပြင် ရေနစ်ခြင်း၊ အမြင့်မှလိမ့်ကျခြင်း၊ နေအိမ်နှင့်လုပ်ငန်းခွင်အတွင်း ထိခိုက်အနာတရဖြစ်ခြင်းများကို တွေ့ရသည်။

အကြမ်းဖက်မှုနှင့်စော်ကားအနိုင်ကျင့်မှုသည် ဆယ်ကျော်သက်အရွယ်တွင် နာကျင်မှုနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုကိုဖြစ်စေ၏။ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လိင်မှုဆိုင်ရာထိခိုက်နာကျင်မှုဖြစ်ရ၏။ အဆိုပါကိစ္စများသည် အိမ်တွင်လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းတွင်လည်းကောင်း ဖြစ်ပွားနိုင်၏။ တချို့မှာ ကြိုတင်ပြင်ဆင်ကာကျူးလွန်ခြင်းမျိုးဖြစ်၏။ သိလျက်နှင့်ဖြစ်နိုင်သလို မည်သူမည်ဝါမသိဘဲလည်းဖြစ်၏။ အကြမ်းဖက်မှုနှင့် စော်ကားအနိုင်ကျင့်မှုများဖြစ်ပွားပါက ကြိုတင်ကာကွယ်နိုင်၏။ ထိုသို့ကာကွယ်ရန်အတွက် သိမ်မွေ့စွာဖြင့် ထိရောက်သောတုံ့ပြန်မှုပေးရမည်ဖြစ်သည်။

မိဘအုပ်ထိန်းသူများအနေဖြင့် ဆယ်ကျော်သက်အရွယ် မိမိ၏သားသမီးကို ဖျက်ဆီးနိုင်သည့်အပြုအမူများ ရှိ မရှိ ရှာဖွေကြည့်ရန်လိုအပ်သည်။ သောက်စားမူးယစ်ပြီးအိမ်ပြန်လာသလား၊ အိမ်ပြန်ချိန်မှန်ရဲ့လား၊ အစားအသောက်အချိန်မှန်ရဲ့လား၊ လောင်းကစားလုပ်နေသလား၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါသလား၊ ကွန်ပျူတာ၊ ဖုန်းတစ်လုံးနှင့်မနားတမ်း အလုပ်ရှုပ်နေသလား၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာမှုရှိရဲ့လား၊ လိင်မှုဆိုင်ရာကိစ္စရပ်များအပေါ် မှန်ကန်သောခံယူချက်ရှိရဲ့လား၊ အပေါင်းအသင်း သူငယ်ချင်းများတွင် အန္တရာယ်ရှိသော အကျင့်စရိုက်၊ အပြုအမူနှင့်ပြောဆိုဆက်ဆံမှုများရှိနေသလား။

ဖော်ပြပါအချက်အလက်များသည် မြီးကောင်ပေါက်အရွယ်ဆယ်ကျော်သက်များအတွက် မိဘ၊ ဆွေမျိုး၊ အုပ်ထိန်းသူ၊ အပေါင်းအသင်းတို့က တိုးတိုးတိတ်တိတ်တိုင်တိုင်ပင်ပင်ပြောဆိုစည်းရုံးကာ လမ်းညွှန်ပေးရမည့်အချက်များဖြစ်သည်။ ။



“ပုံမှန်ကိုယ်လက်လှုပ်ရှားပေးခြင်းသည် ဆယ်ကျော်သက်အရွယ်သာမက ဘဝတစ်လျှောက်လုံးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအကျိုးအမြတ်ရရှိစေ၏။ ကိုယ်လက်လှုပ်ရှားမှုဆိုရာ၌ အားကစားပြုလုပ်သော ဘောလုံးကန်ခြင်း၊ ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်းကဲ့သို့ လှုပ်ရှားမှုများအပြင် နေ့စဉ်လမ်းလျှောက်ခြင်း၊ ကျောင်း၊ အလုပ်သို့ လမ်းလျှောက်သွားခြင်း၊ ပြန်ခြင်း၊ နေအိမ်တွင် ကြမ်းပြင်အား သန့်ရှင်းရေးလုပ်ခြင်း၊ တံမြက်လှည်းခြင်းစသည်တို့ကို လုပ်ဆောင်ရမည်”

*✻ ကျောဖုံးမှ*

အစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

ဩဂုတ် ၃ ရက်တွင် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများ ဖြစ်ကြသည့် အိန္ဒိယ၊ ကနေဒါ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ အမေရိကန်နိုင်ငံတို့နှင့် ကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

**အာဆီယံ- ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေး လွှဲပြောင်း**

ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးအပြီးတွင် အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူး တာဝန်ကို မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံသို့ လွှဲပြောင်းခဲ့သည်။




**(၅၁)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**




**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံ-ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်စဉ်။**

အလားတူ အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူး တာဝန်ကို ပြည်ထောင်စုဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**အာဆီယံ-ကနေဒါ ညှိနှိုင်းရေးမှူးတာဝန် ထမ်းဆောင်မည်**

မြန်မာနိုင်ငံသည် အာဆီယံ-ကနေဒါ ဆွေးနွေးဖက် ဆက်ဆံရေး၏ ညှိနှိုင်းရေးမှူးတာဝန်ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအထိ ထမ်းဆောင်မည်ဖြစ်သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၄ ရက်တွင် (၁၉)ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၈)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၂၅)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဖိုရမ်၏ သီးသန့်အစည်းအဝေးနှင့် မျက်နှာစုံညီ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

**ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးသည် (၉)ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၈)ကြိမ်မြောက် မဲခေါင်-ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၁)ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဆိုင်ရာ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် မဲခေါင်-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများသို့လည်း တက်ရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် (၈)ကြိမ်မြောက် မဲခေါင်-ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

စင်ကာပူနိုင်ငံတွင် ရောက်ရှိနေစဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

**ရခိုင်ပြည်နယ်အရေးကိစ္စရှင်းလင်း**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး၊ အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးနှင့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်အစည်းအဝေးတို့တွင် ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို အလွတ်သဘောရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့ ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စ၏ သိမ်မွေ့ရှုပ်ထွေးမှုအခြေအနေ၊ အာဆာအကြမ်းဖက်အဖွဲ့၏ စတင်တိုက်ခိုက်မှုများကြောင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ ဖြစ်ပေါ်လာရသည့် အခြေအနေ၊ ကိုဖီအာနန် ဦးဆောင်သည့် အကြံပေးကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်မှု အခြေအနေ၊ မြန်မာနိုင်ငံ၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (UNDP) တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်တိုးတက်မှုများ၊ နှစ်နိုင်ငံ သဘောတူညီချက်များကို အကောင်အထည်ဖော်မှုမှတစ်ဆင့် နေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်ပို့ဆောင်ရေးအတွက် မြန်မာဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အဖြစ် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

**ပူးတွဲကြေညာချက်ထုတ်ပြန်**

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် (၅၁)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ရာ အဆိုပါကြေညာချက်တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အစီအစဉ်များနှင့်စပ်လျဉ်း၍ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ကူညီထောက်ခံသွားမည် ဖြစ်ကြောင်း၊ နားလည်မှုစာချွန်လွှာအား အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်တစ်ရပ် ရေးဆွဲနေသည့် လုပ်ငန်းအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုကြောင်း၊ ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်ရာတွင် အောင်မြင်တိုးတက်မှုများကို အသိအမှတ်ပြုပြီး မြန်မာအစိုးရမှ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်းကို ကြိုဆိုကြောင်း၊ ရခိုင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**




**(၁၉)ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

*❒ ကျောဖုံးမှ*

မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး တစ်မိနစ်မှာပင် မောင်မောင်စိုး ဖန်တီးပေးသည့် ဘောလုံးကို အောင်သူက ပထမဂိုးအဖြစ် သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ခြောက်မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဇော်မင်းထွန်းက ခေါင်းတိုက်သွင်းယူခဲ့သောကြောင့် ဒုတိယဂိုးရခဲ့သည်။

မြန်မာအသင်းသည် ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများကို အသုံးချနိုင်ခြင်းမရှိဘဲ မိနစ် ၃၀ တွင် ရာချာနတ်က မြန်မာနောက်ခံလူ ထိုက်ထိုက်အောင် အမှားမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။ မြန်မာအသင်းမှာလည်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရခဲ့ပြီး အောင်သူနှင့် စည်သူအောင်တို့ အပိုင်ကန်ခွင့်ရသော်လည်း အသုံးမချနိုင်၍ ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် တောင်ကိုရီးယား ယူ-၁၉ အသင်းက ဘာရိန်း ယူ-၂၃ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် တောင်ကိုရီးယား ယူ-၁၉ အသင်းသည် ချန်ပီယံဆုကို ရာနှုန်းပြည့်အနိုင်ရလဒ်ဖြင့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် တောင်ကိုရီးယား ယူ-၁၉ အသင်းက ကိုးမှတ်ဖြင့် ပထမရခဲ့ပြီး မြန်မာနှင့် ဘာရိန်းအသင်းတို့ လေးမှတ်စီတူညီကာ ဂိုးကွာခြားချက်တွင်ပါ တူညီခဲ့သော်လည်း မြန်မာအသင်းက သွင်းဂိုးသာသောကြောင့် ဒုတိယရခဲ့သည်။ ထိုင်းအသင်းသည် သုံးပွဲစလုံးရှုံးပြီး ဇယားအောက်ဆုံး၌ ရပ်တည်ခဲ့သည်။

မြန်မာနှင့် ထိုင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုရ အူဝမ်ဆန်(တောင်ကိုရီးယား)၊ အကောင်းဆုံးကစားသမားဆုရ ဟွမ်တေးဟွန်(တောင်ကိုရီးယား)၊ တတိယဆုရ ဘာရိန်း ယူ-၂၃ အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဒုတိယဆုရ မြန်မာ ယူ-၂၃ အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးဒေါ်လာ ၅၀၀၀၊ ပထမဆုရ တောင်ကိုရီးယား ယူ-၁၉ အသင်းအားတစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးဒေါ်လာ ၁၀၀၀၀ နှင့် ချန်ပီယံဆုဖလားတို့ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ညီမြတ်သော်တာ**

# ဂိုဏ်းပေါင်းစုံ သံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ် ဆင့်ပွားသင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော ဂိုဏ်းပေါင်းစုံ သံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ်ဆင့်ပွား သင်တန်းဆင်းပွဲကို ဩဂုတ် ၃ရက် နံနက်ပိုင်းက မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီဝင်းအတွင်း ကျင်းပ သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တနန္ဒဇောက၊ သင်တန်းနည်းပြဆရာတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတော် ဂေါပကအဖွဲ့ တာဝန်ရှိသူများက သင်တန်းတက်ရောက်ခဲ့ကြသည့် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။



အဆိုပါသင်တန်းတွင် သံဃနာယကလက်စွဲ၊ သံ၊ စည်း၊ လုပ်ထုံး၊ ဝိနိစ္ဆယလက်စွဲဝိနည်းဓမ္မကံ လုပ်ထုံး၊ လုပ်နည်း၊ ဝိနိစ္ဆယလက်စွဲစသည်တို့ကို သင်တန်းနည်းပြဆရာတော်၊ သံဃာတော်တို့က အသီးသီး သင်ကြားပို့ချပေးသွားပြီး သင်တန်းမှူးဆရာတော်များ၊ သင်တန်းကြီးကြပ် ဆရာတော်များက အနီးကပ်ကြီးကြပ်ပေးခဲ့ကြောင်းသိရသည်။

ထို့ပြင် သင်တန်းသို့ တက်ရောက်ကြသည့် သံဃာတော်များကို သင်တန်းဌာနသို့ကြို/ပို့ရေးကိစ္စများကို အဆင်ပြေစေရန် စီမံပေးခဲ့ပြီး သင်တန်းနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ၊ စာရေးကိရိယာများအား ဆုတောင်းပြည့် မယ်လမုစေတီတော် ဂေါပကအဖွဲ့နှင့် အလှူရှင်များက အခမဲ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သင်တန်းကို ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဂိုဏ်းပေါင်းစုံမှ သံဃာတော် ၁၂၆ ပါး၊ ဌာနဆိုင်ရာနှင့် လူပုဂ္ဂိုလ် ၅၆ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘောဇဘဏ်လီမိတက်မှ ကလေးဝတောရကျောင်းတိုက်သို့ ငွေကျပ်သိန်း ၅၀၀ ကျော်ဖိုးလှူဒါန်း

**ရန်ကုန် ဩဂုတ် ၅**

ကမ္ဘောဇဘဏ်လီမိတက်မိသားစု၏ (၁၆) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၄ ရက်နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်းနှင့် ဇနီးဒေါ်နန်းသန်းထွေး၊ အကြီးတန်းအတိုင်ပင်ခံပုဂ္ဂိုလ် ဦးသန်းညိန်၊ ဥက္ကဋ္ဌဦးမြသန်း၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်၊ အမှုဆောင်အရာရှိချုပ်Mr. Mike DeNoma၊ ဒုတိယအမှုဆောင်အရာရှိချုပ်များဖြစ်ကြသော ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်၊ အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းမိုဟွမ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကာ ကလေးဝတောရကျောင်းတိုက်နေ စာချစာသင်ရဟန်း၊ သာမဏေ၊ သီလရှင်စုစုပေါင်း ၈၂၂ ပါးအတွက် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုစုစုပေါင်း ကျပ် ၅၀၅ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

**နေသစ်ဦး**



# ထိုင်းနိုင်ငံ မယ်ဆိုင်လိုဏ်ဂူအတွင်းမှ ကယ်ထုတ်ခဲ့သည့် လူငယ် ၁၃ ဦးအနက် ရှင်သာမဏေဝတ် ၁၁ ပါး လူထွက်ခြင်းနှင့်အတူ ဂုဏ်ပြုပွဲကျင်းပ



**မယ်ဆိုင် ဩဂုတ် ၅**

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ လိုဏ်ဂူအတွင်း ပိတ်မိရာမှ ပြန်လည်ကယ်ထုတ်ခဲ့သည့် တောဝက်အကယ်ဒမီ လူငယ်ဘောလုံးအသင်း၏ အားကစားသမား၁၃ ဦးအနက် ရှင်သာမဏေဝတ် ၁၁ ပါး လူထွက်ခြင်းနှင့်အတူ ဂုဏ်ပြုပွဲကို လွိုင်ဘောင်းဘုန်းကြီးကျောင်း၊ ဓာတ်တော်စေတီ ဓမ္မာရုံတွင် ဩဂုတ် ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းတောဝက်ဘောလုံးအသင်း၏ လူငယ်အားကစားသမားများနှင့် နည်းပြအပါအဝင် ၁၃ ဦးအနက် ရှင်သာမဏေအဖြစ် ၁၁ ပါးနှင့် နည်းပြမှာ ရဟန်းဝတ်ပြီး စုစုပေါင်း ၁၂ ပါး သင်္ကန်းဝတ်ခဲ့ခြင်းဖြစ်ရာ ရှင်သာမဏေ ၁၁ ပါးမှာ ကိုးရက်ကြာသင်္ကန်းဝတ်ပြီးနောက် ပညာဆက်လက်သင်ကြားရန် လူထွက်ကြခြင်းဖြစ်သည်။ နည်းပြ ဖြစ်သူမှာ တစ်နှစ်ကြာ ဆက်လက်၍ ရဟန်းဝတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လူငယ်အားကစားသမားများ လိုဏ်ဂူအတွင်း ပိတ်မိနေစဉ် မယ်ဆိုင်မြို့မှ ရှာဖွေကယ်ဆယ်ပေးသူများနှင့် ထိုင်းနိုင်ငံနယ်စပ် မယ်ဆိုင်လိုဏ်ဂူနှင့် ဆက်စပ်နိုင်သည့် မြန်မာနိုင်ငံ တာချီလိတ်မြို့နယ်မှ လိုဏ်ဂူများရှိ ဝင်ပေါက်ထွက်ပေါက်များရှိနိုင်မည့် နေရာများအား ကူညီရှာဖွေပေးသည့် ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများကို ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင် သံဃနာယကနှင့်ဗုဒ္ဓဘာသာ သာသနာရေးဦးစီးဌာနက ယင်းနေ့ညနေပိုင်းတွင် မယ်ဆိုင်မြို့ ဒွိုင်းဝေါင်း (ဦးအောင်ဇေယျဘုရား) စေတီရင်ပြင်တော်၌ ကျေးဇူးတင်ဂုဏ်ပြုပွဲကို အခမ်းအနားဖြင့် ကျင်းပပေးသည်။ **(ဓါတ်ပုံ)**

ထိုအခမ်းအနား၌ တာချီလိတ်မြို့ရှိ ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အလင်းရောင်ပရဟိတအသင်း၊ ပုန်းထွန်ရပ်ကွက်နှင့် လွယ်တော်ခမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖွဲ့ အပါအဝင် အဖွဲ့ ၇ ဖွဲ့ကို ဖိတ်ကြားကာ ဂုဏ်ပြုခြင်းနှင့်အတူ " Thank You The Whole World " " ကမ္ဘာကြီး တစ်ခုလုံးသို့ ကျေးဇူး "ဟုအမည်ပေးထားသည့် လူငယ် ၁၃ ဦးကို ရှာဖွေခဲ့စဉ်က မှတ်တမ်းတင်ဓာတ်ပုံ ၄၀၀၀ ကျော်အား ပြသပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဒူးရင်းဆိပ်ကျေးရွာမှ ရေဘေးရှောင်ပြည်သူများအား ပစ္စည်းများပေးအပ်

**သထုံ ဩဂုတ် ၅**

သထုံမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ဒုံသမိချောင်းရေ မြင့်တက်လာသောကြောင့် ဘေးလွတ်ရာရွှေ့ပြောင်း နေထိုင်နေကြသည့် ဒူးရင်းဆိပ်ကျေးရွာမှ ဒေသခံ ပြည်သူများအား ဩဂုတ် ၅ ရက် နံနက်ပိုင်းက မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက တစ်ပတ်စာ အလှူငွေ၊ ဆန်နှင့် စားသောက်ဖွယ်ရာများကို ကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရာ ရွာလယ်ဓမ္မာရုံသို့ သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ကျေးရွာရေဘေးကယ်ဆယ်ရေးစခန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ရေဘေးရှောင်ပြည်သူများအား သန့်ရှင်းသပ်ရပ်စွာနေထိုင်ကြရေးနှင့် အားပေးစကားများ ပြောကြားပြီး မြို့နယ်ရေဘေးကယ်ဆယ်ရေးကြီးကြပ်ကွပ်ကဲမှုရုံးမှ ခွဲဝေထောက်ပံ့ပေးသည့် ဆန်အိတ် ၁၀၀၊ စားသုံးဆီ ၁၂ ဘူးပါ ၂၃ ဖာ၊ ကြက်သွန်နီ ခြောက်အိတ်၊ ကြက်သွန်ဖြူတစ်အိတ်၊ ဆား ၁၀ အိတ်၊ ငါးပိတစ်ဖာ၊ ရေသန့်ကတ် ၃၀၀၊ အာလူးနှစ်အိတ်၊ ငါးခြောက်တစ်အိတ်နှင့် အလှူရှင်တစ်ဦးမှ လှူဒါန်းသည့်ငွေကျပ် ၁၃၅၀၀ တို့ကို လည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးစည်သူစိုးက ဌာနမှထောက်ပံ့သည့် ငါးရက်စာဆန်ဖိုးငွေကျပ် ၆၆၃၀၀ ကို လည်းကောင်း ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ဒုံသမိချောင်းရေ မြင့်တက်လာသဖြင့် ဩဂုတ် ၅ ရက်အထိ ဒူးရင်းဆိပ်ကျေးရွာ ရပ်ကွက်သုံးခုမှ အနိမ့်ပိုင်းနေ အိမ်ထောင်စု ၉၄ စု၊ လူဦးရေ ၄၄၂ ဦးတို့ ဘေးလွတ်ရာ တပ်ဦးဘုန်းကြီးကျောင်းနှင့် ရွာလယ်ဇရပ်များသို့ ပြောင်းရွှေ့နေထိုင်ကြလျက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် တာဝန်ရှိသူတို့က လိုအပ်သည့် အကူအညီများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ရေဘေးရှောင်အိမ်ထောင်စု ၁၆၃ စုအား ထောက်ပံ့လှူဒါန်း

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၅**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရေဘေးရှောင် ပြည်သူ အိမ်ထောင်စု ၁၆၃ စု၊ လူဦးရေ ၇၀၅ ဦးအတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ထောက်ပံ့လှူဒါန်းသော ဆီ၊ ကြက်သွန်၊ အာလူး၊ ငါးခြောက်၊ ခေါက်ဆွဲခြောက်နှင့် သောက်ရေသန့်များကို တိုင်းမှူးကိုယ်စား ကြာအင်းဆိပ်ကြီးတပ်နယ်မှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦးက ရေဘေးရှောင်စခန်းဖွင့်လှစ်ထားရှိရာ မြို့နယ်မိခင်နှင့် ကလေးခန်းမ၌ ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီတွင် သွားရောက်ပေးအပ်ခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေဘေးရှောင်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိ ကျန်းမာရေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ တပ်ရင်းတပ်ဖွဲ့များကလည်း အသင့်စားထမင်းထုပ်များကို ပေးဝေလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**အောင်သူဟိန်း(ပြန်/ဆက်)**

# သက်ကြီးသမားတော်များအား ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

မြန်မာ့တိုင်းရင်းဆေး လောကဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် စွမ်းစွမ်းတမံကြိုးပမ်းခဲ့ကြသည့် တိုင်းရင်းဆေးသမားတော်၊ ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုသောအားဖြင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ ဒသမအကြိမ်မြောက် သက်ကြီးသမားတော်များအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ပရိဝုဏ်အတွင်းရှိ မဟာမုနိဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌဆရာကြီးဦးသောင်းနိုင်က အမှာစကားပြောကြားပြီး ပူဇော်ခံသက်ကြီးဆရာကြီး၊ ဆရာမကြီးများကို တက်ရောက်လာသူများက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြကာ ပူဇော်ခံသက်ကြီးသမားတော်များကိုယ်စား မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဆရာကြီး ဦးမောင်ညဏ်က ဆုံးမသြဝါဒနှင့်ဆုပေးစကား ပြောကြားသည်။

ဆက်လက်၍ ပူဇော်ခံသက်ကြီးသမားတော်ဆရာကြီး ဆရာမကြီးများအားကန်တော့ပစ္စည်းများဖြင့် ပူဇော်ကြကာသက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် လှူဒါန်းခဲ့ကြသည့်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းပူဇော်ကန်တော့ပွဲသို့ သက်ကြီး တိုင်းရင်းဆေးသမားတော်ဆရာကြီး ဆရာမကြီး ၁၅၁ ဦး ပူဇော်ကန်တော့ခံကြကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ရေဘေးသင့် နတ်ကြီးကျေးရွာအုပ်စုသို့ ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ 'ကမ်းလင့်မည့် လက်များ' ပရဟိတအဖွဲ့မှ ဦးဆောင်၍ ဩဂုတ် ၄ ရက်က သုံးခွမြို့သူမြို့သားများ၊ ရန်ကုန်ရောက်သုံးခွသားများ စုပေါင်းလှူဒါန်းသော လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများကို ဘီးလင်းမြို့နယ် နတ်ကြီးကျေးရွာအုပ်စုမှ ရေဘေးသင့်၊ ကရင်စု၊ ရှမ်းစု၊ ကွက်သစ်၊ ရွာမ၊ ရွှေလောင်းအင်း၊ ပျဉ်သာကျေးရွာများရှိ အိမ်ထောင်စုများကို တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၃၅၀၀ တန်ဖိုးရှိပစ္စည်းများကို အိမ်ထောင်စု ၇၀၇ စုအတွက် ငွေကျပ် ၉၅၄၄၅၀၀၊ ကျန်းမာရေးဌာနသို့ ငွေကျပ် ၁၃၀၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ အလယ်တန်းကျောင်း(ခွဲ)သို့ ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ ဗလာစာအုပ်နှင့် မုန့်မျိုးစုံ၊ ပိန္နဲတောစာသင်တိုက်၊ ဘီးလင်းမြို့အား ငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိ ဆန်ကြာဆံ၊ ဆီ၊ ငါးသေတ္တာစသည့် ပစ္စည်းမျိုးစုံနှင့် လယ်စောလော့ ကျေးရွာရှိ အိမ်ထောင်စု ၁၂၀ အား ငွေကျပ် ၉၀၀၀၀၀ တန်ဖိုးရှိ ဆန်အပါအဝင် လူသုံးကုန်စားသောက်ကုန်၊ အထွေထွေပစ္စည်းမျိုးစုံကို ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ပေးဝေလှူဒါန်းခဲ့ကြောင်း သိရှိရပြီး စုစုပေါင်း ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၁၀၈၉၄၅၀၀ ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်း**

# မိုးကောင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက်လမ်း ပျက်စီး



**မိုးကောင်း ဩဂုတ် ၅**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ဩဂုတ် ၅ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေများ တိုက်စားကာ ရေရှင်-စံပါရီ-မရန်ကထောင် ကျေးရွာချင်းဆက် ကျောက်ချောလမ်းပျက်စီးပြီး လီဒိုလမ်းမကြီးဘေး တောင်ကမ်းပါးယံ ပြိုကျခဲ့၍ လတ်တလော သွားလာရေး အဆင်ပြေစေရန် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက မိုးကောင်းမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးကောင်းမြို့နယ် ရေရှင်ကျေးရွာအုပ်စု အောက်ရေရှင်ကျေးရွာရှိ ရေရှင်-စံပါရီ-မရန်ကထောင် ကျေးလက်လမ်း ဦးစီးဌာနပိုင် ကျေးရွာချင်းဆက် ကျောက်ချောလမ်းအား နွယ်နီချောင်း ရေလျှံကာ ရေတိုက်စားမှုကြောင့် အရှည် ပေ ၂၀ ခန့်၊ အနက် ငါးပေခန့် ပျက်စီးသွားခဲ့သည်။**(အပေါ်ယာပုံ)**

အဆိုပါ ချောင်းရေတိုက်စား၍ ပျက်စီးသွားသည့် လမ်းနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်အောင်နှင့် နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများ လတ်တလောသွားလာမှု အဆင်ပြေစေရန်နှင့် အန္တရာယ်ကင်းရှင်းစေရန် လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်ပေးခဲ့ကာ ပျက်စီးသွားသည့် လမ်းပိုင်းကို မနောမြင့်မိုရ်ကုမ္ပဏီက တာဝန်ယူ ပြန်လည်ပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ယနေ့နံနက်ပိုင်းက လီဒိုလမ်းမကြီးပေါ်ရှိ ကီလိုမီတာ ၁၄ နှင့် ၁၅ ကြား လွယ်လီယံကျေးရွာအနီး နမ္မတီးမှ တနိုင်းဘက်အသွား မကောက်ဇွတ်တောင်ခြေတွင် လမ်း၏ ယာဘက်ခြမ်းသို့ တောင်ကမ်းပါးယံမြေသားများ ပြိုကျခဲ့၍ မြောက်ပိုင်းတော်ဝင်ကုမ္ပဏီက ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယနေ့ မွန်းလွဲ ၁ နာရီ တိုင်းထွာချက်များအရ မိုးကောင်းမြို့နယ်အတွင်း မိုးရေချိန် ၃ ဒသမ ၁၅ ရွာသွန်းကာ နန့်ရင်းချောင်း၏ စိုးရိမ်ရေမှတ် ၆၀၀ အထက် ၅၀ စင်တီမီတာ ကျော်လွန်ကာ ၆၅၀ စင်တီမီတာသို့ ရောက်ရှိနေပြီး နန့်ကောင်းချောင်း၏ စိုးရိမ်ရေမှတ် ၆၀၀ အထက် ၃ စင်တီမီတာ ကျော်လွန်ကာ ၆၀၃ စင်တီမီတာသို့ ရောက်ရှိနေကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကော့ကရိတ်မြို့၌ မိုးစပါးစိုက်ပျိုးပြီး လယ်မြေ ၁၈၈၇၅ ဧကတွင် ရေကြီးနစ်မြုပ်မှုကြောင့် ၂၁၅၅ ဧက ပျက်စီး

**ကော့ကရိတ် ဩဂုတ် ၅**


ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များသည် ရေကြီးနစ်မြုပ်နေသည့် လယ်ယာမြေများ ပြန်လည်ထူထောင်ရေး နည်းပညာပေး ဆွေးနွေးပွဲများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး ရေပြန်ကျပါက လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် မျိုးစပါးများနှင့် ပံ့ပိုးပစ္စည်းများ ပြန်လည်ထောက်ပံ့ပေးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြပြီး ရေကြီးနစ်မြုပ်နေသည့် လယ်မြေများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကော့ကရိတ်မြို့နယ်တွင် မိုးကြီးရေလျှံမှုကြောင့် မိုးစပါးဧက ၅၀၀၀ ကျော် ရေကြီးနစ်မြုပ်လျက်ရှိကြောင်း၊ ကမ်းနီကျေးရွာတွင် ဟောင်သရောမြစ်ရေကြီးမှုကြောင့် မိုးစပါး ၂၃၅ ဧကမှာ ဇူလိုင် ၂၃ ရက်ကစတင်၍ ရေနစ်မြုပ်သည့်အတွက် ရေလွှမ်းသီးနှံများ ပြန်လည်ထူထောင်ရေးနှင့် အစားထိုးစိုက်ပျိုးနိုင်ရေး နည်းပညာပေး ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ယခင်ရက်များကလည်း ရေကြီးနစ်မြုပ်နေသည့် နောင်ထပ္ပံ၊ နဘူးတံခွန်တိုင်၊ မိဂလုံကျေးရွာများသို့လည်း နည်းပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍လည်း တောင်သူများအား နည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံအရာရှိက ပြောကြားခဲ့သည်။


ကော့ကရိတ်မြို့အတွင်း ဇူလိုင် ၂၃ ရက်မှစတင်၍ လူနေအိမ်များနှင့် လယ်မြေများ ရေနစ်မြုပ်လျက်ရှိရာ မိုးစပါးစိုက်ပျိုးပြီး ဧက ၁၈၈၇၅ တွင် ဩဂုတ် ၄ ရက်အထိ လယ်မြေဧက ၄၆၃၅ ဧကမှာ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ခဲ့ပြီး ၂၁၅၅ ဧကမှာ ပျက်စီးခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**


ပဲခူးတိုင်းဒေသကြီး၊ မဒေါက်မြို့၊ စစ်တောင်းမြစ်ရေ အခြေအနေ





ကရင်ပြည်နယ်၊ ဘားအံမြို့၊ သံလွင်မြစ်ရေ အခြေအနေ




ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့၊ ငဝန်မြစ်ရေ အခြေအနေ




စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့၊ ချင်းတွင်းမြစ်ရေ အခြေအနေ




# လှိုင်သာယာမီးခွက်ဈေး-၂ လမ်းပေါ် ဈေးသည်တို့ကြောင့် အချိန်ကြာမြင့်စွာ လမ်းပိတ်ဆို့မှုဖြစ်

ရန်ကုန် ဩဂုတ် ၅

**ရန်ကုန်မြို့၏ လူဦးရေအများဆုံးနေထိုင်ရာ လှိုင်သာယာမြို့နယ်သည် စက်မှုမြို့ဖြစ်သောကြောင့် မြန်မာပြည်အနှံ့မှ စက်ရုံအလုပ်သမားများ လာရောက်အလုပ်လုပ်ကိုင်လျက်ရှိရာ ဩဂုတ် ၅ ရက် နံနက်ပိုင်းက မီးခွက်ဈေးမီးပွိုင့်အောက်နှင့် မီးခွက်ဈေးလမ်းမတစ်လျှောက်ရှိ လမ်းပေါ်ဈေးသည်တို့ကြောင့် ဈေးဝယ်လာသောပြည်သူတို့မှာ လမ်းပိတ်ဆို့မှု လေးနာရီကျော်ကြာ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။**



**လစာထုတ်ရက်**

လှိုင်သာယာစက်မှုဇုန်များရှိ စက်ရုံအများစုမှာ လကုန်ပြီး ငါးရက်တွင် လစာထုတ်ပေးလေ့ရှိရာ ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်၍ ဩဂုတ် ၄ ရက်က လုပ်ခလစာထုတ်ပေးခဲ့၍ စက်ရုံပိတ်ရက်ဖြစ်သည့် တနင်္ဂနွေနေ့တွင် စက်ရုံအလုပ်သမားများ ဈေးဝယ်လာကြသည့်အတွက် မီးခွက်ဈေးလမ်းမကြီးမှာ အထူးပင် ဈေးဝယ်သူတို့ဖြင့် စည်ကားခဲ့ခြင်းဖြစ်ပြီး ကျန်သောရက်များတွင်လည်း တနင်္ဂနွေနေ့မှာ ဈေးရောင်းဈေးဝယ် စည်ကားသောနေ့ဖြစ်သောကြောင့် ဈေးသည်တို့ အထူးအားထားရောင်းချရသောနေ့ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ညောင်တုန်း ကားလမ်းပေါ်ရှိ မီးခွက်ဈေး မီးပွိုင့်တွင် လမ်းပေါ်ဈေးသည်များနှင့် စည်းကမ်းမဲ့ယာဉ်များ ရပ်နားခြင်း၊ ဆိုင်ကယ်ကယ်ရီနှင့် တက္ကစီများ ဂိတ်ထိုးခြင်းတို့ကြောင့် ဈေးသို့လာသောပြည်သူများ သွားလာရေး ပိတ်ဆို့လျက်ရှိပြီး မီးပွိုင့်အောက်မှ သစ်သီးဈေးသည်တို့ကြောင့် လူနှင့် ယာဉ်သွားလာရေး အခက်အခဲကြုံတွေ့နေရလျက်ရှိသည်။

"ဩဂုတ် ၄ ရက် မနက်က ခါးပိုက်နှိုက် အမျိုးသမီးတစ်ဦးကို မိသွားသေးတယ်။ လူသွားလမ်းက စိန်ပန်းမြိုင်လမ်းမှာ လေးပေအကျယ်နဲ့ မီးခွက်ဈေးလမ်းမှာဆိုရင် ခြောက်ပေနီးပါးပဲ ကျယ်တော့တယ်။ အစတုန်းက လမ်းအကျယ်ကြီးပဲ။ စိန်ပန်းမြိုင်ပတ်လမ်း ရေနုတ်မြောင်းဘေးက လမ်းပေါ်ဈေးဆိုင်တွေ တိုးချဲ့ဆောက်ပြီး ပြန်ငှားစားတာက လစဉ်ဝင်ငွေရတော့ သူဆောက်၊ ကိုယ်ဆောက်နဲ့ စည်ပင်မြေ လုံးဝမကျန်တော့ဘူး။ စည်ပင်ကလာရှင်းရင်လည်း ဈေးသည်တွေက ဘယ်ကလူတွေ ခေါ်လို့ ရောက်လာမှန်းမသိဘူး။ စည်ပင်တွေ ပြန်သွားရတာ များတယ်။ ဌာနဆိုင်ရာနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မီးခွက်ဈေးလမ်းမကြီး ဖြောင့်ဖြူးရှင်းလင်းနေတာကို ပြန်မြင်ရနိုင်တယ်"ဟု မီးခွက်ဈေးလမ်းမကြီးရှိ စတိုးဆိုင်ပိုင်ရှင် ဦးမြင့်ဦးက ပြောသည်။

**အစည်ကားဆုံးဈေး**

လှိုင်သာယာမြို့နယ်တွင် မီးခွက်ဈေးသည် အစည်ကားဆုံးဈေးကြီးတစ်ဈေးဖြစ်ပြီး ဈေးမျက်နှာစာမှအပ ဈေးဝန်းကျင်တွင်လည်း လမ်းပေါ်ဈေးသည်နှင့် ဆိုင်ကယ်၊ ဆိုက်ကားတို့ကြောင့် နေ့စဉ်နံနက်၊ ညနေသွားလာရေး အခက်အခဲကြုံတွေ့နေရလျက်ရှိရာ ယနေ့တိုင် ရှင်းလင်းစွာ ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် ကျူးကျော်ဈေးသည်များမှာ နေရာများကို လက်လွှဲရောင်းချခြင်း၊ မြေလွတ်မကျန် လမ်းဘေးဈေးဆိုင်များကို တိုးချဲ့ဆောက်၍ ငှားရမ်းခြင်းတို့ဖြင့် စီးပွားရေးလုပ်ငန်းသဖွယ် အမြစ်တွယ်လာလျက်ရှိကြောင်း သိရသည်။

**(၁၆၄)၊ ဓာတ်ပုံ -သစ္စာ**

# မြိတ်မြို့နယ် ဘာသာရေးအဖွဲ့လေးဖွဲ့မှ တနင်္သာရီ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**တနင်္သာရီ ဩဂုတ် ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဇူလိုင် ၁၅ ရက်မှစ၍ ယနေ့အထိ တနင်္သာရီမြစ်ရေထပ်ကြီးလျက်ရှိရာ မြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်း ခုနစ်နေရာတွင် ခိုလှုံနေကြရသော ပြောင်းရွှေ့အိမ်ထောင်စု ၁၂၀၃ စုတို့မှ ရေဘေးသင့်ပြည်သူ စုစုပေါင်း ၆၁၁၆ ဦးတို့အတွက် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် မိတ်ပြည်သူများက ငွေနှင့် စားသောက်ဖွယ်ရာများ နေ့စဉ်လှူဒါန်းပေးလျက်ရှိသည်။

ဩဂုတ် ၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က မြိတ်မြို့ပီတိကုသိုလ် အရေးပေါ်လူနာတင်ယာဉ်ကူညီမှုအသင်းမှ ဦးအင်သန်း၊ မြိတ်မြို့ ဗုဒ္ဓဘာသာအဖွဲ့မှ သံသရာအေးပရဟိတကျောင်း ဆရာတော် အရှင်ဦးသုဇာတ၊ ဟိန္ဒူဘာသာမှ မြိတ်မြို့ပလောက်စုကျောင်းဆရာ ဦးလှငွေ၊ အစ္စလာမ်ဘာသာ မြိတ်မြို့ထုံးဖိုဗလီမှ ဆရာတွာဟာနှင့် ခရစ်ယာန်ဘာသာတွင် မြိတ်မြို့ နှစ်ချင်းခရစ်ယာန်ကျောင်း သင်းအုပ်ဆရာ ဦးကျော်စိန်တို့ ဦးဆောင်သော ဘာသာပေါင်းစုံမှအဖွဲ့သားများက စုစုပေါင်း အလှူငွေကျပ် ၃၁၅၀၀၀၀ ကို လှူဒါန်းပေးအပ်ရာ တိုင်းဒေသကြီး အမှတ်(၂) ကိုယ်စားလှယ် ဦးရဲမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်တို့က လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဘာသာပေါင်းစုံအဖွဲ့သည် တနင်္သာရီမြို့နယ် ပဝကျေးရွာအုပ်စု၊ အရှေ့မော်တုန်းကျေးရွာအုပ်စုနှင့် အနောက်မော်တုန်းကျေးရွာအုပ်စုတို့ရှိ ရေဘေးသင့်ပြည်သူများအား ငွေကျပ်သိန်း ၆၀ ခန့် တန်ဖိုးရှိ ငါးပြည်ဝင်ဆန်အိတ် ၅၅၀၊ ငါးသေတ္တာဘူး ၁၀၀ စီပါသည့် ၅၄ ပါကင်နှင့် ရေသန့်ဘူးများ၊ မာမားခေါက်ဆွဲများကို ၎င်းတို့အဖွဲ့လေးဖွဲ့ ပူးပေါင်းလျက် ကိုယ်တိုင်သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# Protech တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

၂၀၁၈ခုနှစ် Protech တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲများကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင် အားကစားရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမျိုးသားတစ်ဦးချင်း အကြီးတန်း၊ အမျိုးသမီးတစ်ဦးချင်းအကြီးတန်းပြိုင်ပွဲ၊ အမျိုးသား / အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် သက်ကြီးတန်း ဗိုလ်လုပြိုင်ပွဲများကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အားကစားသမားများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အားပေးစကားပြောကြားသည်။

ဆက်လက်ပြီး အသက်ကိုးနှစ်အောက်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက်ကိုးနှစ်အောက် အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ၊ အသက် (၁၁) နှစ်အောက် အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ၊ အသက် (၁၃) နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် (၁၃) နှစ်အောက် အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၁၅)နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့်နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၁၅) နှစ်အောက်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၇) နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် (၁၇)နှစ်အောက် အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အသက်(၁၉)နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် (၁၉) နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ သာမန်တန်း အမျိုးသမီးတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်းအမျိုးသားတစ်ဦးချင်း ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိသည့် အားကစားသမားများကို အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ချုပ်နာယက ဦးကြည်ညွှန့်တို့က အားကစားအသုံးအဆောင်ပစ္စည်းများ၊ ဆုတံဆိပ်များကို ချီးမြှင့်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမျိုးသားအကြီးတန်းပြိုင်ပွဲ၌ ပထမ အာကာဘုန်းမြတ်၊ ဒုတိယချမ်းဝင်းဦး၊ ပူးတွဲတတိယ ဟိန်းစည်သူတိုးနှင့် စိုးဝမ်းဖစ်တို့ကိုလည်းကောင်း၊ အမျိုးသမီးအကြီးတန်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမသက်ထားသူဇာ (ငှက်ခါး)၊ ဒုတိယ တွယ်တာဦးနှင့် တတိယ ခိုင်သဥ္ဇာတို့ကိုလည်းကောင်း၊ အမျိုးသား / အမျိုးသမီးအကြီးတန်း (Mixed) နှစ်ယောက်တွဲပြိုင်ပွဲ၌ ပထမ ချမ်းဝင်းဦးနှင့်သက်ထားသူဇာအတွဲ၊ ဒုတိယ ဟိန်းစည်သူတိုးနှင့် တွယ်တာဦးအတွဲ၊ အောင်မျိုးသန့်နှင့် အေးသီတာကျော်အတွဲတို့ကို Protech



အားကစားပစ္စည်းများနှင့် ဆုတံဆိပ်များကို ချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဒိုင်လူကြီးများ ကော်မတီဥက္ကဋ္ဌ ဦးရော်ဘင်တင်မှ နှစ်ယောက်ပေါင်း အသက်(၁၀၀)နှစ် နှစ်ယောက်တွဲပြိုင်ပွဲ၌ ပထမ ဦးအောင်ပိုင်နှင့် N. ကိုကြီး အတွဲ၊ ဒုတိယထွန်းမောင်နှင့်စိုးမြင့်အတွဲ၊ ပူးတွဲတတိယ အောင်ဇော်မြင့်နှင့်မျိုးကျော်သူအတွဲနှင့် စိုးသန်းနှင့်သူရိန်အတွဲတို့အား ဆုတံဆိပ်နှင့် အားကစားပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**အေကေလင်း**

# မြန်မာ၊ ဂျပန်၊ ထိုင်းလူငယ်အသင်းများယှဉ်ပြိုင်မည့် လူငယ်ဘောလုံးပြိုင်ပွဲ ယနေ့စတင်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၅**

မြန်မာ၊ ဂျပန်၊ ထိုင်းလူငယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် လူငယ်ဘောလုံးပြိုင်ပွဲဖြစ်သော MFF U-14 Football Tournament ပြိုင်ပွဲကို ဩဂုတ် ၆ ရက် (ယနေ့) နံနက်ပိုင်းမှစ၍ သုဝဏ္ဏ မြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို မြန်မာနှင့်ဂျပန်မှ အကယ်ဒမီအသင်းများနှင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး ထိုင်းအသင်းမှာ မူ ယူ-၁၄ လူငယ်လက်ရွေးစင်အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) နှင့် (ပုသိမ်) အသင်း၊ ဂျပန်နိုင်ငံမှ ဖူကူရှီးမားအကယ်ဒမီအသင်း၊ ထိုင်း ယူ-၁၄ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၉ ရက်အထိ နေ့စဉ်ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများအဖြစ် ဩဂုတ် ၆ ရက် (ယနေ့) နံနက် ၈ နာရီတွင် မန္တလေးအကယ်ဒမီ (မြန်မာ) နှင့် ထိုင်း ယူ-၁၄ အသင်း၊ ညနေ ၃ နာရီခွဲတွင် ပုသိမ်အကယ်ဒမီ (မြန်မာ) နှင့် ဖူကူရှီးမားအကယ်ဒမီ (ဂျပန်)၊ ဩဂုတ် ၇ ရက် နံနက် ၈ နာရီတွင် မန္တလေး အကယ်ဒမီ (မြန်မာ) နှင့် ပုသိမ်အကယ်ဒမီ (မြန်မာ)၊ ညနေ ၃ နာရီခွဲတွင် ထိုင်း ယူ-၁၄ အသင်းနှင့် ဖူကူရှီးမားအကယ်ဒမီ (ဂျပန်)၊ ဩဂုတ် ၈ ရက် နံနက် ၈ နာရီတွင် ဖူကူရှီးမားအကယ်ဒမီ (ဂျပန်) နှင့် မန္တလေးအကယ်ဒမီ (မြန်မာ)၊ ညနေ ၃ နာရီခွဲတွင် ပုသိမ်အကယ်ဒမီ (မြန်မာ) နှင့် ထိုင်း ယူ-၁၄ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲများအပြီးတွင် အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲနှင့် အမှတ်အနည်းဆုံးနှစ်သင်းမှာ တတိယလုပွဲကစားရမည်ဖြစ်သည်။ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မန္တလေး၊ ရန်ကုန်နှင့် ပုသိမ်မြို့တွင် ဘောလုံးအကယ်ဒမီများ တည်ထောင်ကာ လူငယ်ကစားသမားများအား ပြုစုပျိုးထောင်ပေးလျက်ရှိပြီး ယခုပြိုင်ပွဲတွင် မန္တလေးနှင့် ပုသိမ်မှ အသင်းများဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

# ကွန်မြူနတီဒိုင်း မန်စီးတီးဆွတ်ခူး

ပရီမီယာလိဂ်ရာသီမစခင် ရာသီအကြိုပြိုင်ပွဲဖြစ်သည့် ကွန်မြူနတီဒိုင်းပြိုင်ပွဲကို ယနေ့ညပိုင်းက ဝင်ဘလေကွင်း၌ ချယ်လ်ဆီးနှင့်မန်စီးတီးတို့ကစားရာ မန်စီးတီးက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နှစ်သင်းစလုံး ရာသီအကြိုကာလတွင် လူအင်အားဖြည့်တင်းပြင်ဆင်ထားပြီး ချယ်လ်ဆီးနည်းပြ ဆာရီအနေဖြင့် ရာသီအဖွင့် မျက်နှာပန်းလှရေး ပြင်ဆင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့ရသည်။

မန်စီးတီးအတွက်အနိုင်ဂိုးများကို တိုက်စစ်မှူး အဂူရိုက ပထမပိုင်းပွဲချိန် ၁၃ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူပေးပြီး ဒုတိယဂိုးကိုလည်း ပွဲချိန် ၅၈ မိနစ်တွင် အဂူရိုကပင် သွင်းယူပေးခဲ့သည်။ ယခုပွဲအနိုင်ကြောင့် ပရီမီယာလိဂ်ချန်ပီယံမန်စီးတီးအနေဖြင့် ရာသီသစ်တွင် ချန်ပီယံဖြစ်ရေးအတွက် အင်အားဖြစ်ခဲ့သည်။

**သီဟ**

# ဆီမီးဖိုင်နယ်တက်ခွင့်တစ်နေရာ မြန်မာနှင့် ဗီယက်နမ် ယူ-၁၆ အသင်း ယနေ့ ကစားမည်

**ရန်ကုန် ဩဂုတ် ၅**

၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးနေ့ကို ဩဂုတ် ၆ ရက် **(ယနေ့)** တွင် အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်တက်ခွင့်တစ်နေရာအတွက် မြန်မာနှင့် ဗီယက်နမ် ယူ-၁၆ အသင်းတို့ အဆုံးအဖြတ်ကစားရမည်ဖြစ်သည်။

ယင်းအုပ်စုတွင် တစ်ပွဲကစားရန်ကျန်သေးသော်လည်း အိမ်ရှင် အင်ဒိုနီးရှားအသင်းက လေးပွဲစလုံးအနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ပြီး လက်ကျန်တစ်နေရာအတွက် ကိုးမှတ်စီရထားသည့် ဗီယက်နမ်နှင့် မြန်မာအသင်းတို့ အပြိုင်ဖြစ်နေခြင်းဖြစ်သည်။ အုပ်စုနောက်ဆုံးနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မြန်မာနှင့် ဗီယက်နမ်၊ တီမောနှင့် ဖိလစ်ပိုင်၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနှင့် ဗီယက်နမ်အသင်းတို့မှာ ဆီမီးဖိုင်နယ်တက်ခွင့်အတွက် အဆုံးအဖြတ်ကစားရမည်ဖြစ်ပြီး ဂိုးကွာခြားချက်တွင် အသာရထားသည့် မြန်မာအသင်းသည် သရေကစားရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းသည် ဂိုးကွာခြားချက်နည်းသောကြောင့် ဆီမီးဖိုင်နယ်တက်ခွင့်အတွက် မြန်မာအသင်းကို မဖြစ်မနေ အနိုင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် တီမောကို သုံးဂိုး-နှစ်ဂိုး၊ ဖိလစ်ပိုင်ကို ခုနစ်ဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားပြီး အင်ဒိုနီးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဗီယက်နမ်အသင်းမှာမူ ကမ္ဘောဒီးယားကို တစ်ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်ကို ခြောက်ဂိုး-တစ်ဂိုး၊ တီမောကို လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ရထားပြီး အင်ဒိုနီးရှားအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ယင်းပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်အုပ်စုအဆင့်မှ ထွက်ခဲ့ရသည့် အစဉ်အလာဆိုးကို ချေဖျက်နိုင်ရန် ယခုပြိုင်ပွဲတွင် ကြိုးပမ်းရမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ဆီဗီလာအသင်းသည် အသက် (၂၈နှစ်) အရွယ် စပိန် ဗဟိုခံစစ်ကစားသမား အဲလက်ဇ် ဗီဒယ်ကို ပေါင် ၉ ဒသမ ၃၅ သန်းဖြင့် ပြန်လည်ခေါ်ယူရန်အတွက် ဘာစီလိုနာအသင်းနှင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ဗီဒယ်သည် ၂၀၁၅ ခုနှစ်တွင် ဆီဗီလာအသင်းမှ ဘာစီလိုနာအသင်းသို့ ရောက်ရှိလာပြီးနောက် အသင်းအတွက် ၄၉ ပွဲ ကစားထားကာ လေးဂိုးသွင်းယူပေးထားကြောင်း သိရသည်။ ၎င်းသည် ဘာစီလိုနာအသင်းနှင့်အတူ လာလီဂါဖလား နှစ်ကြိမ်၊ ကိုပါဒယ်ရေးဖလားသုံးကြိမ်၊ စပိန်စူပါဖလား၊ ဖီဖာကလပ်ကမ္ဘာ့ဖလားနှင့် ဥရောပစူပါဖလားတို့ကို ရရှိထားသူဖြစ်ကြောင်းလည်း သိရသည်။
- မန်ယူအသင်းသည် တော့တင်ဟမ်အသင်းမှ အသက် (၂၉နှစ်) အရွယ် ဘယ်လ်ဂျီယံနောက်ခံကစားသမား အယ်ဒါဝီလ်ရယ်ကို ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းသည် အာဆင်နယ်အသင်းမှ အသက် (၂၇နှစ်) အရွယ် ဝေးလ်ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးကို ပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန် လျာထားကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- မန်ယူအသင်းသည် အသက်(၂၂နှစ်)အရွယ် ပြင်သစ်တောင်ပံကစားသမား မာရှယ်ကို ချယ်လ်ဆီးအသင်းမှ အသက် (၂၉နှစ်) အရွယ် ဘရာဇီးတောင်ပံကစားသမား ဝီလီယံနှင့် အပြန်အလှန်လဲလှယ်ရန် ချယ်လ်ဆီးသို့ ကမ်းလှမ်းမှုတစ်ရပ် ပြုလိမ့်မည်ဖြစ်ကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါကစားသမားနှစ်ဦးသည် စိန်ခေါ်မှုအသစ်များရှာဖွေရန်အလို့ငှာ အသင်းမှ ထွက်ခွာခြင်နေကြကြောင်းလည်း သိရသည်။
- ဝုဖ်အသင်းသည် ဘက်ရှီးတပ်စ်အသင်းမှ ခရိုအေးရှားနောက်ခံကစားသမား ဗီဒါ (၂၉ နှစ်) ကို ပေါင် ၁၆ သန်းဖြင့် ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်လိုက်ကြောင်း တူရကီဘက်ကလာသော သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- လက်စတာစီးတီးအသင်းသည် အသက် (၂၆နှစ်) အရွယ် မိုနာကိုအသင်းမှ အယ်လ်ဂျီးရီးယား တောင်ပံကစားသမား ရာရှစ်ဂီဇယ်လ်ကို ခေါ်ယူရန် နီးကပ်လာပြီဖြစ်ကြောင်း အီးအက်စ်ပီအင်န်၏ ဖော်ပြချက်အရ သိရသည်။ ၎င်းကို ဝက်ဖို့ဒ်နှင့် ဆောက်သမ်တန်အသင်းတို့ကလည်း ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်းလည်း သိရသည်။
- တော့တင်ဟမ်နှင့် ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဒမ်ဘီလီ (၃၁နှစ်) သည် အင်တာမီလန်သို့ ပြောင်းရွှေ့ခွင့်တစ်ရပ်ကို ပယ်ချလိုက်ကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- အေစီမီလန်အသင်းသည် လာဇီယိုအသင်းမှ ဆားဘီးယားကွင်းလယ်ကစားသမား ဆာဂျီ မီလန်ကိုဗစ်- ဆာဗစ် (၂၃နှစ်) ကို ပေါင် ၁၀၆ ဒသမ ၉ သန်းဖြင့် ကမ်းလှမ်းသွားရန် ပြင်ဆင်နေကြောင်း အီတလီဘက်ကလာသော သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

# ၂၀၁၈ ခုနှစ် အာရှကလပ် (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၈ ခုနှစ် အာရှကလပ် အမျိုးသားဘော်လီဘော ပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစား (B) ရုံနှင့် (C) ရုံတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးခဲ့သည်။




ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၁ နာရီခွဲက ယှဉ်ပြိုင်ကစားကြရာ မြန်မာကလပ် ASIA WORLD အသင်းက တရုတ်ကလပ် SICHUAN အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ထိုင်းကလပ် နာခွန်ရတ်ချန်စီမာအသင်းက တရုတ် (တိုင်ပေ) ကလပ် LONG POWER အသင်းကိုလည်းကောင်း၊ ညနေ ၄ နာရီတွင် အီရန်ကလပ် KHATAM ARDAKAN အသင်းက ဗီယက်နမ်ကလပ် SANEST KHANH HOA အသင်းကိုလည်းကောင်း၊ ဂျပန်ကလပ် TORAY ARROWS အသင်းက သီရိလင်္ကာကလပ် LANKA LIONS အသင်းကိုလည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် ဩစတြေးလျကလပ် ကန်ဘီရာအသင်းမှ ဟောင်ကောင်ကလပ် YANCHAI အသင်းကိုလည်းကောင်း အသီးသီး အနိုင်ရရှိသွားပြီး ကာဇက်စတန်ကလပ် ATYRAU VC အသင်းနှင့် ပါကစ္စတန်ကလပ် WAPDAအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစား (B) ရုံနှင့်(C) ရုံတို့၌ Final ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပါ၍ အားကစားကို စိတ်ပါဝင်စားသော မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

**မြန်မာ့အလင်း**

# ရိုခေါဒါရ်၌ ဒီတိုနေတာယမ်းတောင့်များ ဖမ်းဆီးရမိ

**ရိုခေါဒါရ် ဩဂုတ် ၅**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့ ရိ-ဖလမ်း ကားလမ်းမြို့အဝင် ဆိုင်းဘုတ်အနီး၌ ဩဂုတ် ၄ ရက် ည ၁၀ နာရီတွင် ရိုခေါဒါရ်မြို့ဘက်မှ မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ပီနံအိတ်ဖြင့်ထုပ်ထားသော ဒီတိုနေတာယမ်းတောင့်အထုပ် သုံးထုပ်ဖြင့် ထုပ်ထားသော ယမ်းတောင့် ၃၀၀၀၀ ကို ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ရိုခေါဒါရ်မြို့ နယ်မြေရဲစခန်းမှ ရဲတပ်ကြပ် မောင်အောင်နှင့်အဖွဲ့ နယ်မြေဒေသလုံခြုံရေးဆောင်ရွက်နေစဉ် ရိ-ဖလမ်းကားလမ်း ရိုခေါဒါရ်မြို့အဝင် ဆိုင်းဘုတ်အနီးတွင် ရိုခေါဒါရ်မြို့ဘက်မှ မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ မောင်လားအဲဇဲလာ (၃၀ နှစ်) မောင်းနှင်လာသော CANDA 125 ၃၂ယ/---- ပေါ်တွင် ပီနံအိတ်ဖြင့်ထုပ်ထားသော အထုပ်နှစ်ထုပ်၊ မောင်လားမားလ်ဆောမ်မာ (၂၇ နှစ်) မောင်းနှင်လာသော VERADED 125 ၄၄ယ/---- ဆိုင်ကယ်ပေါ်တွင် ပီနံအိတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို တွေ့ရှိ၍ မသင်္ကာသဖြင့် နယ်မြေရဲစခန်းသို့ ခေါ်ဆောင်ပြီး စစ်ဆေးရာ Special Ordinary Detonetor (SOD) စာတန်းပါ တစ်ဘူးလျှင် ဒီတိုနေတာ အတောင့် ၁၀၀ စီပါသော ဘူး ၃၀၀၊ စုစုပေါင်း အတောင့် ၃၀၀၀၀ ကို တွေ့ရှိသဖြင့် ယင်းဒီတိုနေတာများနှင့် ဆိုင်ကယ်နှစ်စီးကို သိမ်းဆည်းခဲ့သည်။



အဆိုပါ ဒီတိုနေတာယမ်းတောင့်များနှင့်အတူ ဖမ်းဆီးရမိသည့် မောင်လားအဲဇဲလာနှင့် မောင်လားမားလ်ဆောမ်မာတို့နှစ်ဦးအား ရိုခေါဒါရ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျောက်မဲ၌ စွန့်ပစ်ထားသော ဆေးလိပ်မီးမှတစ်ဆင့် ကာရာအိုကေဆိုင် မီးလောင်

**သီပေါ ဩဂုတ် ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၇)ရပ်ကွက် နယ်မြေ ၆ တွင် ဖွင့်လှစ်ထားသော 7- day ကာရာအိုကေဆိုင်အဆောက်အအုံတွင် ယနေ့နံနက် ၆ နာရီခန့်က စွန့်ပစ်ထားသော ဆေးလိပ်မီးမှတစ်ဆင့် ထိုင်ခုံဆိုဖာအတွင်းကျကာ မီးလောင်မှု ဖြစ်ပွားသည်။

အခင်းဖြစ်ရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်းဦး ကြီးကြပ်ကွပ်ကဲသော မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် မီးငြိမ်းသတ်ယာဉ်သုံးစီးတို့ရောက်ရှိ ငြိမ်းသတ်နိုင်ခဲ့သဖြင့် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ကာရာအိုကေဆိုင်ပိုင်ရှင် ဦးထွန်းနိုင်အား ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဝန်းသိုမြို့နယ်အတွင်းမှ တရားမဝင်ရွှေသတ္တုတူးဖော်သူ ငါးဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိ

**ဝန်းသို ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် နမ်းခမ်းကျေးရွာအုပ်စု ကျောက်ကြမ်းတောင်လမ်း ချောင်းကူးတံတားအနီးမှ တရားမဝင်ရွှေသတ္တုတူးဖော်နေသူများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၄ ရက် ညနေ ၂ နာရီခန့်တွင် ဝန်းသိုမြို့နယ် နမ်းခမ်းနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်သန်းဝေဦး ဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် ဝန်းသိုမြို့နယ် ကျောက်ကြမ်းတောင်လမ်း ချောင်းကူးတံတားအနီးတွင် တရားမဝင်ရွှေသတ္တုတူးဖော်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ပိုင်ရှင် ဦးတင်ဝင်းနှင့်အတူ လုပ်သားများဖြစ်ကြသော သက်ခိုင်ထူး၊ သိန်းဇော်၊ သိန်းထွေးနှင့် ခန့်စည်သူငြိမ်းတို့ ငါးဦးအား တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ငါးဦးအား ဝန်းသိုမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **လှအောင်(ကသာ)**



# မြန်မာ့ရုပ်မြင်သံကြား

၆-၈-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၅၅ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ “ Japan” (Japan)
- ၁၀း၃၀ - စိုက်ပျိုးရေးရာအဖြေရှာ “ ဒေသနှင့်ကိုက်ညီဖို့ စပါးမျိုးကောင်းမျိုးသစ်များ မွေးမြူထုတ်လုပ်ကြပါစို့”
- ၁၀း၅၀ - လုံမမှတ်စု (အပိုင်း-၄၈)
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၃း၀၀ - သုခုမရင်ခွင်အငြိမ့်သဘင် “ ကဗျာရုပ်စုံအငြိမ့်” မင်းသမီး-ပိုပိုချစ်၊ လူရွှင်တော်- ဒွဲဒိုး၊ အောင်ချစ်၊ ဝူကျိ၊ သတိုး ဒါရိုက်တာ- ဖုန်းမြင့်အောင်
- ၁၃း၄၅ - Tasty Trip
- ၁၄း၁၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “အကယ်၍သာ” (အပိုင်း-၈)

**ညပိုင်း**

- ၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၁၇း၀၅ - This Week's special Interest
- ၁၇း၂၀ - " ASEAN Unity"
- ၁၇း၃၀ - Yes or No Talk Show
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ “ အရိပ်တကြည့်ကြည့်”
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “ မဟာကာလီ” (အပိုင်း- ၃၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - “ စီးပွားရေးစကားဝိုင်း” (ရသုံးမှန်းခြေငွေစာရင်း ဆိုင်ရာ သိကောင်းစရာများ)
- - “ 2018 Asian men's Club Volleyball championship ပြိုင်ပွဲအစီအစဉ်”
- - နိုင်ငံခြားဇာတ်လမ်းတွဲ “ ဘဝတစ်ခုအချစ်တစ်ခု” (အပိုင်း- ၃)

# မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးအဖွဲ့က အထောက်အထားမဲ့ကုန်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၇၄၁ စီး၊ သွင်းကုန် ၇၁၀ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၆ စီး၊ သွင်းကုန် ၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၄၂၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၃၆ သန်းခန့်၊ စုစုပေါင်းတားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၁၅၆ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ခရီးသည်တင်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် LED Light ၃၀ ခု၊ Solar Battery ၉၈ ခု၊ H-EVD ၁၈၀ ခုနှင့် Car Multimedia Player ၁၂၀ ခု၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၂၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သရက်အကျဉ်းထောင်၌ အကျဉ်းဦးစီးဝန်ထမ်းကို အကျဉ်းသားက ဓားဖြင့်ထိုး၍ သေဆုံးမှုဖြစ်

**သရက် ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ သရက်အကျဉ်းထောင်တွင် ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီခန့်က အကျဉ်းဦးစီးဝန်ထမ်းကို အကျဉ်းသားက ဓားဖြင့်ထိုး၍ ဒဏ်ရာရရှိသွားသဖြင့် ဒဏ်ရာရရှိသူအား သရက်ခရိုင်ဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သရက်မြို့ အနောက်ရပ်မြောက်ပိုင်းရပ်ကွက်ရှိ အကျဉ်းဦးစီးဌာန သရက်အကျဉ်းထောင်တွင် အောင်လံတရားရုံးမှ အမှု (၆)မှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၆ နှစ် ခြောက်လ ကျခံရပြီး ပြစ်ဒဏ်သုံးနှစ် ၁၁ လ ကျန်ရှိသော အမှတ် (၃) အဆောင် အခန်း (၂)တွင် နေထိုင်သူ အကျဉ်းသား ဝဏ္ဏဖြိုး(၂၀နှစ်) ကြည်ရပ်ကုန်းကျေးရွာ အောင်လံမြို့နယ် နေသူသည် ဩဂုတ် ၅ ရက် နံနက် ၈ နာရီခွဲခန့်တွင် အိပ်ဆောင်အမှတ် (၁) သို့ ကူးရန်အလာ မိန်းဂျေးလ်တာဝန်ကျ အကျဉ်းထောင်ဝန်ထမ်း ဦးလှအောင် (၅၀ နှစ်) အကျဉ်းဦးစီးဝန်ထမ်းက အဆောင်မကူးရန် ကျောကုန်းပုတ်ပြောဆိုခြင်းကို အငြိုးထား၍ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် အကျဉ်းထောင်ဝန်ထမ်း ဦးလှအောင်အား လှေကားထိပ်တွင် ၎င်းအကျဉ်းသားက ကြက်သွန်လှီးရန် ပြုလုပ်ထားသော စည်ပတ်သံပြားခားဦးချွန် ငါးလက်မခန့်ဖြင့် လည်ပင်းယာဘက်သို့ တစ်ချက်ထိုးသွင်းခဲ့၍ ဝန်ထမ်း ဦးလှအောင်တွင် ဒဏ်ရာများရရှိသဖြင့် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် သရက်ခရိုင်ဆေးရုံကြီးအရေးပေါ်ဌာနသို့ ချက်ချင်းတင်ပို့စဉ် ဦးလှအောင်မှာ သေဆုံးသွားခဲ့ကြောင်း အထွေထွေရောဂါကုသမားတော် ဒေါက်တာရဲကျော်မိုးက အတည်ပြုခဲ့သည်။

သရက်အကျဉ်းထောင် လက်ထောက်ကြီးကြပ်ရေးမှူး (၁) ရန်လင်းကျော်က အကျဉ်းထောင်ဝန်ထမ်း ဦးလှအောင်အား သေဆုံးအောင် စည်ပတ်သံပြားခားဦးချွန်ဖြင့်ထိုးသူ ဝဏ္ဏဖြိုးအား ဥပဒေအရ အရေးယူပေးရန် တိုင်တန်းသဖြင့် ဩဂုတ် ၅ ရက်က သရက်မြို့မရဲစခန်း၌ အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ဒလမြို့နယ်တွင် အမျိုးသမီးတစ်ဦး ရေမော်တာကြိုးကို ကိုင်မိရာမှ ဓာတ်လိုက်သေဆုံး

**ဒလ ဩဂုတ် ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ နေအိမ်တစ်အိမ်တွင် ဩဂုတ် ၄ ရက် ညနေပိုင်းက အမျိုးသမီးတစ်ဦး ရေတင်နေစဉ် ပေါက်ပြဲနေသော ရေမော်တာကြိုးကိုကိုင်မိရာမှ ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဓာတ်လိုက်သေဆုံးသူမှာ ဒေါ်ခင်ကြည်ဝင်း (ခ) အငယ်လေး (၄၇ နှစ်) ဖြစ်ပြီး သေဆုံးသူမှာ နေအိမ်ရှိရေစည်သို့ မီးကြိုးသွယ်ထားသည့် ရေမော်တာဖြင့် ရေတင်ပြီးနောက် ရေမော်တာပြန်သိမ်းစဉ် ပေါက်ပြဲနေသော ဝိုင်ယာကြိုးကိုင်မိရာမှ လဲကျသွားခဲ့သဖြင့် ဆေးရုံသို့ပို့စဉ် သေဆုံးသွားကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဒလမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သန်းဋ္ဌေး(ဒလ)**

# သံတောင်ကြီး၊ ကသာ၊ မဟာအောင်မြေ၊ ဘူးသီးတောင်နှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၅**

သံတောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီခွဲက သံတောင်ကြီးမြို့နယ် သံမိုးတောင်ကျေးရွာအုပ်စု ကပ္ပာယ်ကျေးရွာနေ သန်းနိုင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးတစ်ပြား၊ ငွေကျပ် ၆၀၄၀၀၀ နှင့် တူးမီးသေနတ် သုံးလက်တို့ကိုလည်း ကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာ မီးရထားသံလမ်းကူး ကသာ-အင်းတော်သွားကားလမ်းတွင် မနန်းကြည် မောင်းနှင်ပြီး မယဉ်နွယ်ထွန်း လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်(၁) ၃၈ လမ်းနှင့် ၃၉ လမ်းကြား ၆၈ လမ်းနှင့် ၆၉ လမ်းကြား သီတာမြိုင်လမ်းနေ ဇင်မင်းထွန်း၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဆီခဲ ၆၂ ဒသမ ၇၈ ကီလိုကို လည်းကောင်း၊ ထိုနေ့ နံနက် ၈ နာရီက ဘူးသီးတောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာသွားလမ်းဆုံ၌ နူရူလာမိန်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မောင်တောမြို့ မြို့မအနောက်ရပ်ကွက် ရွှေအိုးတည်းခိုရိပ်သာအနီးတွင် အာလီဂျူဟက်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၉၅ ပြားကို လည်းကောင်း။

နံနက် ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု ထာဝိုကျေးရွာအနီး ပင်လောင်း-တုန်ဟုန်သွားကားလမ်းတွင် ကျော်စိန် မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မောင်ငဲ(ခ) ဝိဇ္ဇာမောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း၊ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နာ့ဖ်တာကို ပြန်လည်စတင်ရန် အဆင်သင့်ဖြစ်နေကြောင်း ကနေဒါပြောကြား

**အော့တဝါ ဩဂုတ် ၅**

မြောက်အမေရိက လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (နာ့ဖ်တာ) ကို ပြန်လည်စတင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ကနေဒါ နိုင်ငံခြားရေးဝန်ကြီးက ယမန်နေ့က ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်များအတွင်းက စတင်ခဲ့သည့် ကနေဒါအစိုးရ၏ နာ့ဖ်တာ ဖြစ်မြောက်ရေးကြိုးစားမှုသည် ပထမဆုံးဟု ဆိုရမည်ဖြစ်ပြီး လွန်ခဲ့သည့် ရက်သတ္တပတ်က အမေရိကန်နှင့် မက္ကဆီကိုတို့မှ အရာရှိများကလည်း နာ့ဖ်တာကို ဖြစ်နိုင်သမျှ ရှေ့လထဲတွင် အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်ချင်နေကြောင်း ပြောခဲ့သည်။

“ကျွန်မတို့ နာ့ဖ်တာကို ဖြစ်နိုင်သမျှ မြန်မြန်လေးပြုလုပ်ဖို့ အဆင်သင့်ဖြစ်နေပြီဖြစ်ပါတယ်” ဟု ကနေဒါနိုင်ငံခြားရေးဝန်ကြီး ခရစ္စတီးယားဖရီးလန့်ဒ်က ဟောင်ကောင် တယ်လီဖုန်းဆွေးနွေးပွဲမှတစ်ဆင့် သတင်းထောက်များကို ပြောခဲ့သည်။

ကနေဒါနိုင်ငံသည် နာ့ဖ်တာကို မည်သည့်အချိန် မည်သည့်နေရာတွင်မဆို ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်သွားရန် အဆင်သင့်ဖြစ်နေကြောင်းနှင့် အမြန်ဆုံး အဆုံးသတ်နိုင်ရေးအတွက် စိတ်အားထက်သန်လျက်ရှိကြောင်း ၎င်းက ပြောခဲ့သည်။

လွန်ခဲ့သည့်ရက်သတ္တပတ်က အမေရိကန်နှင့် မက္ကဆီကိုတို့တွေ့ဆုံဆွေးနွေးပွဲတွင် ကနေဒါနိုင်ငံက ပါဝင်ခဲ့ခြင်းမရှိကြောင်း သိရသည်။ သို့သော်လည်း အမေရိကန်၊ မက္ကဆီကိုတို့နှင့် အမြဲတမ်း ထိတွေ့ဆက်ဆံလျက်ရှိကြောင်း ဖရီးလန့်ဒ် က ပြောခဲ့သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က နာ့ဖ်တာမှ ခွဲထွက်မည်ဟု ခြိမ်းခြောက်ခဲ့သော်လည်း မက္ကဆီကိုနှင့်ကနေဒါနှစ်နိုင်ငံလုံးမှ တာဝန်ရှိသူများကလည်း သုံးနိုင်ငံ သဘောတူညီချက်တစ်ခုကို ထိန်းသိမ်းလိုကြောင်း ပြောခဲ့သည်။ **အေအက်ဖ်ပီ**



# ဗင်နီဇွဲလားသမ္မတ မိန့်ခွန်းပြောကြားနေစဉ် မောင်းသူမဲ့လေယာဉ်များဖြင့် လုပ်ကြံခံရသော်လည်း ဘေးကင်းခဲ့

**ကာရာကက်စ် ဩဂုတ် ၅**

ဗင်နီဇွဲလားနိုင်ငံသမ္မတ နီကိုလက်စ်မာဒူရိုသည် ဩဂုတ် ၄ ရက်က ၈၁ နှစ်မြောက် ဗင်နီဇွဲလား အမျိုးသားအစောင့်တပ် အောက်မေ့ဖွယ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားနေစဉ် မမျှော်လင့်ဘဲ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခံခဲ့ရသဖြင့် မိန့်ခွန်းပြောကြားမှုကို ရုတ်တရက် ရပ်နားလိုက်ရကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အဆိုပါ အောက်မေ့ဖွယ်အခမ်းအနားကို ကာရာကက်စ်တွင် ကျင်းပခဲ့ပြီး ရုပ်မြင်သံကြား အစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်ပြသနေစဉ် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၆ မိနစ်တွင် ရပ်နားခဲ့ရကြောင်း သိရသည်။ အဆိုပါ တိုက်ခိုက်မှုတွင် မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခံရသော်လည်း ဗင်နီဇွဲလားသမ္မတ မာဒူရို ဘေးကင်းလုံခြုံခဲ့ကြောင်း ဆက်သွယ်ရေးဝန်ကြီး ဌာနဝန်ကြီး ဂျော့ဂျ် ရိုဒရီဂေ့က အတည်ပြု ပြောကြားသည်။ မိန့်ခွန်းပြောကြားနေချိန်တွင် ပေါက်ကွဲသံကြားခဲ့ရခြင်းဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

ဖောက်ခွဲရေးပစ္စည်းများ သယ်ဆောင်လာသည့် မောင်းသူမဲ့လေယာဉ်များသည် သမ္မတမာဒူရိုအား တိုက်ခိုက်ရန် ကြိုးစားသော်လည်း မအောင်မြင်ဘဲ သမ္မတ မာဒူရိုမှာ ဘေးကင်းလုံခြုံမှုရှိခဲ့သည်ဟု ဝန်ကြီး ဂျော့ဂျ် ရိုဒရီဂေ့က ပြောသည်။

အဆိုပါ လုပ်ကြံတိုက်ခိုက်မှုတွင် သမ္မတ မာဒူရိုကို ကာကွယ်ခဲ့သော တပ်ဖွဲ့ဝင် ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယခုတိုက်ခိုက်မှုသည် လက်ယာစွန်းဝါဒီများ၏ လက်ချက်ဖြစ်နိုင်ကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဂျော့ဂျ်ရိုဒရီဂေ့က ပြောသည်။ **ဆင်ဟွာ**

# အပူချိန်မြင့်မားမှု ဂျပန်နိုင်ငံတစ်ဝန်း ဆက်လက်ဖြစ်ပေါ်နေ

**တိုကျို ဩဂုတ် ၅**

ဂျပန်နိုင်ငံ မိုးလေဝသပညာရှင်များက လူ့အသက်ကို ခြိမ်းခြောက်လျက်ရှိသည့် အပူလွန်ကဲမှုများ နိုင်ငံတစ်ဝန်း ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း ပြောခဲ့သည်။ ဂျပန်နိုင်ငံ ဒေသအတော်များများတွင် အပူလွန်ကဲမှုများ ဩဂုတ် ၅ ရက်အထိ လျော့နည်းမည့် လက္ခဏာမတွေ့သေးဘဲ ဆက်လက်မြင့်တက်မည့် သဘောတွေ့ရကြောင်း ဂျပန် မိုးလေဝသ ပညာရှင်များက ပြောသည်။

ဂျပန်နိုင်ငံ၏ နေ့အပူချိန်များသည် အိုင်ချီ စီရင်စု နာဂိုရာမြို့နှင့် ရာမာနာရှိ စီရင်စု ကိုဖူမြို့များတွင် ၃၉ ဒီဂရီဆဲလ်စီးရပ်စ်အထိ မြင့်တက်နိုင်ကြောင်း ဂျပန်မိုးလေဝသပညာရှင်များက ပြောသည်။

ဂျပန်နိုင်ငံ အလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသများအပါအဝင် ဂျပန်နိုင်ငံ ဒေသအတော်များများတွင် နေ့အပူချိန်များသည် ၃၅ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ မြင့်တက်နိုင်ကြောင်း မိုးလေဝသပညာရှင်များက ပြောသည်။

ဂျပန်နိုင်ငံ ဂီဖု စီရင်စု မီနိုမြို့တွင် အပူချိန် ၃၈ ဒသမ ၇ ဒီဂရီဆဲလ်စီးရပ်စ်၊ ဟိုင်ဂို စီရင်စု ရှီစိုမြို့တွင် အပူချိန် ၃၈ ဒသမ ၅ ဒီဂရီ ဆဲလ်စီးရပ်စ်နှင့် ကျိုတိုမြို့တွင် အပူချိန် ၃၇ ဒသမ ၇ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ မြင့်တက်ခဲ့ကြောင်း ဂျပန်မိုးလေဝသ ပညာရှင်များက ပြောသည်။

အပူချိန်လွန်ကဲမှုသည် လွန်ခဲ့သည့်လက ရေကြီး၊ မြေပြိုဖြစ်ခဲ့သည့် ဂျပန်နိုင်ငံအနောက်ပိုင်းတွင် မြင့်တက်လျက်ရှိကြောင်း သိရသည်။ အပူလျှပ်ခြင်းလက္ခဏာများကြောင့် လူအများအပြား နိုင်ငံတစ်ဝန်းရှိ ဆေးရုံများသို့ တင်ပို့ခြင်းခံခဲ့ရကြောင်းနှင့် တချို့မှာ အပူလွန်ကဲမှုဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။

ထို့ကြောင့် သက်ဆိုင်ရာအာဏာပိုင်များက ပြည်သူများကို နေ့ခင်းအချိန်များတွင် လေ့ကျင့်ခန်းလုပ်ခြင်းမှ ရှောင်ရှားရန်၊ လေအေးပေးစနစ်ကို အသုံးပြုရန်၊ ရေများများသောက်ရန် သင့်တင့်လျောက်ပတ်သော ဆားစားသုံးရန်လည်း အကြံပြုတိုက်တွန်းထားကြောင်း သိရသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးခဲ့သည့် နေရာများတွင် နေထိုင်သူများ အနေဖြင့် အထူးသတိထားနေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။ အဆိုပါနေရာများတွင် နေထိုင်သူများအနေဖြင့် အပူလျှပ်ခြင်း အန္တရာယ်ကို အများဆုံး ခံစားရနိုင်ခြေရှိကြောင်း မိုးလေဝသ ပညာရှင်များက ပြောသည်။ **အင်န်အိတ်ချ်ကေ**



# အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် စစ်သွေးကြွရှင်းလင်းရေး စစ်ဆင်မှုတစ်ခုပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၂၈ ဦးထက်မနည်း သေဆုံး

**ဂါဇီ ဩဂုတ် ၅**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဂါဇီပြည်နယ်တွင် စစ်သွေးကြွရှင်းလင်းမှု စစ်ဆင်ရေးတစ်ခုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုလုပ်ခဲ့ရာ အနည်းဆုံးစစ်သွေးကြွ ၂၈ဦး သေဆုံးခဲ့ကြောင်း သိရသည်။

လုံခြုံရေးနှင့် ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ဂါဇီပြည်နယ် ခိုဂီရာနီခရိုင်ရှိ တာလီဘန်စစ်သွေးကြွများစုဝေးရာနေရာတစ်ခုကို ပစ်မှတ်ထားကာ လွန်ခဲ့သောရက်က လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ စစ်သွေးကြွ ၂၈ ဦးကို သုတ်သင်နိုင်ခဲ့ကြောင်း ဂါဇီရဲချုပ် ဖာရစ်အာမက် မာရှယ်က ပြောသည်။

အဆိုပါစစ်ဆင်ရေးတွင် အခြားစစ်သွေးကြွများလည်း ဒဏ်ရာများရရှိခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူက ပြောသည်။

ပြည်နယ်မြို့တော် ဂါဇီတွင် ဩဂုတ် ၃ ရက်ညပိုင်းက တာလီဘန်တို့၏တိုက်ခိုက်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တန်ပြန်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မာရှယ်က ပြောသည်။

တာလီဘန်စစ်သွေးကြွတို့က အဆိုပါ ဖြစ်ရပ်နှင့် ပတ်သက်ပြီး မည်သည့်မှတ်ချက်မျှ ဖော်ပြပြောဆိုခြင်းမရှိကြောင်း သိရသည်။ **ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## အီရန်စီးပွားရေး အလွန်ဆိုးရွားစွာ ကျဆင်းနေကြောင်း ထရန့်ပြော

**ဝါရှင်တန် ဩဂုတ် ၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဩဂုတ် ၄ ရက်က လူမှုကွန်ရက် စာမျက်နှာဖြစ်သော တွစ်တာပေါ်တွင် အီရန်နိုင်ငံ၏ စီးပွားရေးမှာ အလျင်အမြန် အလွန်ဆိုးရွားလာနေကြောင်း ရေးသား ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အနေဖြင့် အီရန်ခေါင်းဆောင်များနှင့် တွေ့သော်ရှိ၊ မတွေ့သော်ရှိ ယခုလိုစီးပွား ရေးကျဆင်းမှုများ ဆက်လက်ဖြစ်ပေါ် နိုင်ကြောင်း တွစ်တာတွင် ဆက်လက် ရေးသား ဖော်ပြထားသည်။

လွန်ခဲ့သော တနင်္လာနေ့က အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်သည် ၎င်း အနေဖြင့် အီရန်သမ္မတ ဟက်ဆန် ရိုဟာနီနှင့် ကြိုတင်သတ်မှတ်ခြင်းမရှိဘဲ တွေ့ဆုံရန် ပြောကြားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်နိုင်ငံ၏ ဒဏ်ခတ်ပိတ်ဆို့မှုများကို တူရကီတုံ့ပြန်

**အန်ကာရာ ဩဂုတ် ၅**

တူရကီသမ္မတ ရီဆက်ပ်တေရစ် အာဒိုဂန်က အမေရိကန်နိုင်ငံက တူရကီဝန်ကြီး နှစ်ဦးအား ဒဏ်ခတ် ပိတ်ဆို့လိုက်ခြင်းကို လက်စားချေသည့်အနေဖြင့် အမေရိကန် အရာရှိနှစ်ဦးကို ပြန်လည်ဒဏ်ခတ်ပိတ်ဆို့ လိုက်ကြောင်း ကြေညာခဲ့သည်။

မြို့တော်အန်ကာရာတွင် ဩဂုတ် ၄ ရက်က ပြောကြားသော မိန့်ခွန်းတွင် အာဒိုဂန်က ၎င်းအနေဖြင့် အမေရိကန် တရားရေးနှင့် ပြည်ထဲရေးဝန်ကြီးတို့၏ ပိုင်ဆိုင်မှုများကို ထိန်းချုပ်ကန့်သတ် လိုက်ကြောင်း ဖော်ပြပါရှိသည်။

အမေရိကန်ဘုန်းတော်ကြီး အန်ဒရူး ဘရွန်ဆန်ကို ဖမ်းဆီးထိန်းသိမ်းထားခြင်း အပေါ် အမေရိကန်က တူရကီတရားရေး နှင့် ပြည်ထဲရေးဝန်ကြီးတို့အား အရေးယူ ပိတ်ဆို့မှုပြုလုပ်လိုက်ခြင်းကို လက်စား ချေ တုံ့ပြန်သည့်အနေဖြင့် တူရကီက ယခုကဲ့သို့ အမေရိကန်တရားရေးနှင့် ပြည်ထဲရေးဝန်ကြီးတို့၏ ပိုင်ဆိုင်မှုများ ကို ထိန်းချုပ် ကန့်သတ်လိုက်ခြင်းဖြစ် ကြောင်း သိရသည်။

တူရကီအရာရှိများက ၂၀၁၆ တူရကီ အာဏာသိမ်းမှုတွင် ပါဝင်ပတ်သက်သည် ဆိုသည့် သံသယဖြင့် ဘုန်းတော်ကြီး ဘရွန်ဆန်ကို ဖမ်းဆီးထိန်းသိမ်းထားခဲ့ ကြောင်း သိရသည်။

အမေရိကန်၏ အရေးယူ ဒဏ်ခတ် ပိတ်ဆို့ခြင်းများသည် နှစ်နိုင်ငံ မဟာ ဗျူဟာ မိတ်ဖက်ဆက်ဆံရေးကို မလေးမစား ဖြစ်စေကြောင်းနှင့် မသင့်တော် ကြောင်း ပြောခဲ့သည်။

နိုင်ငံရေးနှင့် တရားစီရင်ရေးများတွင် ပဋိပက္ခဖြစ်ခြင်းသည် စီးပွားရေးကို ထိခိုက်နိုင်ပြီး ယင်းက နှစ်နိုင်ငံလုံးကို ထိခိုက်နိုင်ကြောင်း အာဒိုဂန်က ပြောခဲ့ သည်။ **အင်န်အိတ်ချ်ကေ**

# ဆိုက်ဘာကျိုးပေါက်မှုအရေး စိတ်မအေးရတဲ့ ယနေ့ကမ္ဘာ

◆ *တင်လင်းအောင်* ◆

**ကျွန်တော်တို့နေထိုင်တဲ့ ယနေ့ကမ္ဘာကြီးမှာ မလုံခြုံမှုတွေများလာနေပါပြီ။ ကမ္ဘာကြီးမလုံမခြုံဖြစ်ရတဲ့ အကြောင်းရင်းတွေအများကြီးရှိတဲ့အနက် နည်းပညာလုံခြုံမှု ကျိုးပေါက်မှုဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ကျန်တဲ့ ရာသီဥတုနဲ့ဆိုင်တဲ့ မလုံမခြုံဖြစ်မှုတွေ၊ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့ မလုံခြုံမှုတွေ အများကြီးရှိပါတယ်။ ထားတော့၊ ကျွန်တော် ဒီနေရာမှာ အဓိကပြောချင်တာကတော့ နည်းပညာလုံခြုံမှု ကျိုးပေါက်မှုပါပဲ။**



### စိုးရိမ်မှုတွေလိုက်ပါမြင့်တက်

ယနေ့ ကျွန်တော်တို့ နေထိုင်တဲ့ ကမ္ဘာကြီးမှာ နည်းပညာကျိုးပေါက်မှုလို့ဆိုတဲ့နေရာမှာ ဆိုက်ဘာ လုံခြုံရေး ကျိုးပေါက်မှုဟာ အတော်များလာတဲ့ ကိစ္စပဲဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့ အဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ တခြား ကုမ္ပဏီအဖွဲ့အစည်းတွေ၊ ဘဏ်လုပ်ငန်းတွေ၊ လူမှုအဖွဲ့အစည်းတွေဟာ ကွန်ပျူတာနဲ့ လွတ်ကင်းတယ်လို့ မရှိပါဘူး။ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာခေတ်ကြီးမှာ သူတို့လည်း လိုက်ပါ ပြောင်းလဲလာခဲ့ကြပါတယ်။ အဲဒီလို လိုက်ပါပြောင်းလဲလာတာနဲ့အတူ စိုးရိမ်မှုတွေလည်း လိုက်ပါ မြင့်တက်လျက်ရှိပါတယ်။

### ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ခဲ့

ယခင်က နည်းပညာမဖွံ့ဖြိုးခင်မှာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ အုပ်စုတစ်စုနဲ့တစ်စု၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သတင်းအချက်အလက်တွေ ဖလှယ်တာတို့၊ သတင်းစကား စာလွှာပါးတဲ့နေရာတို့မှာ စာတိုက်က တစ်ဆင့် ပေးပို့ခဲ့ရသလို ကြေးနန်းတွေနဲ့လည်း ဆက်သွယ်မှုတွေ လုပ်ခဲ့ရပါတယ်။ အချိန်တွေလည်း အများကြီး ကုန်ပါတယ်။ မလုံမခြုံဖြစ်မှုတွေလည်း မရှိသလောက်ပါပဲ။ သို့သော်လည်း ထောက်လှမ်းမှုဆိုင်ရာ သတင်းပေါက်ကြားမှုတွေ၊ ကြားဖြတ်ဖမ်းယူမှုတွေ သူ့ခေတ်သူ့အခါနဲ့တော့ရှိခဲ့တာပေါ့။ ဒါပေမယ့် ဒီနေ့ခေတ်လောက်တော့ မဆိုးခဲ့ပါဘူး။ ဒီနေ့ခေတ်မှာ ဆိုက်ဘာ ကျိုးပေါက်မှုတွေဟာ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့ပါတယ်။

### ဖေ့စ်ဘုတ်ခ် သတင်းအချက်အလက် ပေါက်ကြားမှု

အဲဒီထဲကမှ တစ်ခုကတော့ သိပ်မကြာခင်ကမှ ဖြစ်ပွားခဲ့တဲ့ ဖေ့စ်ဘုတ်ခ် အချက်အလက်ပေါက်ကြားမှုဖြစ်ပါတယ်။ ဖေ့စ်ဘုတ်ခ်မှာ အချက်အလက်ပေါက်ကြား ခဲ့တာနဲ့ ပတ်သက်ပြီးတော့ မတ် ၁၉ ရက်မှာ ကမ္ဘာ့အကြီးဆုံး လူမှုကွန်ရက်ကုမ္ပဏီ အနေနဲ့ စတော့ဈေးနှုန်း ၇ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့တယ်လို့ အရင်က ဖော်ပြခဲ့ပြီး အဲဒါဟာ လေးနှစ်တာကာလ အတွင်းမှာ အနိမ့်ဆုံးအဆင့်တစ်ခုကို ကျဆင်းခဲ့တာပဲ ဖြစ်ပါတယ်။

“ဒီတစ်ခါ သတင်းအချက်အလက် ပေါက်ကြားမှု ဖြစ်တာကတော့ ဖေ့စ်ဘုတ်ခ် ပါ။ ဒါပေမယ့် တခြားနည်းပညာ ကုမ္ပဏီတွေလည်း ဖြစ်သွားနိုင်ပါတယ်လို့ နည်းပညာစောင့်ကြည့်လေ့လာသူ ရှောဘ်အန်ဒါလီက ပြောခဲ့ပါတယ်။ ဒါဟာ ကမ္ဘာတစ်ဝန်းရှိ နည်းပညာကုမ္ပဏီတွေကြား မကြာခဏဖြစ်တဲ့ ကိစ္စလည်း ဖြစ်ပါတယ်” လို့ သူက ဆက်ပြီးပြောခဲ့ပါတယ်။

လွန်ခဲ့တဲ့ မတ် ၂၆ ရက်လောက်က အသုံးပြုသူ သန်း ၅၀ ကျော်ရှိတဲ့ ဖေ့စ်ဘုတ်ခ်ဟာ သူ့ရဲ့ ဈေးကွက်တန်ဖိုး ၁၄ ရာခိုင်နှုန်းလောက် ကျဆင်းသွားတာကို တွေ့ရပါတယ်။ အသုံးပြုသူတွေရဲ့ ယုံကြည်မှုကို ချိုးဖောက်ခံလိုက်ရတာ ဖြစ်ပြီး အခုအခါမှာတော့ အဲဒီလို မဖြစ်အောင် အကောင်းဆုံးလုပ်ဆောင် နေကြောင်း ဇူကာဘတ်က လူသိရှင်ကြား ကတိပေးခဲ့ပြီး ဖြစ်ပါတယ်။

### ဆိုးကျိုးနဲ့ ကောင်းကျိုးတူယှဉ်တွဲ

ဖုန်းတွေ၊ Apps တွေ၊ ဝက်ဘ်ဆိုက်တွေဟာ နေ့စဉ်လူနေမှုဘဝတွေမှာ ခွဲထားလို့ မရတော့ပါဘူး။ သူတို့ကို လျစ်လျူရှုထားရင် မျက်စိပိတ်၊ နားပိတ် ဖြစ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ ယနေ့လူတွေရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာပါတော့တယ်။ ထို့အတူပဲ ဒီနည်းပညာတွေဟာ လူသားတွေအတွက် ကောင်းကျိုးပြုသလို တစ်ဖက်ကလည်း ဆိုးကျိုးတွေဖြစ်သွားနိုင်ပါတယ်။

ဖေ့စ်ဘုတ်ခ်သတင်းအချက်အလက် ပေါက် ကြားမှုကိုကြည့်ရင် အသုံးပြုသူတွေရဲ့ ယုံကြည်မှုတွေ အလွဲသုံးစား ခံလိုက်ရတာကို တွေ့ရမှာပါ။ သို့သော် လည်း ယနေ့ခေတ်မှာ အသုံးပြုသူတွေဟာ နည်းပညာရဲ့ သားကောင်တွေဖြစ်မှန်း မသိဖြစ်ခဲ့ရပါတယ်လို့ Center for Humane Technology မှ တာဝန်ရှိသူတွေက ပြောခဲ့ပါတယ်။

### အခြေအနေတွေ ဖန်တီးပေးသလိုဖြစ်

အနည်းဆုံး လူဦးရေ နှစ်ဘီလီယံလောက်ဟာ အဲဒီလို နည်းပညာတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြတော့ နည်းပညာကုမ္ပဏီတွေဟာ မမျှော်လင့်ဘဲ အမှုမဲ့အမှတ်မဲ့နဲ့ သူတို့ရဲ့လူမှုရေး တစ်ခုလုံးကို ထိတွေ့ခွင့်တွေ၊ စီမံခွင့်တွေ ရသလိုဖြစ်ခဲ့ပါတယ်။ အဲဒါတွေကလည်း ယနေ့ခေတ် နည်းပညာအသုံးပြုသူတွေရဲ့ အချက်အလက်တွေ ကျိုးပေါက်ဖို့အတွက် အခြေအနေတွေ ဖန်တီးပေးလိုက်သလိုပါပဲ။

### ယာဟူးကျိုးပေါက်မှုဖြစ်

နောက်တစ်ခါ ထိတ်လန့်စရာ အကောင်းဆုံး လျှို့ဝှက်ချက်ဖော်ထုတ်နိုင်မှုကတော့ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာဖြစ်ပွားခဲ့တဲ့ ဆိုက်ဘာကျူးလွန်မှုပင် ဖြစ်ပြီး အဆိုပါကိစ္စတွင် ယာဟူးအသုံးပြုသူ သုံးဘီလီယံခန့်ရှိ အကောင့်တွေ မလုံမခြုံ ဖြစ်ခဲ့ရပါတယ်လို့ လွန်ခဲ့တဲ့ အောက်တိုဘာလကတည်းက ယာဟူးက ကြေညာခဲ့ပါတယ်။

အိုင်တီကျွမ်းကျင်သူ ထက်ဝက် လောက်ရဲ့ လက်တွေ့လေ့လာမှုတွေက ဘာကိုပြောသလဲဆိုရင် ယနေ့ခေတ်ဟာ ခြိမ်းခြောက်မှုအသစ်တွေနဲ့ ဆိုက်ဘာ တိုက်ခိုက်လာမှုတွေအပေါ် အပြည့်အဝ နားလည်ဖို့အတွက် အဓိကစိန်ခေါ်မှုတွေ ဖြစ်လို့လာခဲ့ပါပြီလို့ ပြောခဲ့ပါတယ်။ ဆိုလိုတာကတော့ ဆိုက်ဘာတိုက်ခိုက်မှုတွေကို ကာကွယ်ဖို့ဆိုရင် အဲဒီအပေါ် အပြည့်အဝ နားလည်ဖို့လိုအပ်ပါတယ်။

### ပုံသဏ္ဌာန်အရွယ်အစား အမျိုးမျိုးရှိတဲ့ အဖွဲ့အစည်းတွေ ဆိုက်ဘာတိုက်ခိုက်ခံရ

အပတ်စဉ်အပတ်တိုင်း ဘဏ်များ၊ ကျန်းမာရေးအဖွဲ့အစည်းများ၊ ယုတ်စွအဆုံး ကျောင်းများအပါအဝင် ပုံသဏ္ဌာန် အရွယ်အစား အမျိုးမျိုးရှိ အဖွဲ့အစည်းတွေကို ဆိုက်ဘာ တိုက်ခိုက်မှုတွေ အဓိက ပြုလုပ်လျက်ရှိတာကို လေ့လာတွေ့ရှိခဲ့ပါတယ်။

ဆိုက်ဘာ တိုက်ခိုက်ခံရမှုကြောင့် ဘဏ်တွေရဲ့ ကွန်ပျူတာစနစ်တွေ ကမောက်ကမဖြစ်ခဲ့ပြီး သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရတဲ့ ဥပမာတွေရှိခဲ့သလို အစိုးရဌာနတွေရဲ့ သတင်း အချက်အလက် ကျိုးပေါက်မှုတွေလည်း ဖြစ်ခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အစိုးရအဖွဲ့တွေမှာ ဆိုက်ဘာကျိုးပေါက်မှု မဖြစ်အောင် အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

### ဆိုက်ဘာတိုက်ခိုက်မခံရရေး အကောင်အထည်ဖော်ဆောင်ရွက်

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း အစိုးရအဖွဲ့တွေဟာ ဆိုက်ဘာ ကျိုးပေါက်မှုမှ ကာကွယ်နိုင်ဖို့ သက်ဆိုင်ရာဌာနတွေမှာ အကောင်အထည်ဖော် လုပ်ဆောင်နေတာကို မျက်ဝါးထင်ထင် တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဟက်ကာသမားတွေက ဘယ်လို ရည်ရွယ်ချက်နဲ့ အခုလို ဆိုက်ဘာ တိုက်ခိုက်မှုတွေ လုပ်ဆောင်နေရသလဲ ဆိုတာမသိပေမယ့် အဲဒီလို ဖောက်ထွင်းတိုက်ခိုက်တာခံရတဲ့ ယုတ်စွအဆုံး ကျောင်းတွေ အပါအဝင် ပုံသဏ္ဌာန် အရွယ်အစား အမျိုးမျိုးရှိတဲ့ အဖွဲ့အစည်းတွေ၊ ကမ္ဘာ့အဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ တခြား ကုမ္ပဏီအဖွဲ့အစည်းတွေ၊ ဘဏ်လုပ်ငန်းတွေ၊ လူမှုအဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်မှုတွေ အများဆုံးနှောင့်နှေးကြန့်ကြာခဲ့ရသလို အရေးကြီးတဲ့ အချက်အလက်တွေလည်း ဆုံးရှုံး ကျိုးပေါက်ခဲ့ရပါတယ်။

ပြောင်းလဲဖြစ်ပေါ်လာတဲ့ ဆိုက်ဘာ ခြိမ်းခြောက်ခြင်း သို့မဟုတ် ဆိုက်ဘာ ကျိုးပေါက်ခြင်းရဲ့ အခင်းအကျင်းကို သုံးသပ်ရမယ်ဆိုရင် အဖွဲ့အစည်းတွေ အနေနဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေ အားမနည်းအောင် ဘယ်လိုညှိနှိုင်း ဆောင်ရွက်မလဲဆိုတာနဲ့ ဆိုက်ဘာ ခြိမ်းခြောက်မှု အန္တရာယ်ကို စီမံခန့်ခွဲနိုင်ဖို့ လိုအပ်ပါကြောင်း။

**ဆိုက်ဘာတိုက်ခိုက်ခံရခြင်းကြောင့် ဘဏ်တွေရဲ့ကွန်ပျူတာ စနစ်တွေ ကမောက်ကမဖြစ်ခဲ့ပြီး သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရတဲ့ ဥပမာတွေ ရှိခဲ့သလို အစိုးရဌာနတွေရဲ့သတင်းအချက်အလက်ကျိုးပေါက်မှုတွေလည်း ဖြစ်ခဲ့**

**ကိုးကား-ချန်နယ်နယူးအေးရှ**

# စိုက်ပျိုးရေးကျွမ်းကျင်လုပ်သားများနှင့် စိန်ခေါ်မှုကဏ္ဍ

**ခင်ရတနာ**

### လယ်ယာကဏ္ဍ လုပ်သားရှားပါးမှု

နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်တွင်နေထိုင်ကြပြီး ထိုသူတို့၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးဖြစ်သည်။ ဆန်ကိုသာ အဓိကစားသုံးနေကြပြီး ပြည်ပသို့တင်ပို့သည့် ကုန်စည်များအနက် အဓိကတင်ပို့နေရသည့် ကုန်စည်တစ်ခုသည်လည်း ဆန်ပင်ဖြစ်သည်။ သို့သော် စိုက်ပျိုးရေးကဏ္ဍတွင် စက်မှုလယ်ယာသို့ ရာနှုန်းပြည့်ပြောင်းလဲနိုင်ရန် အခက်အခဲများစွာ ရှိနေသေးသည်။ ထိုကာလတွင် စိုက်ပျိုးရေးလုပ်ငန်းခွင်မှ လုပ်သားများ၏ အရေးပါမှုသည် အားကောင်းလျက်ပင်ရှိနေပြီး အခကြေးငွေနည်းပါးမှုကြောင့် လယ်ယာလုပ်သားအများစုသည် အလုပ်အကိုင်ပြောင်းရွှေ့မှုများ ဆက်တိုက်ပြုလုပ်လာကြရာ လယ်ယာကဏ္ဍအတွက် လုပ်သားများ တစ်နှစ်ထက်တစ်နှစ် ရှားပါးလာသည်ကို မြင်တွေ့ရသည်။

လက်ရှိတွင် လယ်ယာလုပ်ငန်းခွင်၌ တစ်ဧက စိုက်ပျိုးခမှာ ကျပ်တစ်သိန်းခွဲမှ နှစ်သိန်းအထိရှိပြီး ရိတ်သိမ်းခမှာ တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲခန့် ကုန်ကျသည်။ ထို့အပြင် ရာသီအလိုက်၊ ပြည်နယ်အလိုက် ကွဲပြားပြီး လုပ်သားရှားပါးမှုကြောင့် ကြိုတင်စရန်သတ်၍ပင် လုပ်သားများကို ငှားရမ်းနေကြရသည်ဟု စိုက်ပျိုးရေး လုပ်ကိုင်သူများထံမှ သိရသည်။

"လယ်ယာလုပ်ငန်းခွင်မှာ စက်ကိရိယာတွေ မလုံလောက်သေးဘူး။ လယ်ယာလုပ်သားနဲ့ ကျွဲနွားတွေလည်း ရှားလာတယ်၊ တန်ဖိုးကြီးတဲ့စက်ကြီးတွေကို တစ်လုံးတစ်ခဲတည်းဝယ်ဖို့လည်း အခက်အခဲရှိတယ်၊ လယ်ယာသုံးထွန်စက်ကြီးတွေရဲ့ တန်ဖိုးကလည်း ကျပ်သိန်း ၂၀၀ မှ ၃၀၀ ဝန်းကျင်ရှိတဲ့အတွက် တောင်သူတွေအဖို့ လက်လှမ်းမမီနိုင်ပါဘူး"ဟု စိုက်ပျိုးရေးတောင်သူတစ်ဦးက ပြောပြသည်။

မြန်မာနိုင်ငံတွင် အဓိကဆန်စပါးထွက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် လယ်ယာလုပ်သားများ အများဆုံးလိုအပ်နေပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း လယ်ယာလုပ်သားရှားပါးလာနေကြောင်း သိရသည်။ လက်ရှိတွင် လယ်ယာစိုက်ပျိုးနိုင်သည့် မြေဧက ၁၈ သန်းကျော်ရှိသည်ဟု သိရသော်လည်း လက်တွေ့တွင် ဧက ၁၅ သန်းပင် ပြည့်မီနိုင်ခြင်းမရှိကြောင်းလည်း စိုက်ပျိုးရေး ကျွမ်းကျင်သူများထံမှ သိရသည်။

### ဘဝရပ်တည်မှုအတွက် လုံလောက်တဲ့အခကြေးငွေ

"လယ်ယာလုပ်သားရှားပါးနေတာ ကြာနေပါပြီ၊ အဓိကကတော့ ရတဲ့လုပ်ခက ကျပန်းအလုပ်သမားလောက်တောင်မရှိဘူး၊ စာရင်းငှားတွေ၊ အငှားကောက်စိုက်တွေအတွက် တစ်ရက်ကို အများဆုံးရရင် ကျပ် ၇၀၀၀ လောက်ပဲရှိမယ်၊ တစ်နှစ်လုံးမှာ အများဆုံးအလုပ်လုပ်ကြတဲ့ကာလက ခြောက်လပဲရှိတယ်၊ အမြင့်ဆုံးရတဲ့သူတောင် တစ်နှစ်ကို ခြောက်လအပြည့်အဝ လယ်ယာထဲဆင်းပြီး အလုပ်လုပ်ခွင့်ရရင်တောင် ပျမ်းမျှ တစ်နှစ်လုပ်အားခနဲ့တွက်ရင် တစ်လလုပ်အားခက ကျပ်တစ်သိန်းသာရှိပါတယ်၊ ဒါကြောင့် အခြားအလုပ်တွေကို ရွှေ့ပြောင်းသွားကြတာပေါ့၊ ဒါပေမယ့် စက်မှုလယ်ယာကို မကူးပြောင်းနိုင်သေးတဲ့ ကျွန်တော်တို့အတွက် လုပ်သားရှားပါးမှုက နှစ်တိုင်း ကြုံတွေ့နေကြမယ်၊ တစ်ဖက်မှာလည်း မိရိုးဖလာစိုက်ပျိုးမှုနဲ့ပဲ ရှေ့ဆက်နေကြတဲ့အခါ အချိန်ကုန်၊ လူပန်း၊ အရည်အသွေးကညံ့မြဲဖြစ်နေမှာမို့ ပြုပြင်ပြောင်းလဲမယ်ဆိုရင် အရင်ဆုံး လုပ်ငန်းခွင်လယ်ယာကဏ္ဍမှာရှိတဲ့ အလုပ်သမားတွေရဲ့ကျွမ်းကျင်မှုကို ခေတ်မီနည်းပညာတွေနဲ့ ယှဉ်ပါးအောင်၊ အထွက်တိုးအောင် သင်ကြားပြသပေးဖို့လိုအပ်တယ်၊ လယ်ယာကဏ္ဍကနေ ဘဝရပ်တည်မှုအတွက် လုံလောက်တဲ့အခကြေးငွေကိုသာ ရရှိမယ်ဆိုရင် လယ်ယာကဏ္ဍ အလုပ်သမားရှားပါးမှုဆိုတာ ဖြစ်လာမှာမဟုတ်ဘူး"ဟု လယ်သမားများ စီးပွားဘဝမြင့်မားရေး တက်ကြွလှုပ်ရှားသူ ဦးကျော်စွာစိုးက ပြောကြားသည်။

ပြောင်းလဲလာသော ရာသီဉတုအခြေအနေအရ လယ်ယာလုပ်ငန်းခွင်တွင် အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် ရိတ်သိမ်းနိုင်ရန် လိုအပ်လာသော်လည်း လယ်ယာလုပ်သားရှားပါးလာခြင်းနှင့် လယ်ယာသုံး ကျွဲနွားများရှားပါးလာခြင်း အခက်အခဲများကို ကြုံတွေ့နေရသည့် တောင်သူများအတွက် လယ်ယာသုံးထွန်စက်ကြီးများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး ကုမ္ပဏီများနှင့်ချိတ်ဆက်ကာ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရှိရသော်လည်း စိုက်ပျိုးရေးပညာပေးမှုနှင့် လိုက်နာဆောင်ရွက်မှုများမှာမူ လုပ်ကိုင်ထားသလောက် ခရီးမပေါက်သေးသည်ကို မြင်တွေ့ရသည်။

### ရေရှည်တည်တံ့သည့် လယ်ယာထွက်ကုန်စနစ်

လယ်ယာကဏ္ဍသည် နိုင်ငံ့စီးပွားရေး(GDP) တွင် ၃၀ ရာခိုင်နှုန်းခန့်ပါဝင်သော်လည်း လယ်သမားအများစုသည် အကျိုးခံစားခွင့်နည်းပါးပြီး လူမှုစီးပွားနိမ့်ကျနေသေးသည်။ ရေရှည်တည်တံ့သည့် လယ်ယာထွက်ကုန်စနစ် ထွန်းကားစေရန်နှင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်စွမ်းရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်ရန် ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။


ဓာတ်ပုံ-အဲလက်စ်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က "အလုပ်သမားရှားပါးတာကြောင့် ဈေးနှုန်းတွေက မြင့်ပါတယ်၊ လယ်ယာမြေပိုင်ရှင်တွေအနေနဲ့လည်း ဈေးကွက်တင်ပို့မှု အားနည်းချက်တွေရှိတာမို့ ထုတ်လုပ်မှုစရိတ်ကို အများကြီးမသုံးရဲကြဘူး၊ မထုတ်ပြန်ရင်လည်း အလုပ်သမားရဖို့ခက်တယ်၊ လယ်တစ်ဧကရဲ့ပျမ်းမျှအထွက်နှုန်းက မိုးစပါးဆိုရင် စပါး တင်း ၆၀ မှ ၇၀ ကြားပဲ လယ်သမားတွေရတာ၊ တစ်ဧကအတွက် စိုက်ပျိုးစရိတ် ရင်းနှီးငွေစုစုပေါင်းက ကျပ် နှစ်သိန်းခွဲ ဝန်းကျင်ရှိတယ်"ဟု ပြောကြားသည်။

### စတင်စဉ်းစားသင့်သည့် အခြေခံများ

တောင်သူလယ်သမားများဘဝသည် ထုတ်ကုန်စရိတ်မြင့်မားမှု၊ မျိုးစပါးပြဿနာ၊ အထွက်နှုန်းလျော့နည်းမှု၊ စိုက်ပျိုးရေးနည်းစနစ် လိုအပ်ချက်များရှိနေမှု၊ ဈေးကွက်နှင့်အလှမ်းဝေးမှု၊ ဈေးကွက်အခိုင်အမာမရှိမှု၊ ရာသီဉတုဖောက်ပြန်မှု၊ ငွေကြေးအရင်းအနှီးနည်းပါးမှုစသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့်အတွက် တောင်သူလယ်သမားများကို လွတ်လပ်စွာ စိုက်ပျိုးခွင့်ပေးခြင်း၊ နည်းပညာများ တိုးတက်ရရှိစေခြင်း၊ ယနေ့ကမ္ဘာတွင် ဈေးကွက်ဝင်ဖြစ်လာသည့် အော်ဂဲနစ်သီးနှံဈေးကွက်ကို ဖော်ဆောင်ပေးခြင်းတို့မှာ စတင်စဉ်းစားသင့်သည့် အခြေခံများဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ကလည်း အကြံပြုထားသည်။

စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းက "တောင်သူတွေကတော့ စက်တွေလိုနေတာပဲဗျ။ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ကူးပြောင်းရင်တော့ သီးနှံအထွက်တွေ တိုးတက်လာမှာပဲ။ လက်ရှိမှာ တစ်နေ့ အနည်းဆုံးလုပ်အားခက ၃၅၀၀ ပေးရပြီး ကျွမ်းကျင်ရင်ကျွမ်းကျင်သလို ၆၀၀၀ ကျပ်အထိ ပေးရတာနဲ့ကြုံဖူးတယ်။ တစ်ဧကကို စက်နဲ့ရိတ်မယ်ဆိုရင် ကျပ် ၄၀၀၀၀ ဝန်းကျင် ကုန်ကျနိုင်ပါတယ်။ ကောက်ရိတ်သမတွေငှားမယ်ဆိုရင်လည်း တစ်ဧကကို ဆယ်ဦးဖြစ်ရင် ဈေးကညီသွားရော၊ စက်နဲ့ရိတ်တာထက် လူအားက ပိုပင်ပန်းနေသလိုဖြစ်ပါတယ်"ဟု ပြောသည်။

လယ်ယာလုပ်သားရှားပါးမှုများစသည့် စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် ဒေသ၊ ရေ၊ မြေ၊ ရာသီဉတုနှင့်ကိုက်ညီသည့် သက်တမ်းတိုမျိုးများကို ပြောင်းလဲစိုက်ပျိုးရန်နှင့် မျိုးစေ့၏ အရေးပါပုံ (One Seed Can Change the World)ကို သိရှိလိုက်နာရန်၊ တောင်သူများ မြေပြုပြင်ချိန်မှသည် ရိတ်သိမ်းချိန်အထိ စက်စွမ်းအားဖြင့် ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရန်တို့ကို လိုအပ်ကြောင်း ဦးချစ်ခိုင်က ပြောသည်။

### အရည်အချင်းရှိတဲ့ လယ်ယာလုပ်သားတွေ

တောင်သူတစ်ဦးက "နွေစပါးစိုက်ပြီး မကြာခင်မှာ ရိတ်သိမ်းရတော့မယ့်လုပ်သားကို ကြိုတင်ခေါ်ထားရတယ်၊ ရိတ်သိမ်းချိန်တွေမှာတော့ အလုပ်သမားပိုကုန်ပါတယ်၊ တစ်ဧက ပျမ်းမျှ ၁၅ ယောက်လောက်ကို ပေးရပါတယ်၊ အလုပ်သမားတွေထဲမှာ အခုနောက်ပိုင်း စိုက်ပျိုးရေးကဖွင့်တဲ့ နည်းပညာသင်တန်းတို့၊ ဟောပြောပွဲတို့ တက်ရတဲ့သူက တခြားသူတွေထက်ပိုပြီး လာဘ်မြင်လာတယ်၊ ဈေးကွက်သီးနှံကို ရှာဖွေလာတတ်တယ်၊ အရည်အချင်းရှိတဲ့ လယ်ယာလုပ်သားတွေကတော့ အရည်အချင်းအလိုက် လစာကွာခြားသွားမှာပါ၊ အခုနောက်ပိုင်းမှာ တောင်သူလူငယ်တွေအများစုက ရိတ်သိမ်းခြွေလှေ့စက်တွေကို မောင်းနှင်ကိုင်တွယ်တတ်လာတယ်၊ အချို့က စိုက်ပျိုးရေးဆေးတွေကိုပိုပြီး အချိုးအစားမှန်မှန်သုံးတတ်တယ်၊ အဲဒီလိုလူတွေအတွက်ဆိုရင် ပေးရကျိုးနပ်တာမို့ အားလုံး အရည်အချင်းပြည့်မီအောင် သင်ကြားပေးဖို့လိုတယ်"ဟု ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း တောင်သူများ သိရှိလိုသည့် စိုက်ပျိုးရေးဆိုင်ရာသတင်းအချက်အလက်များ၊ အပင်များ၊ ပိုးမွှားများ၊ ဓာတ်မြေသြဇာများနှင့် မြေအနေအထား၊ သီးနှံဈေးနှုန်း စသည့် အချက်အလက်များကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်မည့် Call Center တစ်ခုကို ယခုလ ၂ ရက်နေ့က စတင်ဖွင့်လှစ်ပေးခဲ့ပြီး ဖုန်းနံပါတ် ၀၁-၂၃၉၉၅၅သို့ ဆက်သွယ်မေးမြန်းနိုင်ရန် စီစဉ်ထားသည်။ တောင်သူများအတွက် အရည်အသွေးမြင့်မားလာစေရန် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပညာပေးဟောပြောခြင်းတို့ ပိုမိုဆောင်ရွက်လာသည်ကို မြင်တွေ့ရသည်။

### သမားရိုးကျ စိုက်နည်းစနစ်များကို စွန့်ပယ်ရန်

"ကျွန်တော့်မိဘတွေက ပုပ္ပါးဇာတိဖြစ်ပါတယ်၊ ကျွန်တော့်ကိုတော့ သူတို့လိုတောင်သူတွေမဖြစ်စေချင်လို့ ရန်ကုန်မှာကျောင်းထားခဲ့တယ်၊ ဘွဲ့ရပြီးတဲ့အခါ ကျွန်တော်ကိုယ်တိုင်လည်း ဝါသနာပါတော့ ပုပ္ပါးကိုပြန်ပြီး နဂါးမောက်စစိုက်တယ်၊ တစ်ဖက်မှာ စပါးလည်းစိုက်တယ်၊ အဓိကကတော့ လယ်ယာလုပ်သားရှားပါးတာထက် သမားရိုးကျစနစ်ကိုပဲကျင့်သုံးနေကြလို့ အခက်ကြုံနေရတယ်လို့ ထင်ပါတယ်၊ အခုခေတ်မှာ နည်းပညာအသုံးပြုရင်ပြုသလို ရေကြောမြေကြောတူရင်တောင် ကွာခြားတယ်၊ အသုံးပြုတဲ့ ဆေးဝါးတွေနဲ့ မြေသြဇာတွေကိုလည်း တောင်သူတွေ နားလည်သဘောပေါက်ဖို့ လိုအပ်တယ်၊ ဈေးကွက်အခြေအနေကိုလည်း တောင်သူတိုင်းက သုံးသပ်နိုင်ရမယ်၊ နောက်ဆုံး နိုင်ငံရေးအခြေအနေတွေကိုလည်းသိထားရင် ပြည်ပတင်ပို့တာရော ကြိုခန့်မှန်းနိုင်တယ်၊ အလုပ်သမားတွေငှားတဲ့နေရာမှာလည်း ဧကနဲ့အပြတ်ငှားမလား၊ တစ်ဦးချင်းငှားမလား စသည်ဖြင့် ကိုယ်နဲ့ကိုက်ညီတာကို ရွေးဖို့လိုတယ်၊ အခုနောက်ပိုင်းမှာ အာဆီယံကနေ စိုက်ပျိုးရေးလုပ်သားတွေရဲ့ သားသမီးတွေအတွက် ပညာသင်ဆုတွေပေးနေတာရှိတယ်၊ ဥရောပသမဂ္ဂကလည်း စိုက်ပျိုးရေးလုပ်သားတွေရဲ့မိသားစုတွေအတွက် စိုက်ပျိုးရေးနည်းပညာတွေပေးတာရှိတယ်၊ ဒါတွေကိုလေ့လာပြီး ဘယ်လို 'မျိုး'ကို အသုံးပြုမလဲ၊ အသီးတင်အောင် ဘယ်လိုလုပ်မလဲစတာတွေ ပိုသိလာနိုင်တယ်၊ လယ်ထဲယာထဲမှာ အချိန်ပေးတိုင်း မအောင်မြင်တော့ဘူး၊ ဘက်ပေါင်းစုံသုံးသပ်နိုင်လာမှသာ လယ်ယာလုပ်သားတွေဘဝ မြင့်မားလာမယ်"ဟု ဆွေ့ထိပ်ထား သီးနှံရောင်းဝယ်ရေးနှင့် ဆန်စက်ပိုင်ရှင် ကိုကျော်ဇင်မျိုးက ပြောပြသည်။

အာဆီယံနိုင်ငံများမှ ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့သည့် အခြားနိုင်ငံများတွင် မိရိုးဖလာစိုက်ပျိုးနည်းထက် နည်းပညာသုံးစိုက်ပျိုးနည်းများကို စက်မှုလယ်ယာစနစ်ဖြင့် တွင်ကျယ်စွာ လုပ်ဆောင်လျက်ရှိပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန် ကြိုးစားလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း သမားရိုးကျ မိရိုးဖလာစိုက်ပျိုးနည်းများကို စွန့်ပယ်ရန်နှင့် အသစ်တီထွင်ဖန်တီးထုတ်လုပ်နိုင်ရန် လိုအပ်နေပြီဖြစ်သည်။

### အနာဂတ် မြန်မာ့စိုက်ပျိုးရေးအတွက်

မြန်မာနိုင်ငံတွင် ကလေးသူငယ် စုစုပေါင်း ၁၂သန်းရှိပြီး ယင်းတို့အနက် အလုပ်လုပ်နေသော ကလေးသူငယ်များထဲမှ ၅၅ ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပင်လယ်ပြင်၊ မြစ်ချောင်းများတွင်ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ကြကာ ကျေးလက်တွင်အလုပ်လုပ်ကြသည့် ကလေးသူငယ်များအားလုံး၏ ၆၆ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်းခွင်အတွင်း ရောက်ရှိနေကြသည်။ အသက် ၁၅ နှစ်မှ ၁၇နှစ်အထိ အသက်အုပ်စု၏ ၅၇ ရာခိုင်နှုန်းနှင့် အသက် ၁၂ နှစ်မှ ၁၄နှစ်အထိ အသက်အုပ်စု၏ ၅၃ ရာခိုင်နှုန်းသည်လည်း လယ်ယာလုပ်ငန်းခွင်များတွင် လုပ်ကိုင်လျက်ရှိကြသည်။

ထိုကလေးများသည် အနာဂတ်မြန်မာ့စိုက်ပျိုးရေး၏ စွမ်းအားရှင်များဖြစ်လာကြမည်ဖြစ်ရာ ၎င်းတို့အား ယခုအချိန်မှစတင်ကာ အသိပညာမြှင့်တင်ပေးခြင်း၊ စိုက်ပျိုးရေးအသိပညာများဖြန့်ဝေပေးခြင်း၊ မိရိုးဖလာ လယ်ယာလုပ်ငန်းလုပ်ကိုင်မှုမှ ကွဲထွက်ကာ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းရေးလမ်းစဉ်များတွင် ပါဝင်စေခြင်းဖြင့် မြန်မာ့လယ်ယာကဏ္ဍ၏ ကုန်ထုတ်စွမ်းအားရှင်များအရည်အသွေးကို ဆန်းစစ်မြှင့်တင်ဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း။ ။

"အဓိကကတော့ လယ်ယာလုပ်သားရှားပါးတာထက် သမားရိုးကျစနစ်ကိုပဲကျင့်သုံးနေကြလို့ အခက်ကြုံနေရတယ်လို့ ထင်ပါတယ်၊ အခုခေတ်မှာ နည်းပညာအသုံးပြုရင်ပြုသလို ရေကြောမြေကြော တူရင်တောင် ကွာခြားတယ်၊ အသုံးပြုတဲ့ ဆေးဝါးတွေနဲ့ မြေသြဇာတွေကိုလည်း တောင်သူတွေ နားလည်သဘောပေါက်ဖို့လိုအပ်တယ်၊ ဈေးကွက်အခြေအနေကိုလည်း တောင်သူတိုင်းက သုံးသပ်နိုင်ရမယ်၊ နောက်ဆုံး နိုင်ငံရေးအခြေအနေတွေကိုလည်းသိထားရင် ပြည်ပတင်ပို့တာရော ကြိုခန့်မှန်းနိုင်တယ်၊ လယ်ထဲယာထဲမှာ အချိန်ပေးတိုင်း မအောင်မြင်တော့ဘူး၊ ဘက်ပေါင်းစုံသုံးသပ်နိုင်လာမှသာ လယ်ယာလုပ်သားတွေဘဝ မြင့်မားလာမယ်"

# ကျောက်မီးသွေးသတ္တုတူးဖော်ခြင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းညှိနှိုင်းစည်းဝေး



**ကလေး ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာအုပ်စုတွင် လတ်တလော ဖြစ်ပွားခဲ့သော ထွန်းသွင်ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းရှိတွင်း အမှတ်(၂) တွင်း ပြိုကျမှုနှင့် ပတ်သက်၍ ကျောက် မီးသွေးသတ္တုတူးဖော်ခြင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက အမှာစကား ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်က လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ပတ်သက်၍ ကုမ္ပဏီပိုင်ရှင်များ၊ လုပ်ငန်းရှင်များ မလွဲမသွေ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း စည်းကမ်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုက မိမိအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း စည်းကမ်းများနှင့် ပတ်သက်၍ လိုက်နာမှု ရှိ၊ မရှိကို အလုပ်သမားများ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဌာနကိုကျွမ်းကျင်သူများဖြင့်ပူးပေါင်းလျက် မကြာခဏ စစ်ဆေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်တိုးက နိုင်ငံခြားသား ဝင်/ထွက်သွားလာနေထိုင်လုပ်ကိုင်မှုနှင့် ပတ်သက်သော တည်ဆဲဥပဒေများနှင့် ဗီဇာ စည်းမျဉ်း စည်းကမ်းများ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကလေးမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သတ္တုတွင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုမ္ပဏီ ၁၄ ခုမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# အွန်လိုင်းအသုံးပြုငွေပေးချေမှုအတွက် နည်းပညာမြင့် ဗီဇာအကြွေးဝယ်ကတ်ကို ပုဂ္ဂလိကဘဏ်နှင့် ဗီဇာတို့ ပူးပေါင်းဆောင်ရွက်




**နေပြည်တော် ဩဂုတ် ၅**

နေ့စဉ်လူနေမှုဘဝအတွက် အသုံးဝင်နိုင်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတစ်ခုအား ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သည့် AGD ဘဏ်က ဩဂုတ် ၁ ရက်တွင် စတင်မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။ ယင်းနည်းစနစ်သည် Visa Credit Card အမျိုးအစားဖြစ်ပြီး အသုံးပြုသူများအနေဖြင့် Visa Classic ၊ Visa Gold နှင့် Visa Platinum Card တို့ဖြစ်ကြောင်း သိရသည်။

ယင်းကတ်သည် လုံခြုံရေးမြင့်မားစေရန် မိုဘိုင်းဖုန်းဖြင့် ချက်ချင်းလော့ခ်ပြုလုပ်နိုင်ခြင်းဖြင့် ထိန်းချုပ်နိုင်ပြီး ပြည်တွင်းနှင့် ကမ္ဘာတစ်ဝန်းလုံးရှိ ၄၅ သန်းကျော်သော ဆိုင်များနှင့် ဝက်ဘ်ဆိုက်များ၊ ဖုန်းအပလီကေးရှင်းများတွင် အသုံးပြုဝင်ရောက်နိုင်ကြောင်း၊ အကယ်၍ ကတ်ပျောက်ဆုံးပါကလည်း ဖုန်းမှတစ်ဆင့် အခြားသူများ လုံးဝဝင်ရောက်ခြင်းမပြုနိုင်ရန် လုံခြုံရေးနည်းစနစ်အခြေခံထားကြောင်း အဆိုပါ မိတ်ဆက်ပွဲမှ သိရသည်။

အွန်လိုင်းဈေးဝယ်စနစ် တွင်ကျယ်လာသည့် ယခုအချိန်တွင် ယင်းကတ်သည် များစွာအကူအညီပေးနိုင်သည်ဟု သိရှိရပြီး ကတ်နံပါတ်၊ သက်တမ်းနှင့် လုံခြုံရေးအမှတ်များကို ကတ်၏ မျက်နှာစာတစ်ဖက်တည်းတွင် ဖော်ပြထားသည်ကို မြင်တွေ့ရသည်။ “ကျွန်တော်တို့ဘဏ်နဲ့ ဗီဇာနဲ့ ပူးပေါင်းပြီး AGD Visa Credit ကို မိတ်ဆက်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ကတ်ကိုအသုံးပြုပြီး ရှယ်ယာရှင်တွေ၊ ဘဏ်အဖွဲ့အစည်းတွေနဲ့ နိုင်ငံအတွက်ပါ အများကြီး အကျိုးရှိစေဖို့ ရည်ရွယ်ခဲ့ပါတယ်”ဟု AGD ဘဏ်၏ မန်နေဂျင်းဒါရိုက်တာ ဦးထူးထက်တေဇက ပြောသည်။

နိုင်ငံတကာတွင် ဗီဇာကတ်ကို အသုံးပြုနိုင်ပြီး ယခုမိတ်ဆက်သည့် AGD Visa Credit ကတ်သည် ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ် ဦးတည်နေသည့် မိမိနိုင်ငံအတွက် ကမ္ဘာနှင့် ရင်ပေါင်တန်းအသုံးပြုနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ငွေသားကိုင်ဆောင်ရန် မလိုအပ်တော့သည့်စနစ် ဖြစ်သည့်အတွက် အောင်မြင်ရန် မျှော်မှန်းကြောင်း၊ ယခုကတ် ကိုင်ဆောင်သူများသည် ကမ္ဘာတစ်ဝန်းလုံးမှ အခြားဗီဇာကတ်ကိုင်ဆောင်သူများနည်းတူ အခွင့်အရေးများရရှိနိုင်မည်ဖြစ်ကြောင်း၊ ငွေသားအခြေခံစီးပွားရေးစနစ်မှသည် ဒစ်ဂျစ်တယ်အခြေခံ စီးပွားရေးစနစ်သို့ ကူးပြောင်းရာတွင် အထောက်အပံ့ဖြစ်လာနိုင်ကြောင်း ဗီဇာ၏ ဌာနေအရာရှိက ပြောကြားသည်။

ယင်းကတ်များကို အသက် ၂၁ နှစ်ပြည့်ပြီးသူတိုင်း သက်သေခံအထောက်အထားများနှင့်အတူ နီးစပ်ရာ AGD ဘဏ်များတွင် လျှောက်ထားနိုင်ကြောင်း သိရသည်။

**သွန်းဝသန်**

# တောင်ငူမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**တောင်ငူ ဩဂုတ် ၅ -** ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည့် ကျေးရွာသုံးရွာအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်နွယ်နီဦးက စီမံကိန်းနှင့်ပတ်သက်သည်များကို လည်းကောင်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငုဝါထွေးက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း ပြောကြားခဲ့သည်။ ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည့် ကျေးရွာများဖြစ်သော ဝက်ခေါက်စိန်ကျေးရွာ၊ အလယ်ကျွန်းကျေးရွာ၊ ရှမ်းပြုံးချောင်းကျေးရွာတို့ကို တစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၁၀၀ စီအား လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဩဂုတ် ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည့် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် နှစ်လယ်ညီလာခံ (AFEO Mid Term Meeting) သို့ တက်ရောက်ရန် ဩဂုတ် ၄ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာစဉ်။ သတင်းစဉ်

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၈-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၈၀/၉၀၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၅/၉၅၀ ကျပ် | ၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၃၁ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၅၈ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၄၅ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၂ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၀ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၃ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၉ · ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၈၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ · ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၀ · ၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၉၄၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှုအစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ပညာရှင်များ



**ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်**

**တစ်နေ့က ကျွန်တော်စွယ်တော်ဘုရားကြီးအနီးမှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်ကို သွားရောက်ခဲ့တယ်။ အမှန်တော့ သွားဖို့စီစဉ်ထားတာတော့ လနဲ့ချီနေပြီ။ ဒါပေမယ့် အဆင်မပြေတာမို့ မရောက်ခဲ့တာ။ ဒီတက္ကသိုလ်က ဆရာလေးဒေါက်တာဒေါ်နီမာလက ကျွန်တော့်ကို ဟောပြောပွဲလုပ်ပေးဖို့ ပြောလာတယ်။ ကျွန်တော်ကလည်း လုပ်ပေးချင်တယ်။ နောက်ဆုံးတော့ နှစ်ဖက်စလုံး အဆင်ပြေမယ့်နေ့မှာ သွားရောက်ခဲ့တယ်။ တက္ကသိုလ်ကိုရောက်တော့ ဆရာလေးနဲ့ ကျန်တဲ့သူတွေက လာကြိုနေကြတယ်။ မိုးတွေက သည်းတာမို့ ချိန်းတဲ့အချိန်နဲ့ နည်းနည်းနောက်ကျသွားတယ်။ ဒီလိုဖြစ်ရတာကို မကျေနပ်ဘူး။ ချိန်းထားတဲ့အချိန်ထက် စောစောရောက်နိုင်အောင် ကျွန်တော်အမြဲအားထုတ်တယ်။ သူများစောင့်တာကို မကြိုက်ဘူး။**

## ဥပဒေသကို ချိုးဖောက်နေတာတွေ့ရ

ခန်းမကြီးထဲရောက်တော့ လက်ယာဘက်မှာ သံဃာတော်တွေ၊ လက်ဝဲဘက်မှာတော့ ဆရာလေး သီလရှင်တွေရယ် ဒါယကာ၊ ဒါယိကာမတွေ နေရာယူထားတာ တွေ့ရတယ်။ အဝတ်အစားတွေ ကြည့်တဲ့အခါ နိုင်ငံခြားကလူတွေလည်း ပါဝင်ကြောင်း သတိပြုမိတယ်။ အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်မို့ အခုလို နိုင်ငံခြားသင်တန်းသားတွေရှိတာ။ ဆရာလေးက မိတ်ဆက်စကားပြောတယ်။ အင်္ဂလိပ်လို ပြောတာ။ ဒါကြောင့်လည်း ဟောပြောဆွေးနွေးတဲ့အခါ အင်္ဂလိပ်စကားသုံးရမယ်ဆိုတာ သတိထားလိုက်တယ်။ နိုင်ငံခြားကျောင်းသား၊ ကျောင်းသူတွေအတွက် ကျွန်တော့်ရဲ့ တင်ပြမှုကို slide တွေ ပြင်ဆင်တဲ့နေရာမှာ အင်္ဂလိပ်လိုဖြစ်နေတာမို့ အဆင်သင့်ဖြစ်သွားတယ်။ အမှန်တော့ မြန်မာလိုနဲ့ slide တွေကို ကျွန်တော်တစ်ကြိမ်တစ်ခါမှ မပြင်ဆင်ခဲ့ဘူး။ အမှန်တော့ Power Point နဲ့ မြန်မာစာက သိပ်မကိုက်လှဘူး လို့ထင်တယ်။ Power Point ရဲ့အဓိပ္ပာယ်က ပြောစရာရှိသမျှကို အချက်ကျကျ point ကို ထိထိမိမိ power တင်ပြဖို့ ဖြစ်တယ်။ တိုက်ရိုက်ဘာသာပြန်ရင် အင်အားရှိတဲ့အချက်အလက်တွေ၊ ထိရောက်တဲ့အချက်အလက်တွေ ဖြစ်တယ်။ ဒီအချက်ကိုမေ့ပြီး တင်ပြသူတွေဟာ စာစီစာကုံးပုံစံနဲ့ Power Point ကို သုံးနေတာတွေ့ရတယ်။ ကိုယ်ပြောချင်တဲ့၊ အဓိကကျတဲ့အချက်တွေကို ကောက်နုတ်ပြီး တင်ပြရမှာ။ ပိုဆိုးတာက ကိုယ်ရေးသမျှကို တစ်လုံးမကျန် ဖတ်ပြနေတာ Power Point ရဲ့ အဓိပ္ပာယ် လုံးဝပျောက်သွားတယ်။ Power Point သုံးစွဲမှုနဲ့ပတ်သက်ပြီး ဥပဒေသတစ်ခုကို သတိရမိတယ်။ ဒီဥပဒေသက ၁၀/၂၀/၃၀ ဖြစ်တယ်။ Power Point သုံးမယ်ဆိုရင် အများဆုံး slide ၁၀ ချပ်သုံးပြီး တင်ပြမှုဟာ မိနစ် ၂၀ ထက်မကျော်ဘဲ slide မှာ ပါတဲ့စကားတွေရဲ့ အရွယ်အစားဟာ ၃၀ အနည်းဆုံးရှိရမယ်။ ဒီဥပဒေသကိုလိုက်နာရင် တင်ပြမှုဟာ ပရိသတ်တွေရဲ့ အာရုံကို ဆွဲဆောင်နိုင်မှာဖြစ်တယ်။ အခုတော့လူတွေက ဒီဥပဒေသကို ချိုးဖောက်နေတာတွေ့ရတယ်။

ဆရာလေးက ပညာရှင်များအတွက် EQ အကြောင်း ဟောဖို့ တောင်းခံခဲ့တာဖြစ်တယ်။ ကျွန်တော်ကလည်း ဒီခေါင်းစဉ်ကို နှစ်သက်တယ်။ အကြောင်းကတော့ ခေါင်းစဉ်ထဲမှာ ပါဝင်တဲ့ ပညာရှင်တွေနဲ့ EQ ဆိုတဲ့ အကြောင်းအရာနှစ်ခုကို ကျွန်တော်မြတ်နိုးနှစ်သက်တာမို့ပါ။ ပညာရှင်ဆိုတာက academic ကို ရည်ညွှန်းတာဖြစ်တယ်။ကျွန်တော်ဟာ တစ်သက်လုံး academic တစ်ယောက်ဖြစ်ချင်တယ်။ ပညာရှင်ဆိုတာထက် ပညာရှာသူဖြစ်ချင်တာ။ ဟောပြောပွဲရဲ့ ပထမပိုင်းမှာ ပညာရှင်တစ်ယောက်လုပ်ရမယ့် လုပ်ငန်းတာဝန်ဖြစ်တယ်။ ပညာရှင်တစ်ဦးမှာရှိရမယ့် အသိ၊ အတတ်ကို တင်ပြဆွေးနွေးခဲ့တယ်။ ပညာရှင်တစ်ဦးကို academic လို့ပြောပြီး ပညာရှင်တွေကိုတော့ academician လို့ သတ်မှတ် ပါတယ်။ ပညာရှင်တစ်ယောက် အခြေခံတာဝန်လေးရပ်ရှိကြောင်း ဦးစွာတင်ပြခဲ့တယ်။ ဒီတာဝန်တွေကတော့ သင်ကြားမှု (teaching)ဖြစ်တယ်။ စာသင်တာ မလွယ်ပါဘူး။ ကိုယ်သိတာ၊ ကိုယ်တတ်တာကို တစ်ဖက်သားနားလည်အောင်၊ စိတ်ဝင်စားအောင်၊ သဘောပေါက်အောင် ပြောရဆိုရတာက ပေါ့သေးသေးမဟုတ်ဘူး။ သိတိုင်း မသိတတ်ဘူး။ သူများနားလည်အောင် သဘောပေါက်အောင် ပြောရတာက သိမ်မွေ့တဲ့ကိစ္စ။ ခက်ခဲတဲ့အရာတစ်ခုကို လွယ်လွယ်နားလည်အောင် ပြောတတ်ဖို့က လေ့ကျင့်ရတဲ့အရာ။ ဒါကြောင့်လည်း သိပ္ပံပညာရှင် အိုင်းစတိုင်းက "ခြောက်နှစ်သား ကလေးတစ်ယောက် နားလည်အောင်မပြောတတ်ရင် ကိုယ့်ရဲ့အားနည်းချက်ပဲ" လို့ သတိပေးခဲ့ပါတယ်။ လွယ်အောင်သင်တတ်ဖို့ အရေးကြီးတာ။ ခက်အောင်လုပ်တာက လွယ်တာ။ ခက်တာကို လွယ်အောင် ပြောတတ်ဖို့က ပညာသားပါပါတယ်။

## သုတေသနလုပ်နိုင်ဖို့ အထူးလိုအပ်

ပညာရှင်တစ်ဦးဟာ စာသင်တတ်ရုံမဟုတ်ဘဲ သုတေသနလုပ်ရမှာဖြစ်တယ်။ သုတေသနမလုပ်ဘဲ စာသင်နေရင် မထိရောက်လှဘူး။ သုတေသနမပါတဲ့ စာသင်ကြားမှုဟာ အခြားသူတွေ ရေးသားထားတာတွေကို ပြန်ပြီးမျှဝေမှုသာဖြစ်တယ်။ ဒါကြောင့် သုတေသနလုပ်နိုင်ဖို့ အထူးလိုအပ်တယ်။ သုတေသနဟာ မလုပ်မဖြစ်တဲ့ အရာတစ်ခုဖြစ်တယ်။ သုတေသနလုပ်မှ အသိတရားအသစ်တွေ ရနိုင်မှာဖြစ်တယ်။ ရတဲ့အသိတွေကို သင်ကြားနိုင်မှာ ဖြစ်တယ်။ သုတေသနဆောင်ရွက်ပြီးတဲ့အခါ ရေးသားထုတ်ဝေဖို့ လိုအပ်ပြန်တယ်။ သုတေသနတွေ့ရှိချက်တွေကို အများသိအောင် စာတမ်းတွေပြုစုပြီး ထုတ်ဝေဖို့ လိုအပ်တယ်။ သုတေသနစာတမ်းပြုစုရေးဟာ အလွန်လိုအပ်တဲ့ အလုပ်တာဝန်ဖြစ်တယ်။ စာတမ်းတွေအပြင် စာအုပ်တွေရေးဖို့ လိုတယ်။ အရေးအသား မရှိပြန်ရင်လည်း မပြည့်စုံနိုင်ဘူး။ နိုင်ငံခြားတက္ကသိုလ်တွေမှာ ပညာရှင်တွေကို ဒီတာဝန်လေးရပ်အပေါ် အခြေခံပြီး ဆန်းစစ်ကြတယ်။ တက္ကသိုလ်မှာ တာဝန်ယူရင် စာသင်ကြားမှု၊ သုတေသနဆောင်ရွက်မှုနဲ့ ရေးသားပြုစုထုတ်ဝေမှု၊ ပေတံသုံးခုနဲ့ အဆုံးအဖြတ်ပေးကြတယ်။

အခုလို တာဝန်သုံးရပ်ရှိပေမယ့် ပညာရှင်တွေအနေနဲ့ မလုပ်မဖြစ်တဲ့ နောက်တာဝန်တစ်ရပ်ကတော့ အုပ်ချုပ်ရေးတာဝန်ဖြစ်တယ်။ အုပ်ချုပ်ရေးတာဝန်ကို မလွဲမသွေ ယူနေကြရပြန်တယ်။ ကျွန်တော်တို့ တက္ကသိုလ်တွေမှာတော့ ပညာရှင်တွေဟာ အုပ်ချုပ်ရေးတာဝန်တွေနဲ့ ပိနေတယ်။ ဒီတာဝန်တွေကများတော့ သုတေသနအလုပ်တွေ၊ သင်ကြားမှုအလုပ်တွေ၊ ရေးသားမှုအလုပ်တွေမှာ ထိခိုက်တယ်။ အမှန်တော့ academic ပညာရှင်အလုပ်နဲ့ administrative တာဝန်တွေကို ခွဲခြားဖို့လိုအပ်တယ်။ လိုင်းမတူဘူး။ အခုတော့ ရာထူးတိုးဖို့ အုပ်ချုပ်ရေးတာဝန်ယူကြရတယ်။ ပါမောက္ခချုပ်ဖြစ်လာရင် စာသင်ဖို့၊ သုတေသနလုပ်ဖို့၊ ရေးသားထုတ်ဝေဖို့ အချိန်မရှိတော့ဘဲ အုပ်ချုပ်ရေးတာဝန်တွေနဲ့ နစ်သွားတယ်။ ဒီလိုဖြစ်တာဟာ ကြီးမားတဲ့ဆုံးရှုံးမှုတစ်ရပ်ဖြစ်တယ်။ ပညာရှင်တစ်ဦးဆုံးရှုံးသွားရတာ။ စနစ်က ဒီလိုဖြစ်နေတော့ လုပ်ရကိုင်ရခက်တယ်။ နဂိုကတည်းက ပညာရေးနဲ့ အုပ်ချုပ်မှုတာဝန်တွေ ခွဲခြားလိုက်ရင် အဆင်ပြေမှာဖြစ်တယ်။ ဒီတာဝန်လေးရပ်ကို ပညာရှင်တွေယူရသလို ပညာရှင်တွေမှာရှိအပ်တဲ့ အတတ်ပညာတွေကို ယေဘုယျအားဖြင့် နှစ်ပိုင်းခွဲခြားနိုင်တယ်။

ဒါကို "အမာ"၊ "အပျော့"လို့ သတ်မှတ်လို့ရတယ်။ "အမာ"ဆိုတာဘာသာရပ်နဲ့ ပတ်သက်ပြီးကျွမ်းကျင်မှုရှိဖို့ ဖြစ်ပြီး "အပျော့"ကတော့ ပေါင်းသင်းဆက်ဆံရေး၊ ပြောတတ်ဆိုတတ်မှု၊ အများနဲ့ အဆင်ပြေအောင်နေထိုင်တတ်မှုဖြစ်တယ်။ ပညာရှင်တစ်ဦးမှာ "အမာ"နဲ့ "အပျော့" မျှမျှတတ ကျွမ်းကျင်ဖို့ လိုအပ်တယ်။ နှစ်ခုစလုံးဟာ အရေးပါတယ်။

ပထမပိုင်းမှာ ပညာရှင်တွေနဲ့ ပတ်သက်ပြီး တင်ပြခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ EQ အကြောင်း ရှင်းလင်းတင်ပြခဲ့ပါတယ်။ EQ နဲ့ပတ်သက်ပြီး ၆ စက္ကန့်ကို ဗဟိုပြုပြီး ဆွေးနွေးခဲ့တယ်။ ၆ စက္ကန့်ဆိုတဲ့ အချိန်ဟာ ခဏသာဖြစ်တယ်။ ဒါပေမယ့် ဒီ ၆ စက္ကန့်အတွင်း ကိုယ့်စိတ်ကိုမထိန်းချုပ်နိုင်တဲ့အတွက် မထင်မှတ်တဲ့၊ မရည်ရွယ်တဲ့ပြဿနာတွေ ပေါ်တတ်တယ်။ ဒေါသထွက်လာရင် ၆ စက္ကန့်စောင့်နိုင်ရင် ထွက်လာတဲ့ဒေါသ အလိုလိုပျောက်နိုင်တယ်။ ချက်ချင်းမထွက်ဘဲ ကိုယ့်စိတ်ကို ကိုယ်ထိန်းနိုင်ဖို့လိုအပ်တယ်။

> **"ဘဝမှာရယူခြင်းကိုမစဉ်းစားဘဲ ကိုယ်ကဘာလုပ်ပေးနိုင်မလဲ၊ ဘယ်လိုပေးဆပ်ရမလဲဆိုတာကိုသာ ဦးစားပေးရမှာ။ ရယူခြင်းဟာ မလေးနက်ဘူး။ တန်ဖိုးရှိတဲ့အရာက ပေးဆပ်မှုသာဖြစ်တယ်။ အမြဲတမ်းသူများအတွက် ဘာလုပ်ပေးရမလဲ၊ ဘယ်လို ကူညီမစရမလဲဆိုတာကိုသာ စဉ်းစားနေဖို့လိုအပ်"**

## ဉာဏ်ရည်ထက်မြက်မှုကိုအရေးပေး

EQ ဆိုတာက (emotionally intelligent) ဖြစ်တာကို ဆိုတာ အဓိပ္ပာယ်ကတော့ မိမိရဲ့စိတ်ခံစားမှုတွေကိုထိန်းသိမ်း၊ ထိန်းချုပ်နိုင်မှုပဲဖြစ်တယ်။ အရင်တုန်းက လူတစ်ယောက်မှာ ဉာဏ်ရည်ထက်မြက်မှုကို အရေးပေးတယ်။ ကလေးတစ်ယောက်တော်တယ်လို့ပြောရင် စာတော်တာကိုပြောတာ၊ ဉာဏ်ကောင်းတာကိုဆိုလိုတာ။ ဒါပေမယ့် စာတော်တိုင်း ဘဝမှာမအောင်မြင်ဘူး။ ဉာဏ်ရည်မြင့်တိုင်း အစစအရာရာ အဆင်မပြေလှဘူး။ ဒါကြောင့် စိတ်ပညာရှင်တွေက EQ ဆိုတဲ့ အရာကို ဖော်ထုတ်ခဲ့တာဖြစ်တယ်။ လူတစ်ယောက်အောင်မြင်ဖို့ IQ လို့ ခေါ်တဲ့ ဉာဏ်ရည်မြင့်မားမှုနဲ့ EQ လို့ခေါ်တဲ့ စိတ်ခံစားမှုနဲ့ပတ်သက်ပြီး လိမ္မာပါးနပ်မှုလိုအပ်ကြောင်း လက်ခံလာခဲ့တယ်။ IQ ဟာ ၂၀ ရာခိုင်နှုန်းမျှအရေးကြီးပြီး EQ က ၈၀ ရာခိုင်နှုန်း အရေးပါကြောင်း ယေဘုယျအားဖြင့် တွေ့ရှိခဲ့တယ်။ EQ နဲ့ ပတ်သက်လာရင် ဆွေးနွေးပွဲမှာ အစိတ်အပိုင်းသုံးရပ်ကို တင်ပြခဲ့ပါတယ်။ ပထမပိုင်းက (Know Yourself) ကိုယ့်အကြောင်းကိုယ်သိဖို့။ ကိုယ့်အကြောင်းကိုယ်သိဖို့ဟာ မလွယ်ကူပါဘူး။ သိတယ်လို့ ထင်ကြတယ်။ ဒါပေမယ့် အပြည့်အဝမသိနိုင်ဘူး။ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်သုံးသပ်ဖို့ လိုအပ်တယ်။ ကျွန်တော်နားလည်သလောက်ပြောရရင် တရားအားထုတ်တဲ့နေရာမှာ ကိုယ့်အကြောင်းကိုယ် သိအောင်လုပ်တာက အဓိကလို့မြင်မိတယ်။ ကိုယ့်အကြောင်းကိုယ် သိနိုင်အောင် ရင်းနှီးတဲ့ သားချင်းတွေ၊ မိတ်ဆွေအပေါင်းသင်းတွေကို မေးလို့ရတယ်။ ကိုယ့်ရဲ့အားနည်းချက်ကို တစ်ခါတလေ ကိုယ်ကအမှုမဲ့အမှတ်မဲ့ သိရင်တောင် မသိချင်ယောင်ဆောင်တတ်ကြတယ်။ ဒါကြောင့် ကိုယ့်ကို အရှိကိုအရှိတိုင်း ပြောပြနိုင်မယ့်သူကို အားကိုးရမယ်။ တစ်ဖက်ကလည်း ဟန်မဆောင်ဖို့ကလည်း အရေးပါတယ်။ စစ်မှန်ဖို့လိုတယ်။ ပွင့်လင်းမြင်သာဖို့ အရေးကြီးတယ်။ လူတွေဟာ သူများအထင်ကြီးအောင် ပြောဆိုတတ်ကြတယ်။ နေထိုင်တတ်ကြတယ်။ ဟန်ဆောင်ကြတယ်။ စစ်မှန်မှုကို မလိုလားကြဘူး။ ဒါကြောင့် ရိုးသားဖို့လိုအပ်တယ်။

## လူတိုင်းမှာ ရွေးချယ်ပိုင်ခွင့်ရှိ

ဒုတိယအစိတ်အပိုင်းက ကိုယ့်ကိုယ်ကိုယ် ရွေးချယ်မှုဖြစ်တယ်။ စိတ်ဆိုးတာဟာ ကိုယ်ရွေးချယ်လို့ဖြစ်တာ။ ဆိုးမယ်၊ မဆိုးဘူးဆိုတာ မိမိရဲ့ရွေးချယ်မှုသာဖြစ်တယ်။ သူများလုပ်လို့ စိတ်ဆိုးရင် သူကကိုယ့်အပေါ် လွှမ်းမိုးသွားတာဖြစ်တယ်။ ဒါကြောင့် နားလည်လွယ်တဲ့ ဥပမာတစ်ခုက လက်ဆောင်တစ်ခုရလို့ ကိုယ်ကလက်မခံရင် ဒီလက်ဆောင်ဟာ ပေးတဲ့သူဆီပြန်ရောက်သွားတယ်။ ဒါကြောင့်တစ်ယောက်ကကိုယ့်ကို စော်ကားရင် ကိုယ်ကလက်ခံလိုက်မှ အစော်ကားခံရတာ။ လက်မခံရင်စော်ကားတဲ့သူဆီ ပြန်ရောက်သွားတာ။ လူတိုင်းမှာ ရွေးချယ်ခွင့်ရှိတယ်။ ဖြစ်ပေါ်လာတဲ့ခံစားမှုကို ချင့်ချိန်ပြီး ရွေးချယ်ရမှာသာဖြစ်တယ်။ စိတ်ညစ်တာ၊ စိတ်ပူတာ၊ စိုးရိမ်တာ၊ ဒေါသဖြစ်တာ၊ မနာလိုဖြစ်တာ၊ စိတ်ခံစားမှုတွေဟာမိမိရဲ့ ရွေးချယ်မှုအပေါ်သာဖြစ်တယ်။ ဘယ်သူမှ မဆိုင်ဘူး။ မိမိနဲ့သာဆိုင်တာ။

နောက်ဆုံးအစိတ်အပိုင်းက ပေးဆပ်မှုပဲဖြစ်တယ်။ ဘဝမှာ ရယူခြင်းကို မစဉ်းစားဘဲ ကိုယ်ကဘာလုပ်ပေးနိုင်မလဲ၊ ဘယ်လိုပေးဆပ်ရမလဲဆိုတာကိုသာ ဦးစားပေးရမှာ။ ရယူခြင်းဟာ မလေးနက်ဘူး။ တန်ဖိုးရှိတဲ့အရာက ပေးဆပ်မှုသာဖြစ်တယ်။ အမြဲတမ်းသူများအတွက် ဘာလုပ်ပေးရမလဲ၊ ဘယ်လို ကူညီမစရမလဲဆိုတာကိုသာ စဉ်းစားနေဖို့လိုအပ်တယ်။

ကျွန်တော်က အခုလိုတင်ပြပြီး မေးခွန်းတွေ မေးစေပါတယ်။ မေးတဲ့မေးခွန်းတွေက တန်ဖိုးရှိလှတယ်။ တက်ရောက်လာသူတွေက ပညာရှင်တွေဖြစ်လို့ မေးခွန်းတွေဟာ ပညာပါလှတယ်။ သိချင်လို့မေးတာ၊ ဆွေးနွေးတာ ထင်ရှားတယ်။ တမင်သက်သက် မေးကြတာမဟုတ်ဘူး။ အခုလို အမေးအဖြေပြီးချိန်မှာ ဆရာလေး ဒေါက်တာဒေါ်နီမာလက ကျေးဇူးတင်စကားပြောပြီး လက်ဆောင်ပေးပါတယ်။ ပေးတဲ့လက်ဆောင်ကလည်း ပါမောက္ခချုပ်ဆရာတော်ကြီး ရေးသားပြုစုတဲ့ စာအုပ်နဲ့ ဆရာတော်ကြီးရဲ့တရားခွေ။ ကျေနပ်စရာပါပဲ။ လက်ဆောင်ရဲ့ တန်ဖိုးက တန်ဖိုးမဖြတ်နိုင်တာ။ ဒီတော့ ဟောပြောပွဲလုပ်ခွင့်ရတာ ကျေးဇူးတင်ပါတယ်။ ပညာကို တကယ်လိုချင်တဲ့သူတွေကို အခုလိုမျှဝေခွင့်၊ တင်ပြခွင့်ရခဲ့တဲ့ အခွင့်အရေး။ စိတ်ထဲမှာလည်း အခွင့်အရေးရခဲ့တာကို ကျေးဇူးတင်မိပါတယ်။ ပညာကို တလေးတစား လေ့လာနေကြသူတွေနဲ့ ထိတွေ့ရလို့လည်း ကျေနပ်မိပါတယ်။ ။



**ကြည့်မြင်တိုင် မျက်မမြင်ကျောင်းရှိ ခေတ်မီအားကစားရုံ တိုးချဲ့တည်ဆောက်ခြင်းအတွက် Singapore Association Myanmar အဖွဲ့အစည်းမှ ငွေကျပ် သိန်း ၁၅၀ ပေးအပ်ပွဲကို ဩဂုတ် ၃ ရက်က ပန်းပင်ကြီးလမ်းရှိ ယင်းကျောင်း တိုးချဲ့ဆောင်သစ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်နှင့် စင်ကာပူသံရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့စဉ်။** တင်ဝင်းလေး(ကြည့်မြင်တိုင်)

## လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**မိုးမောက် ဩဂုတ် ၅**

လူငယ်ထုအတွင်း ခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်နိုင်ရန်အတွက် အသိပညာ ရရှိစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူးကာ လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပရာ ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ထွန်းက ပြည်သူ့စကားဝိုင်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထက်အောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုရဲမှူးအောင်မျိုးလွင်၊ ဥပဒေအရာရှိ ဦးဟိန်းဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးအောင်မျိုးထွန်းနှင့် မြို့မိမြို့ဖ ဦးမြင့်မော်တို့က လူငယ်နှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းကို ရှုထောင့်အမျိုးမျိုးမှ ဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ နှစ်ခြင်းအသင်းတော်၊ ကက်သလစ်အသင်းတော်၊ မန္တလေးအသင်းလူငယ်များတက်ရောက်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# လက်ရှိဘဏ္ဍာနှစ် လေးလအတွင်း ပြည်ပသို့ လက်ဖက်တန်ချိန် ၂၀၀ ခန့် တင်ပို့ထား

**နေပြည်တော် ဩဂုတ် ၅**

လက်ရှိ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဧပြီမှ ဇူလိုင်လအထိ လေးလအတွင်း ပြည်ပသို့ လက်ဖက်အစိုနှင့်အခြောက် တန်ချိန် ၂၀၀ ခန့် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ လေးသိန်းကျော် ရရှိထားပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် လက်ဖက်တန်ချိန် ၃၅ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခင်ဘဏ္ဍာနှစ် ယခုလိုအချိန်က ပြည်ပသို့ လက်ဖက်အစိုနှင့်အခြောက် တန်ချိန် ၁၅၀ ကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာနှစ်သိန်းကျော် ရရှိခဲ့ပြီး မြန်မာ့လက်ဖက်ကို ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်ဝမ်၊ ဂျာမနီ၊ အမေရိကန်၊ ကနေဒါ၊ ဆော်ဒီအာရေဗျ၊ ဩစတြေးလျ၊ တရုတ်စသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

"တင်ပို့မှုတွေထဲမှာ အော်ဂဲနစ်လက်ဖက်ခြောက်တွေ ပိုတင်ပို့ထားနိုင်တယ်၊ ဈေးကွက်အလားအလာက ဆက်လက်ကောင်းလာမယ်လို့ သုံးသပ်ထားကြတယ်၊ အော်ဂဲနစ်လက်ဖက်ကတော့ လုပ်ရတာလက်ဝင်တဲ့အတွက် အများကြီးတော့ မလုပ်နိုင်ကြဘူး၊ ပြည်တွင်းစားသုံးမှုလည်းများတာကြောင့် ပြည်ပကို နည်းနည်းလောက်ပဲ ပို့နိုင်တယ်၊ အခု လက်ဖက်စိုက်တောင်သူတွေ ကြုံတွေ့နေရတာက ခူးဆွတ်ချိန်မှာ လုပ်သားရှားပါးတာ ကြုံနေရတာပဲ၊ ဒါကြောင့် ငွေကြေးတတ်နိုင်တဲ့သူက လက်ဖက်ခူးစက်နဲ့ ရိတ်သိမ်းတာလုပ်တယ်၊ ဒါကလည်း အများကြီးလုပ်နိုင်ဖို့မလွယ်ဘူး၊ တစ်ပိုင်တစ်နိုင်လောက်ပဲ ဖြစ်မြောက်တယ်၊ ခူးစက်တစ်လုံးကို ကျပ် ၁၆၀၀၀၀ လောက်ရှိတယ်၊ လက်ဖက်တစ်ဧကအထွက်နှုန်းက တစ်နှစ်ကို ပိဿာချိန် ၃၀၀ လောက်ရှိတယ်"ဟု တောင်ကြီးမြို့နယ်ရှိ လက်ဖက်စိုက်တောင်သူ ဒေါ်နန်းနန်းခင်က ပြောသည်။

မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ဧက နှစ်သိန်းကျော်ရှိပြီး လက်ဖက်စိုက်ပျိုးခူးဆွတ်မှုအတွက် တစ်ဧကလျှင် လုပ်သားအင်အား ၃၀၀ ခန့်လိုအပ်ကြောင်း သိရသည်။ လက်ဖက်ခူးဆွတ်မှုကို အချိန်အခါအလိုက်သတ်မှတ်ထားပြီး သင်္ကြန်မတိုင်မီ မိုးလွတ်ချိန်တွင် ခူးဆွတ်သည့်လက်ဖက်ကို ရွှေဖီဦး၊ မေလတွင်ခူးဆွတ်သည့် လက်ဖက်ကို ရွှေဖီ၊ ဇူလိုင်လဆန်းပိုင်းမတိုင်မီ ခူးဆွတ်သည့်လက်ဖက်ကို ရွှေဖီလာ၊ ဇူလိုင်လကုန်ခါနီးတွင် ခူးဆွတ်သည့်လက်ဖက်ကို ခါးကန်ဦးနှင့် ဩဂုတ်နှင့် စက်တင်ဘာတွင် ခူးဆွတ်သည့်လက်ဖက်ကို ခါးကန်ဟုခေါ်ဆိုကြသည်။ လက်ရှိတွင် ပြည်ပနိုင်ငံဈေးကွက်များသို့ မြန်မာနိုင်ငံမှ လက်ဖက်အစိမ်း၊ အော်ဂဲနစ်လက်ဖက်ခြောက်၊ စားသုံးရန်အသင့်ပြင်ပြီးပါကင်ထုပ်များ၊ လက်ဖက်အစိုနှင့် ပဲကြော်များကို ထုပ်ပိုးတင်ပို့နေကြောင်း သိရသည်။ **ဇာလင်းသူ**(AMIA)၊ **ဓာတ်ပုံ- ဖြိုးလွင်အောင်**(AMIA)



# မိတ္ထီလာ ညောင်ကန်ရွာ၌ ကောက်စိုက်စက်ဖြင့် ပထမဆုံး မိုးစပါးစိုက်ပျိုး

**မိတ္ထီလာ ဩဂုတ် ၅**

မိတ္ထီလာမြို့နယ်တွင် ကောက်စိုက်စက်ဖြင့် ပထမဆုံး စိုက်ပျိုးသည့် မိုးစပါး ဧက ၇၀ ခန့်ကို ညောင်ကန်ကျေးရွာ၌ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"မိတ္ထီလာမှာ စပါးကို ကောက်စိုက်စက်နဲ့ ပထမဆုံး စတင်စိုက်ပျိုးတာဖြစ်ပြီး ကောက်စိုက်စက်နဲ့စိုက်ပျိုးတာကြောင့် စပါးစိုက်တောင်သူအနေနဲ့ ပျိုးနုတ်စရိတ်တွေနဲ့ ကောက်စိုက်သမငှားရမ်းစရိတ်တွေ ထက်ဝက်ခန့်သက်သာသွားမှာဖြစ်ပါတယ်၊ ကောက်စိုက်စက်က ဒေသခံတောင်သူတစ်ဦးပိုင်တဲ့စက်ပါပဲ၊ သူက စပါးတစ်ဧကကို ကျပ် ၄၅၀၀၀ နဲ့ စိုက်ပျိုးပေးတာဖြစ်ပါတယ်၊ ညောင်ကန်ကျေးရွာဒေသခံတွေရဲ့ မိုးစပါး ၇၀ ဧကခန့်ကို ကောက်စိုက်စက်နဲ့ စိုက်ပျိုးပေးသွားမှာဖြစ်ပါတယ်၊ အဲ့ဒီလိုစိုက်ပျိုးရာမှာ စပါးစိုက်ကွင်းတွေအတွက် လိုအပ်တဲ့ နည်းပညာအကြံဉာဏ်တွေနဲ့ မျိုးစပါးဝယ်ယူရရှိရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးငြိမ်းဇော်က ပြောသည်။

ညောင်ကန်ကျေးရွာမှ စပါးစိုက်တောင်သူ ဦးဇော်ဝင်းကလည်း "အရင်တုန်းက သမားရိုးကျ မိရိုးဖလာ ကောက်စိုက်သမနဲ့စိုက်ပျိုးခဲ့တုန်းက စပါးတစ်ဧကအတွက် ပျိုးနုတ်ခ ကျပ် ၆၅၀၀၀ နဲ့ ကောက်စိုက်ခက ၅၀၀၀၀ ခန့် ကုန်ကျပါတယ်၊ အခု ကောက်စိုက်စက်နဲ့ စိုက်တော့ စိုက်ဖို့အတွက် မျိုးစပါးဖိုးနဲ့ စိုက်ခ ၄၅၀၀၀ ကျပ်ပဲကုန်ကျတာမို့ ကုန်ကျစရိတ်တော့ ထက်ဝက်လောက်သက်သာသွားတယ်၊ အခုမှစတင်ပြီးတော့ ကောက်စိုက်စက်နဲ့ စတင်စိုက်ပျိုးတာဆိုတော့ ကုန်ကျစရိတ်သက်သာတာပဲသိရသေးတယ်၊ စပါးအထွက်နှုန်းက ဘယ်လိုရှိမယ်မသိရသေးဘူး၊ အရင်တုန်းကတော့ အခုစိုက်ပျိုးတဲ့ မနောသုခစပါးမျိုး တစ်ဧကဆိုရင် တင်း ၉၀ ကနေ တင်း ၁၀၀ လောက်ထွက်တာပဲ၊ အဆင်ပြေတယ်ဆို နောင်လည်း စပါးစိုက်တဲ့အခါ ကောက်စိုက်စက်နဲ့ပဲ စိုက်သွားမှာပါ"ဟု ပြောသည်။

စပါးစိုက်ပျိုးရာတွင် မိရိုးဖလာကောက်စိုက်သူများနှင့်စိုက်ပျိုးပါက စပါးအထွက်နှုန်းကောင်းမွန်စေရန် စံစိုက်စနစ်အဖြစ် သတ်မှတ်ထားသည့် စိုက်ကွက်တစ်ကွက်နှင့်တစ်ကွက်အကြား ခြောက်လက်မမှ ၈ လက်မခြား၍ စိုက်ပျိုးနိုင်သော်လည်း ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပါက ၁၁ လက်မခန့်ခြား၍သာ စိုက်ပျိုးသောကြောင့် စိုက်ကွက်အနည်းငယ် ကွာခြားသည်။ သို့သော် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းကြောင့် ပျိုးနုတ်စရိတ်၊ ကောက်စိုက်စရိတ်များသက်သာခြင်း၊ ကောက်စိုက်သမရှားပါး၍ ငှားရမ်းရခက်ခဲမှုကို ဖြေရှင်းနိုင်ခြင်းတို့ကြောင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းကို မိတ္ထီလာဒေသခံတောင်သူတချို့က စတင်လုပ်ဆောင်လာကြခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# ရော်ဘာအရည်အသွေး အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးတော့မည်

**နေပြည်တော် ဩဂုတ် ၅**

မြန်မာ့သဘာဝရော်ဘာ အရည်အသွေးစမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်းမှ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးတော့မည်ဖြစ်၍ ပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိလာတော့မည်ဖြစ်ကြောင်း ရော်ဘာလုပ်ငန်းရှင်များထံမှ သိရသည်။

"အသိအမှတ်ပြုလက်မှတ်ရှိထားဖို့လိုတယ်။ တရုတ်၊ ကိုရီးယားကိုပို့မယ်ဆိုရင် သက်ဆိုင်ရာနိုင်ငံကသတ်မှတ်ထားတဲ့ စည်းမျဉ်းအတိုင်းပဲ လုပ်ရမှာ။ မြန်မာက သဘာဝရော်ဘာအများဆုံးတင်ပို့မှု ဆဋ္ဌမအဆင့်ရှိနေတော့ ပိုပြီးလိုအပ်တယ်။ တခြားနိုင်ငံတွေကလည်း ဒီလက်မှတ်ရဖို့ ကြိုးပမ်းနေကြတယ်"ဟု ကရင်ပြည်နယ်ရှိရော်ဘာစိုက်တောင်သူများ ကွန်ရက်ဝင် ဦးဇန်ထူးမောင်က ပြောသည်။

အဆိုပါ ဓာတ်ခွဲခန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(လှည်းကူးမြို့နယ်)တွင် Public Private Partnership ပုံစံဖြင့် ဖွင့်လှစ်ထားပြီး အပြည်ပြည်ဆိုင်ရာရော်ဘာအသင်း၏ အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ "အရည်အသွေးထောက်ခံချက်လက်မှတ်ကို MSR (myanmar standard rubber) ၅၊ ၁၀၊ ၂၀ အစရှိတာတွေကို အသိမှတ်ပြုလက်မှတ်ထုတ်ပေးမှာဖြစ်တယ်"ဟု စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က ပြောသည်။

လက်ရှိ မြန်မာတစ်နိုင်ငံလုံးတွင် ရော်ဘာစိုက်ဧက ၁၆ သိန်းဝန်းကျင်ရှိနေပြီး ရော်ဘာအစေးခြစ်ရမည့်အပင်ပေါင်း ခုနစ်သန်းခန့်ရှိကာ အစေးမထွက်တော့သည့် သက်တမ်းရင့်အပင်ပေါင်း ငါးသောင်းဝန်းကျင်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက "ရော်ဘာကနေထုတ်လုပ်တဲ့ပစ္စည်းတွေ အရည်အသွေးပိုမိုကောင်းမွန်လာအောင်၊ ရော်ဘာကြိတ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်လာနိုင်အောင် ပုဂ္ဂလိကအခန်းကဏ္ဍက ပိုပြီးတော့ အရေးပါလာပါတယ်၊ ရော်ဘာနဲ့ပတ်သက်တဲ့အဖွဲ့အစည်းတွေကိုလည်း အသင်းဝင်အဖြစ်နဲ့ ဝင်ရောက်နိုင်ရေး ကြိုးစားဆောင်ရွက်နေပါတယ်၊ ရော်ဘာလုပ်ငန်းစဉ်တွေမှာ တောင်သူတစ်ဦးချင်းစီလုပ်နေမယ်ဆိုရင် အရည်အသွေးတွေဟာ မတူညီနိုင်ဘူး၊ ရော်ဘာအရည်အသွေးတူညီနိုင်ဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင် သို့မဟုတ် စက်ရုံတစ်ခုကနေ ဦးဆောင်ဦးရွက်ပြုပြီးတော့ဆောင်ရွက်တဲ့ လုပ်ငန်းမျိုးကို တွန်းအားပေးပြီး ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ကမ္ဘာ့အဆင့်မီစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အစိုးရအဖွဲ့အစည်းများသာ ဝင်ရောက်ခွင့်ရှိသည့် ANRPC သဘာဝရော်ဘာထုတ်လုပ်သည့်နိုင်ငံများအသင်းသို့ ဝင်ရောက်နိုင်ရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Worldexports.com ၏ ဖော်ပြချက်စာရင်းများအရ ကမ္ဘာလုံးဆိုင်ရာ သဘာဝရော်ဘာတင်ပို့မှု၏ ၉၅ ဒသမ ၄ ရာခိုင်နှုန်းကို တင်ပို့နိုင်ခဲ့သည့် ၁၅ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည် ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှားနှင့် အိုင်ဗရီကို့စ်နိုင်ငံများအောက်တွင် ဆဋ္ဌမမြောက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်းသိရသည်။ ကမ္ဘာ့သဘာဝရော်ဘာတင်ပို့ရောင်းချနိုင်မှု၏ ၈၀ ရာခိုင်နှုန်းသည် အာရှနိုင်ငံများမှဖြစ်ပြီး အာဖရိကနိုင်ငံများမှ ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဥရောပနိုင်ငံများမှ ၄ ဒသမ၇ ရာခိုင်နှုန်း အသီးသီးတင်ပို့လျက်ရှိကြောင်း သိရသည်။ **ဇာလင်းသူ**(AMIA)

# တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်းများ

**(ဇူလိုင် ၃၀ မှ ဩဂုတ် ၃ ရက်အထိ)**

**ဆန်၊ စပါးဈေး အနည်းငယ်ကျ**

ဒီတစ်ပတ်မှာတော့ ဆန်က အရောင်းအဝယ်အေးတဲ့အတွက် ဆန်ကြမ်းဈေးတွေ ကျဆင်းသွားခဲ့ပြီး ဆန်ချောဈေးကတော့ ငြိမ်နေပါတယ်။ ဆန်ဈေးတွေငြိမ်နေသလို အရောင်းအဝယ်လည်း အေးနေပါတယ်။ ပြီးခဲ့တဲ့အပတ်က အတက်အကျမငြိမ်ပေမယ့် ဒီတစ်ပတ်မှာ ဆန်ကြမ်းက ဈေးကျဆင်းသွားခဲ့ပါတယ်။ မိုးတွေရွာနေပေမယ့် ဆန်အဝင်ကတော့ ပုံမှန်ရှိနေပါတယ်။

ရန်ကုန်ဈေးကွက်မှာ ဧည့်မထဆန်က တစ်အိတ်ကို ကျပ် ၂၀၃၀၀ ကနေ ၂၀၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ကျပ် ၂၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။ နှွေသီးထပ်ဆန်ရှယ်ကလည်း တစ်အိတ်ကို ကျပ် ၂၁၈၀၀ ကနေ ၂၂၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ကျပ် ၅၀၀ ဈေးကျဆင်းသွားခဲ့ပါတယ်။ ရက် ၉၀ ဆန်ကလည်း တစ်အိတ်ကို ကျပ် ၂၂၅၀၀ ကနေ ၂၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ကျပ် ၅၀၀ ဈေးကျဆင်းသွားခဲ့ပါတယ်။ ကျန်ဆန်တွေကတော့ ဈေးအပြောင်းအလဲမရှိဘဲ ငြိမ်နေပါတယ်။ ဇူလိုင်လ အစမှာ အပြိုင်အဆိုင် ဈေးတက်ခဲ့ပေမယ့် ဇူလိုင်လကုန်မှာတော့ ဆန်ဈေးတွေ ကျဆင်းသွားခဲ့တာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ဆန်ကြမ်းဈေးတွေကျဆင်းခဲ့ပေမယ့် ပုသိမ်ဈေးကွက်မှာတော့ ဒုတိယတန်းစားစပါးရော ဆန်ကြမ်းပါ ဈေးငြိမ်နေပါတယ်။ ရွှေသွယ်လေးစပါးက တင်း ၁၀၀ ကို ကျပ် ၈၀၉၆၀၀ ရှိပြီး ဆန်ကတော့ တစ်တင်းခွဲကို ကျပ် ၃၄၀၀၀ ရှိပါတယ်။ ရေမင်းကတော့ တင်း ၁၀၀ ကို ကျပ် ၈၀၀၄၀၀ ရှိပြီး ဆန်ကတော့ တစ်တင်းခွဲကို ကျပ် ၃၄၀၀၀ ရှိပါတယ်။ မနောသုခကတော့ စပါးတင်း ၁၀၀ ကို ကျပ် ၆၄၄၀၀၀ နဲ့ ဆန်တစ်တင်းခွဲကို ကျပ် ၂၆၀၀၀၊ မီးကောက်က စပါးတင်း ၁၀၀ ကို ကျပ် ၆၉၀၀၀၀ နဲ့ ဆန်တစ်တင်းခွဲကို ကျပ် ၂၉၀၀၀၊ သီးထပ်ရင်က စပါးတင်း ၁၀၀ ကို ကျပ် ၅၈၈၀၀၀ နဲ့ ဆန်တစ်တင်းခွဲကို ကျပ် ၂၃၀၀၀ စီနဲ့ ဈေးငြိမ်နေခဲ့ပါတယ်။

**မတ်ပဲ (FAQ/RC)ဈေး ပြန်တက်နေ**

မတ်ပဲက ပြီးခဲ့တဲ့တစ်လလုံး အကျဈေးနဲ့ရှိခဲ့ပေမယ့် ဇူလိုင်လနောက်ဆုံးပတ်နဲ့ ဩဂုတ်လပထမဆုံးအပတ်မှာ ဈေးအနည်းငယ်ပြန်တက်လာခဲ့ပါတယ်။ အိန္ဒိယက အဝယ်အနည်းငယ်ရှိလာတဲ့အတွက် ဈေးတက်လာတာဖြစ်ပြီး အချို့ကုန်စည်ဒိုင်တွေမှာတော့ လက်ကျန်ပဲတွေမရှိတော့တဲ့အတွက် ဈေးတက်လာတာလို့လည်း သိရပါတယ်။ ပဲလက်ကျန်များနေတဲ့နယ်တွေလည်း အများအပြားရှိနေသေးတဲ့အတွက် စိုးရိမ်စိတ်ဖြင့် ဈေးလျှော့ရောင်းချတာတွေမလုပ်အောင် ကုန်သည်တွေ ညှိနှိုင်းဆောင်ရွက်နေတယ်လို့လည်း သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ FAQ/RC ၂၀၁၇ ရော ၂၀၁၈ ပါ ဒီတစ်ပတ်မှာ အရောင်းအဝယ်ဖြစ်နေပြီး ၂၀၁၈ အသစ်က ဈေးပိုရနေတာကို တွေ့ရပါတယ်။ လက်ရှိငွေဈေးတက်နေတာကလည်း မတ်ပဲကို ယခုထက် ဈေးမကျစေဘဲ တန့်နေစေတဲ့ အခြေအနေပါ။ နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ မုံရွာကုန်စည်ဒိုင်မှာတော့ မတ်ပဲက တစ်တင်းကို ကျပ် ၁၄၅၀၀ နဲ့ တစ်တင်းမှာ ၁၀၀၀ ကျပ် ဈေးတက်လာပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၃၃၀၀ နဲ့ တစ်တင်းမှာ ကျပ် ၇၀၀ နီးပါး ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၄၆၀၀ ရှိပြီး တစ်တင်းမှာ ၈၀၀ ကျပ် ဈေးတက်လာပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ ဒီတစ်ပတ်မှာ မတ်ပဲတစ်တန်ကို ကျပ် ၄၂၀၀၀၀ ကျော်ကနေ ၄၃၅၀၀၀ အထိ ဈေးတက်လာခဲ့လို့ ပြီးခဲ့တဲ့အပတ်နဲ့ နှိုင်းယှဉ်ရင် တစ်သောင်းကျပ်လောက်ဈေးတက်လာခဲ့ပါတယ်။

**ပဲစင်းငုံနီဈေး အနည်းငယ်တက်**

ပဲစင်းငုံနီကလည်း ဒီတစ်ပတ်မှာ ဈေးအနည်းငယ်တက်လာပါတယ်။ အိန္ဒိယက ဝယ်ယူမှုပိုလာတဲ့အတွက် ဈေးတက်လာတာဖြစ်ပါတယ်။ ဩဂုတ်လမှာ အပြီးတင်သွင်းရမယ်ဆိုတဲ့ ကန့်သတ်ချက်ကြောင့် အဝယ်များပြီး ဈေးအနည်းငယ်တက်လာတယ်လို့ သိရပါတယ်။ ဒါ့အပြင် တခြားပဲသီးနှံတွေကလည်း ဈေးတက်လာတဲ့အတွက် ပဲစင်းငုံကလည်း နည်းတူ ဈေးတက်လာတာဖြစ်နိုင်တယ်လို့လည်း ကုန်သည်တွေက သုံးသပ်ထားပါတယ်။

နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ မုံရွာကုန်စည်ဒိုင်မှာ ပဲစင်းငုံနီက တစ်တင်းကို ၁၂၈၅၀ ရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀ လောက် ဈေးတက်လာပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၁၁၀၀ ရှိပြီး ကျပ် ၁၀၀ လောက် ဈေးတက်လာပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၅၂၀၀ နဲ့ တစ်တင်းမှာ ကျပ် ၄၀၀ လောက်ဈေး တက်လာခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၃၅၀၀ ရှိပြီး ကျပ် ၅၀၀ လောက် ဈေးတက်လာပါတယ်။ ရန်ကုန်ဈေးကွက်မှာလည်း ပဲစင်းငုံနီက တစ်တန်ကို ကျပ် ၃၂၀၀၀၀ ကျော်လောက် ဈေးတက်လာပြီး အမြင့်ဆုံးဈေး ကျပ် ၅၀၃၀၀၀ အထိ ဒီတစ်ပတ်အတွင်း ဈေးမြင့်တက်ခဲ့ပါတယ်။

**ထောပတ်ပဲ**

ထောပတ်ပဲကလည်း ဒီတစ်ပတ်မှာ ရန်ကုန်ဈေးကွက်မှာ အနည်းငယ်ငြိမ်နေပေမယ့် နယ်ကုန်စည်တွေမှာတော့ ဈေးတက်လာခဲ့ပါတယ်။ ပဲလက်ကျန်တွေ နည်းလာတဲ့အတွက် ဈေးတက်လာတာဖြစ်တယ်လို့လည်း သိရပါတယ်။ မုံရွာ ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၀၀၀၀ ရှိပြီး တစ်တင်းမှာ ၃၀၀၀ ကျပ်၊ မြင်းခြံ ကုန်စည်ဒိုင်မှာ ကျပ် ၃၇၈၀၀ ရှိပြီး ၄၀၀ ကျပ်လောက် ဈေးတက်လာခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ ဒီတစ်ပတ်မှာတော့ ဈေးမဖွင့်ပါဘူး။ ထောပတ်ပဲက တခြားပဲတွေနဲ့ နှိုင်းယှဉ်ရင် ဈေးအများဆုံးရရှိတဲ့ပဲဖြစ်ပြီး ပြည်ပထက် ပြည်တွင်းဝယ်လိုအားများတဲ့ပဲလည်း ဖြစ်ပါတယ်။

**ပဲပုပ်**

ပဲပုပ်ကလည်း ဒီတစ်ပတ်မှာ ဈေးအနည်းငယ်တက်လာပါတယ်။ ပဲအဝင်နည်းသွားပြီး လက်ကျန်ပဲတွေကို နေ့စဉ်အဝယ်ရှိနေတဲ့အတွက် ဈေးတက်သွားတာလည်း ဖြစ်ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ပဲပုပ်တစ်တင်းကို ကျပ် ၂၆၅၀၀ နဲ့ တစ်တင်းကို ကျပ် ၈၀၀ လောက် ဈေးတက်လာခဲ့ပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၂၇၃၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၃၀၀၊ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၂၅၈၅၀ ရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀ ဈေးတက်လာခဲ့ပါတယ်။

**မြေပဲဆန်(လုံးဆန်၊ ဆီဆန်)**

မြေပဲဆန်က (လုံးဆန်၊ ဆီဆန်) ရော ဒီတစ်ပတ်မှာ ဈေးတက်လာပါတယ်။ ပြည်ပအဝယ်ရှိတဲ့အတွက် အရောင်းအဝယ်သွက်နေပြီး ဈေးကောင်းနေတာလို့လည်း သိရပါတယ်။ နေ့စဉ် အဝင်ရှိသလို အဝင်ရှိသလောက်လည်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်တွင်းဆီစက်တွေကလည်း အဝယ်များတဲ့အတွက် လုံးဆန်ရော၊ ဆီဆန်ပါ ဈေးတက်နေခဲ့တာလည်း ဖြစ်ပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာ လုံးဆန်က တစ်ပိဿာကို ကျပ် ၂၆၅၀ ရှိပြီး တစ်ပိဿာမှာ ၂၂၅ ကျပ်၊ ဆီဆံက တစ်ပိဿာကို ၂၅၂၅ ကျပ်ရှိပြီး တစ်ပိဿာမှာ ၁၇၅ ကျပ် ဈေးတက်လာပါတယ်။ ပခုက္ကူကုန်စည်ဒိုင်၊ မုံရွာကုန်စည်ဒိုင်နဲ့ ပြည်ကုန်စည်ဒိုင်တို့မှာလည်း မြေပဲ လုံးဆန်ရော၊ ဆီဆန်ပါ ဈေးအနည်းငယ်စီတက်လာခဲ့ပါတယ်။

**မြေပဲဆီ**

မြေပဲဆံ ဈေးတက်လာတဲ့အတွက် မြေပဲဆီတွေကလည်း မထင်မှတ်လောက်အောင် ဈေးတက်လာပါတယ်။ အချိန်တော်တော်ကြာဈေးငြိမ်နေခဲ့တဲ့ မြေပဲဆီက ဩဂုတ်လ ပထမအပတ်မှာ ဈေးတက်လာတာဖြစ်ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ မြေပဲဆီ တစ်ပိဿာကို ကျပ် ၄၅၀၀ ရှိပြီး တစ်ပိဿာမှာ ကျပ် ၁၅၀ ဈေးတက်သလို ပခုက္ကူကုန်စည်ဒိုင်မှာ တစ်ပိဿာ ၆၀၀ ကျပ်၊ မန္တလေးကုန်စည်ဒိုင်မှာ တစ်ပိဿာ ၁၀၀၀ ကျပ်ခန့် ဈေးတွေ ပိုတက်လာခဲ့ပါတယ်။ မြင်းခြံကုန်စည်ဒိုင်၊ နေပြည်တော်နဲ့ ပြည်ကုန်စည်ဒိုင်တို့မှာတော့ ဈေးမတက်ဘဲ ငြိမ်နေတာကို တွေ့ရပါတယ်။ **ဝတ်ရည်မွန်**(AMIA)

# အော်ဂဲနစ်လက်ဖက်ခြောက်ဖြင့် နိုင်ငံခြားဝင်ငွေများ ရှာဖွေပေးနေသည့် ပင်းတယမြို့နယ်မှ ဆီးကျအင်းကျေးရွာ

သတင်းဆောင်းပါး-ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ



ဆီးကျအင်းကျေးရွာ လက်ဖက်စိမ်းခြောက်စက်ရုံ

**ပထမဆုံးသော အော်ဂဲနစ်လက်မှတ်**

ဆီးနှင်းများတဖွဲဖွဲကျနေသည့်ကြားက စကားသံခပ်ဝဲဝဲဖြင့် ကျေးရွာသူ၊ ကျေးရွာသားများအား ဝမ်းသာအားရ စကားများ ပြောပြနေသူမှာ အသက် ၅၀ ကျော်ဝန်းကျင်ရှိပြီဖြစ်သည့် ဦးဘစီဖြစ်သည်။ ပြောပြနေသည့်အကြောင်းအရာမှာ ဆီးကျအင်းကျေးရွာသားများ မိရိုးဖလာလုပ်ကိုင်စားသောက်လာသည့် လက်ဖက်နှင့်ပတ်သက်သောအကြောင်းအရာ ဖြစ်သည်။ ဝမ်းသာစရာစကားမှာ နိုင်ငံတကာအသိအမှတ်ပြု Control Union ကပေးအပ်သည့် အော်ဂဲနစ်လက်မှတ် ရရှိခြင်းဖြစ်သည်။ ထိုလက်မှတ်မှာ ဆီးကျအင်းကျေးရွာသားများအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများမှ လက်ဖက်စိုက်တောင်သူ ၁၈၀အတွက် ရရှိခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံလက်ဖက်လုပ်ငန်းတွင် ပထမဆုံးသော အော်ဂဲနစ်လက်မှတ်ရရှိခြင်းလည်း ဖြစ်သည်။

ဆီးကျအင်းကျေးရွာသည် အိမ်ခြေ ၆၅ အိမ်ရှိပြီး လူဦးရေ ၃၀၀ ဝန်းကျင်ရှိကာ ဓနုတိုင်းရင်းသားများနေထိုင်သည့် ကျေးရွာလေးဖြစ်သည်။ ထိုရွာလေး၏ အဓိကလုပ်ကိုင်နေသည့်စီးပွားရေးမှာ လက်ဖက်ခြောက်နှင့် လက်ဖက်စို ထုတ်လုပ်ခြင်းဖြစ်သည်။ ယခုအခါ ယင်းလက်ဖက်ခြောက်ဖြင့် နိုင်ငံခြားဝင်ငွေများကိုပင် ရှာဖွေပေးနေသည့် ကျေးရွာလေးတစ်ရွာဖြစ်နေပြီဖြစ်သည်။

**Green Tea အစိမ်းရောင်လက်ဖက်ခြောက်**

"ကျွန်တော်တို့ အရင်က လက်ဖက်ခြောက်ကို နေလှန်းခြင်းဖြင့် အခြောက်ခံပါတယ်၊ နည်းပညာကမရှိတော့ သမားရိုးကျပဲလုပ်ကြတယ်၊ နေလှန်းလက်ဖက်ခြောက်က ဈေးကောင်းမရပါဘူး၊ ဆီးနှင်းများချိန်တွေနဲ့ မိုးများတဲ့အချိန်တွေဆိုရင် လက်ဖက်အစိုပဲလုပ်ပါတယ်၊ အခုတော့ အရင်ကလို မဟုတ်တော့ပါဘူး၊ ဂျာမနီနိုင်ငံ GIZ ကုမ္ပဏီအကူအညီနဲ့ နည်းပညာရလာတဲ့အတွက် Green Tea အစိမ်းရောင်လက်ဖက်ခြောက်ကို ပြုလုပ်လာနိုင်ပြီး နိုင်ငံခြားအထိ တင်ပို့လာနိုင်ခဲ့ပါပြီ"ဟု ဆီးကျအင်းကျေးရွာရှိ ဒေသခံအစုအဖွဲ့ပိုင် လက်ဖက်ခြောက်စက်ရုံ တာဝန်ခံ ဦးဘစီက ရှင်းပြသည်။

အဆိုပါ ဆီးကျအင်းကျေးရွာသည် လျှပ်စစ်မီးရရှိခြင်းမရှိသေး၍ လက်ဖက်အစိမ်းခြောက်ပြုလုပ်ရာတွင် ယခင်က ထင်းမီးဖြင့် အသုံးပြုခဲ့ရပြီး ယခုအခါ နိုင်ငံခြားတင်ပို့မှုဈေးကွက်လိုအပ်ချက်အရ အရည်အသွေးကောင်းမွန်စေရန်နှင့် သစ်တောများထိန်းသိမ်းရန် ရည်ရွယ်ချက်တို့ဖြင့် ထင်းမီးအစား ဂက်စ်ကိုအသုံးပြုပြီး လက်ဖက်စိမ်းခြောက်စက်ရုံကို ဆက်လက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ၂၀၁၆ ခုနှစ်က ဂျာမနီကို မောရှမ်းကုမ္ပဏီက GIZ အကူအညီနဲ့ Green Tea လက်ဖက်ခြောက် တစ်တန်ခွဲကို တင်ပို့ခဲ့ပါတယ်၊ တင်ပို့လိုက်တဲ့အချိန်က အော်ဂဲနစ်လက်မှတ် မရရှိသေးပါဘူး၊ နောက်တစ်ချက်က ထင်းမီးအသုံးပြုထားတဲ့အတွက် မီးခိုးနံ့ရတယ်ဆိုပြီး အကြောင်းပြန်လာပါတယ်။ ဒါနဲ့ ထင်းမီးအစား ဂက်စ်ကို အစားထိုးပြုလုပ်ခဲ့တာဖြစ်ပါတယ်"ဟု ဦးဘစီက ဆက်ရှင်းပြသည်။

ယခုအခါ အောင်ပန်းမြို့မှ ဂက်စ်အိုးများကို မှာယူသုံးစွဲလျက်ရှိကာ ဂက်စ်တစ်ဘူးလျှင် ကျပ်ခုနစ်သောင်းဖြင့်ဝယ်ရကြောင်း၊ ဂက်စ်တစ်ဘူးလျှင် လက်ဖက်စိမ်းခြောက် ပိဿာချိန် ၃၀ ခန့် ထုတ်နိုင်ကြောင်းနှင့် အဆိုပါစက်ရုံမှ တစ်နေ့ Green Tea လက်ဖက်စိမ်းခြောက် ပိဿာချိန် ၅၀ အထိ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ "အော်ဂဲနစ်လက်ဖက်အစိမ်းဆိုရင် တစ်ပိဿာ ၁၅၀၀ ကျပ် ပေးဝယ်ပါတယ်၊ အော်ဂဲနစ်မဟုတ်တဲ့လက်ဖက်ကိုတော့ ကျွန်တော်တို့ မဝယ်ပါဘူး၊ အော်ဂဲနစ်မဟုတ်တဲ့လက်ဖက်ဆိုရင် တစ်ပိဿာ ၁၀၀၀ ကျပ်သာ ရရှိကြပါတယ်၊ အရင်က နေလှန်းလက်ဖက်ခြောက် တစ်ပိဿာကို ကျပ် ၄၅၀၀ ရရှိပြီး ယခု ခေတ်မီအော်ဂဲနစ်လက်ဖက်စိမ်းခြောက် ပြုလုပ်လာတဲ့အတွက် ပြည်တွင်းဈေးကွက်မှာ တစ်ပိဿာကို အနည်းဆုံး ကျပ် ၁၂၀၀၀ ရရှိပါတယ်"ဟု ဦးဘစီက ဆက်ပြောသည်။

**အော်ဂဲနစ် လက်ဖက်**

အဆိုပါ ဆီးကျအင်းကျေးရွာရှိ အစုအဖွဲ့ပိုင် လက်ဖက်စိမ်းခြောက်စက်ရုံသို့ ဘေးပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသည့် လျှော်ပင်ကျေးရွာ၊ မြေနီတောင်ကျေးရွာနှင့် ပါးမဲကျေးရွာများမှ လက်ဖက်စိုက် ဓနုတိုင်းရင်းသားများက အော်ဂဲနစ်လက်ဖက်အစိုများကို လာရောက်ရောင်းချလျက်ရှိနေကြသည်။ ယင်းစက်ရုံသည် အော်ဂဲနစ်မဟုတ်သည့်လက်ဖက်များကို ဝယ်ယူသိုလှောင်ခြင်းမရှိပေ။

အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ်ရရှိရန် ကွင်းဆင်းစစ်ဆေးသူ (ပင်းတယလက်ဖက်အစုအဖွဲ့ အော်ဂဲနစ်အင်စပက်တာ) ကိုမင်းဇော်က "ကျွန်တော်တို့အနေနဲ့ အော်ဂဲနစ်စိုက်ပျိုးရေးဟုတ်မဟုတ် ခြံတစ်ခြံချင်းစီကို လိုက်လံစစ်ဆေးပါတယ်။ ခြံတစ်ခြံကိုစစ်တော့မယ်ဆိုရင် နောက်ခံသမိုင်းကြောင်းတွေကို သိရှိအောင်လေ့လာတယ်၊ အော်ဂဲနစ်ခြံတစ်ခြံမှာ ဓာတုဓာတ်ကြွင်းကို အနည်းဆုံးသုံးနှစ် စောင့်ကြည့်တယ်၊ သုံးနှစ်ပြည့်သွားလို့ ကျွန်တော်တို့ Control Union က အသိအမှတ်ပြု အော်ဂဲနစ်လက်မှတ်ထုတ်ပေးပြီဆိုရင် International နဲ့ ပြည်ပရောင်းဝယ်ခွင့်၊ ကုန်သွယ်ခွင့်ထဲမှာ ကုန်ကြမ်းသုံးတဲ့အခါ ထည့်ပြီးအသုံးပြုပေးပါတယ်၊ တောင်သူတော်တော်များများက ဈေးပိုရချင်တော့ သူတို့စိုက်ခင်းဟာ အော်ဂဲနစ်စိုက်ခင်းပါလို့ ပြောတာတွေရှိတယ်၊ ကျွန်တော်တို့က ဟုတ်မဟုတ် သေချာစိစစ်ပါတယ်"ဟု ရှင်းပြသည်။

စိုက်ပျိုးရေးစနစ်တွင် စနစ်သုံးခုရှိပြီး သဘာဝစိုက်ပျိုးရေးစနစ်၊ ဓာတုစိုက်ပျိုးရေးစနစ်နှင့် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ဟူ၍ဖြစ်သည်။ အော်ဂဲနစ်ဆိုသည့် အသုံးအနှုန်းသည် မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမှုနည်းသေး၍ ပိုမိုသိရှိလာစေရန် ပညာပေးမှုများပြုလျက်ရှိကြောင်း အော်ဂဲနစ်ကျွမ်းကျင်ပညာရှင်များထံမှ သိရသည်။

**ဂျာမနီနှင့်ပူးပေါင်းဆောင်ရွက်မှု**

ဂျာမနီနှင့်ပူးပေါင်းဆောင်ရွက်မှု GIZ မှ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဘက်စုံဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး အစိတ်အပိုင်း တာဝန်ခံ ကိုသက်ဝင်းထွန်းက "ရှမ်းပြည်နယ်မှာ ရှေ့ပြေးအနေနဲ့ Green Tea စက်ရုံကို ဆောင်ရွက်နေပါတယ်၊ ၂၀၁၃ မှစတင်ပြီး ဆောင်ရွက်ခဲ့တာပါ၊ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး ထုတ်လုပ်မှုကွင်းဆက်တန်ဖိုး Value Change လုပ်မယ်ဆိုပြီး ရွေးချယ်ခဲ့တာက လက်ဖက်နဲ့ သရက်ကို ရွေးချယ်ခဲ့တာပါ၊ ဒါကို ကောင်းကောင်းလုပ်နိုင်မယ်ဆိုရင် ဒေသခံတွေရဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုပြီး ၂၀၁၄ ကတည်းက လက်ဖက်နဲ့ သရက်ကို စပြီးလုပ်ခဲ့ပါတယ်၊ စိုက်ပျိုးတဲ့အချိန်နဲ့ ပြုစုပျိုးထောင်တဲ့အချိန်မှာ ကောင်းမွန်တဲ့နည်းစနစ်တွေရယ် ဘယ်လိုနည်းစနစ်တွေ အသုံးချမလဲဆိုတာနဲ့ပတ်သက်ပြီး ဒါတွေကို သင်တန်းပေးတယ်၊ အော်ဂဲနစ်နဲ့ပတ်သက်ရင်လည်း Control Union နဲ့ ပူးပေါင်းပြီး သင်တန်းတွေပေးပါတယ်၊ လက်ဖက်နဲ့ပတ်သက်ပြီး မြန်မာ့လက်ဖက်အစုအဖွဲ့နဲ့ပူးပေါင်းပြီး ရှမ်းပြည်နယ်မှာလုပ်မယ်ဆိုပြီး အတူတူဆောင်ရွက်ခဲ့တာပါ၊ ဒီမှာ Green Tea ကိုပဲထုတ်ပါသေးတယ်"ဟု ပြောသည်။

GIZ အနေဖြင့် သစ်ပင်များကို စိုက်ပျိုးပြုစုပျိုးထောင်သည့်အချိန်မှ ရိတ်သိမ်းသည့်အချိန်အထိ ထွက်ရှိလာသည့် ထုတ်ကုန်များကို အရည်အသွေးမြှင့်တင်၍ ကူညီလျက်ရှိသည်။ ဆီးကျအင်းကျေးရွာရှိ လက်ဖက်ခြောက်စက်ရုံသည် Giz ၏ ရှေ့ပြေးစက်ရုံတစ်ရုံဖြစ်ပြီး နည်းပညာနှင့် စက်ပစ္စည်းများကို ကူညီပံ့ပိုးပေးထားကာ အဆောက်အအုံနှင့် မြေနေရာသည် ဆီးကျအင်းကျေးရွာမှ ဒေသခံများ ပိုင်ဆိုင်သည်။ GIZ သည် အကျိုးအမြတ်အတွက် လုပ်ဆောင်ခြင်းမဟုတ်ဘဲ ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နှစ်နိုင်ငံသဘောတူညီချက်အရ နည်းပညာအချက်အလက်များ ကူညီပံ့ပိုးပေးခြင်းသာဖြစ်သည်ဟုလည်း GIZ တာဝန်ရှိသူထံမှ သိရသည်။

**အော်ဂဲနစ်လက်မှတ်ကြောင့်**
**ရရှိလာမည့် အကျိုးကျေးဇူးများ**

အော်ဂဲနစ် လက်ဖက်ခြောက်စိမ်းများကို ဥရောပသို့ တာဝန်ယူပို့ဆောင်ပေးနေသည့် မောရှမ်းလက်ဖက်ခြောက်မှ Production Director ကိုလင်းပြည့်ထွန်းက "ဒီနှစ် ၁၀ လပိုင်းမှာ ဂျာမနီကို အော်ဂဲနစ်လက်ဖက်ခြောက် တစ်တန်ခွဲ တင်ပို့ဖို့ ဆောင်ရွက်နေပါတယ်၊ လက်ရှိမှာ တန်ဝက်လောက်အထိ စုဆောင်းထားပါတယ်၊ ဟိုဘက်ကုမ္ပဏီက တစ်နှစ်ကို နှစ်ဆတိုးပြီးပို့ပေးဖို့ ပြောပါတယ်၊ ပြည်တွင်းဈေးကွက်မှာ ရိုးရိုးနေလှန်းလက်ဖက်ခြောက် တစ်ပိဿာကို ကျပ် ၄၅၀၀ လောက်ပဲရတယ်၊ စက်ရုံနဲ့ထုတ်လုပ်တဲ့ အော်ဂဲနစ်ဖြစ်လာတဲ့အတွက် ပြည်တွင်းမှာ တစ်ပိဿာ ကျပ် ၁၂၀၀၀ အထိဖြစ်လာတယ်၊ ၂၀၁၆ ခုနှစ်မှာ အော်ဂဲနစ်လက်မှတ်မရသေးခင် ရိုးရိုး Green Tea အနေနဲ့ ပို့တဲ့အခါ တစ်ပိဿာကို ကျပ်တစ်သောင်းခွဲနဲ့ ပို့ရတယ်၊ အခုက နိုင်ငံတကာအသိအမှတ်ပြု အော်ဂဲနစ်လက်မှတ်ရရှိတဲ့အတွက် အောက်တိုဘာမှာ ပြည်ပကို တင်ပို့မယ့်ဟာဆိုရင် တစ်ပိဿာ ကျပ်နှစ်သောင်းအထိ ရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု အော်ဂဲနစ်လက်ဖက်ခြောက်၏ ဈေးကွက်ကို ချိန်ထိုးရှင်းပြသည်။

လက်ဖက်ကို စိုက်ပျိုးသည့်အချိန်မှစတင်ကာ ငါးနှစ်၊ ခြောက်နှစ်ဝန်းကျင်ခန့်တွင် လက်ဖက်ခူးနိုင်ပြီး မြေပြန့်အချို့နေရာများတွင် လေးနှစ်ဝန်းကျင်တွင်ခူးနိုင်ကြောင်း သိရသည်။ လက်ဖက်ထွက်ချိန်များမှာ သုံးလပိုင်း နောက်ဆုံးပတ်တွင် စတင်ထွက်ရှိကာ လေးလပိုင်းတွင် အများအပြားထွက်ရှိပြီးနောက် ငါးလပိုင်းတွင် အထွက်နားသည်။ ထို့နောက် ခြောက်လမှ ရှစ်လအထိတွင် အထွက်နှုန်းနည်းပါးပြီး ကိုးလပိုင်းနှင့် ၁၀ လပိုင်းတွင် အများအပြား ပြန်လည်ထွက်ရှိကြောင်း ဒေသခံ လက်ဖက်စိုက်တောင်သူများထံမှ သိရသည်။

အော်ဂဲနစ်လက်ဖက်ခြောက်ကို ဂျာမနီသို့ ၂၀၁၆ ခုနှစ်က စတင်တင်ပို့ခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် တင်ပို့နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။ ဦးဘစီက "၂၀၁၆ ခုနှစ်မှာတင်ပို့ပါတယ်၊ ၂၀၁၇ ခုနှစ်ထဲမှာ အော်ဂဲနစ်လက်မှတ်ရရှိတာက ၁၀ လပိုင်းမှာ ရရှိတယ်၊ ဒီတော့ လက်ဖက်ပေါ်ချိန်နဲ့ လက်ဖက်လှိုင်လှိုင်ထွက်ချိန်ကိုကျော်လွန်ပြီးမှ လက်မှတ်ရရှိတော့ သိုလှောင်ဖို့၊ ကြိုတင်ပြင်ဆင်ဖို့ အချိန်မရတဲ့အခါ မတင်ပို့နိုင်ခဲ့ပါဘူး"ဟု ရှင်းပြသည်။

**ပိုမိုတင်ပို့နိုင်ရန်**

ဆီးကျအင်းကျေးရွာမှထွက်ရှိသည့် လက်ဖက်ခြောက်များကို ဂျာမနီနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသည်။ နည်းပညာအရ ကူညီပံ့ပိုးပေးနေသည့်နိုင်ငံများကို ဦးစားပေးတင်ပို့ခြင်းဖြစ်ပြီး လာမည့် ၂၀၁၉ ခုနှစ်တွင် ဥရောပနိုင်ငံများသို့ပါ Green Tea လက်ဖက်စိမ်းခြောက် ခြောက်တန်အထိ တင်ပို့နိုင်ရန် ဆက်လက်ကြိုးစား အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မောရှမ်းကုမ္ပဏီ တာဝန်ရှိသူထံမှ သိရသည်။

ယခင်နှစ်က ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိသော်လည်း အော်ဂဲနစ်လက်မှတ်ရရှိပြီးနောက် ယခုနှစ်တွင် ဆီးကျအင်းကျေးရွာ ဒေသခံအစုအဖွဲ့ပိုင် GreenTea လက်ဖက်စိမ်းခြောက်စက်ရုံမှ နိုင်ငံတကာအရည်အသွေးမီလက်ဖက်ခြောက်များကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိလာစေရန် ယခုနှစ် အောက်တိုဘာလတွင် ဆက်လက်တင်ပို့နိုင်မည်ဖြစ်သည်။ ပင်းတယမြို့နှင့် လေးမိုင်ဝန်းကျင်သာကွာဝေးသော ဓနုတိုင်းရင်းသားများနေထိုင်သည့် ဆီးကျအင်းကျေးရွာလေးတွင် လျှပ်စစ်မီးရရှိလာပါက ထုတ်ကုန်များကို ကုန်ကျစရိတ် ပို၍သက်သာစွာဖြင့် ထုတ်လုပ်နိုင်ကာ ဒေသခံတိုင်းရင်းသားများ၏ တစ်ဦးချင်းဝင်ငွေများသည်လည်း ပို၍မြင့်တက်လာနိုင်မည်ဖြစ်ပါကြောင်း။ ။

# နေပြည်တော်ရှိ ပြောင်းစိုက်ခင်းအချို့ကို ကြွက်ဝမ်းပူများ ဝင်ရောက်ဖျက်ဆီးမှုများ ရှိနေ



**နေပြည်တော် ဩဂုတ် ၅**

ယခုနှစ်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ပြောင်းစိုက်ခင်းအချို့ကို ကြွက်ဝမ်းပူများ ဝင်ရောက်ကိုက်ဖြတ်စားသောက်မှုများရှိနေခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများလည်းဖြစ်ပေါ်နေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

တပ်ကုန်းမြို့နယ် ညောင်ငါးပင်ရှိ ပြောင်းစိုက်တောင်သူတစ်ဦးက "အစေ့စိုက်ပြီး ၁၅ ရက်သားအရွယ်လောက်ကတည်းက အပင်တွေကို ကိုက်ဖြတ်တာတွေ ရှိနေတယ်၊ အပင်ရဲ့အမြစ်တွေကနေ ပြတ်ကျနေတာလည်းတွေ့ရတယ်၊ ကြွက်ဝမ်းပူအကောင်အသေးလေးတွေက အပင်အောက်ခြေဝင်ပြီးတော့ အမြစ်ကိုကိုက်တာဖြစ်လို့ အမြစ်ကျန်တဲ့အပင်တွေ ဒီတိုင်းပဲထိုးစိုက်ထားကြတယ်၊ လက်ရှိအချိန်ထိတော့ တောင်သူ ၁၀ ဦးလောက် ယာခင်းတွေ ကိုက်ဖြတ်တာခံရတယ်"ဟု ပြောသည်။

လက်ရှိတွင် တစ်လခွဲသားသက်တမ်းရှိ အစေ့ထုတ်ပြောင်းခင်းများကို တောကြွက်ဝမ်းပူများက ညဘက်တွင် အုပ်စုလိုက်လာကိုက်နေခြင်းကြောင့် ကြွက်သေဆေးများချကာ နှိမ်နင်းနေသော်လည်း အောင်မြင်မှုမရရှိကြောင်း တောင်သူများက ဆိုသည်။ "ယာခင်းတွေဘေးမှာ ချုံပုတ်တွေရှိနေရင် ကြွက်တွေနေနိုင်တယ်၊ ဒါတွေကိုရှင်းနိုင်မှ ကြွက်အန္တရာယ်ကကင်းဝေးမှာ၊ ရေနုတ်မြောင်းဘေးတွေမှာ ကြွက်တွင်းတွေရှိနေရင်တော့ ရှင်းလင်းရတာခက်တယ်၊ အစိုးရရေမြောင်းဆိုတော့ လုပ်လို့မဖြစ်ဘူးလေ၊ ဒီနှစ်မှာတော့ ပြောင်းတွေပိုစိုက်လာကြတယ်၊ ဈေးလည်း မဆိုးဘူးလေ၊ ကုန်ကျစရိတ်လည်းနည်းတယ်၊ သီးနှံပေါ်ချိန်ရောက်ရင်တော့ ပြောင်းဖူးခွံစက်တွေ များများလိုအပ်တယ်၊ အစေ့ထုတ်ပြောင်း တစ်ဧကကို မျိုးစေ့နဲ့ လုပ်သားခပေါင်းရင် ရှစ်သောင်းလောက်တော့ကုန်တယ်"ဟု ညောင်ငါးပင်ကျေးရွာရှိ တောင်သူဦးလွင်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းစိုက်ဧရိယာ ဧက ၁ ဒသမ ၁၇ သန်းခန့် ရှိကာ ပြောင်းတင်းပေါင်း ၇၁ သန်းကျော် (တန်ချိန် ၁ ဒသမ ၇၉သန်း) ထွက်ရှိကာ အဓိကအားဖြင့် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။ မြန်မာနိုင်ငံဒေသအသီးသီး၌ ပြောင်းစိုက်ပျိုးရာတွင် ရာသီဉတုအပေါ်မူတည်ကာ မေပြီနှင့် မေလတို့တွင် မြေပြုပြင်ပြီး မေလ ဒုတိယပတ်မှ ဇူလိုင်လ ဒုတိယပတ်အတွင်း အများဆုံးစိုက်ပျိုးလေ့ရှိကြောင်းနှင့် တစ်ဧကအထွက်နှုန်းမှာ မျိုးစေ့အပေါ်မူတည်၍ ပျမ်းမျှ တင်း ၈၀ ကျော်ထွက်ရှိကြောင်း သိရသည်။

**မြတ်သူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

# ဖန်းမော်မြို့နယ်၌ တောင်ကျရေစီးဆင်းမှုကြောင့် စပါးခင်းများ ဒုတိယအကြိမ် ရေနစ်မြုပ်ပြီး ပျက်စီးမှုများပိုမိုများပြားလာနိုင်

**ဖန်းမော် ဩဂုတ် ၅**

ကချင်ပြည်နယ်တွင် ဩဂုတ် ၄ ရက် နံနက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ ဒုတိယအကြိမ် ထပ်မံစီးဆင်းလာခဲ့မှုကြောင့် ဖန်းမော်မြို့နယ် စီဟဲကျေးရွာမှ စပါးစိုက်ခင်းများတွင် ဒုတိယအကြိမ် ရေနစ်မြုပ်မှုဒဏ်ခံရပြီး ပျက်စီးမှုများ ပိုမိုများပြားလာနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

မိုးသည်းထန်မှုကြောင့် နန့်ကျရီချောင်းရေသည် ဩဂုတ် ၄ ရက် နံနက်တွင် စီဟဲကျေးရွာနှင့် ဖန်းမော်-မန်စီ-မန္တလေးလမ်းအရှေ့ဘက်ရှိ စပါးခင်းများအတွင်းသို့ စီးဝင်ခဲ့ရာမှ စိုက်ခင်းများကို ဒုတိယအကြိမ်ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ "နံနက် ၇ နာရီမှာ ချောင်းရေစဝင်တယ်။ နံနက် ၁၀ နာရီမှာ လယ်ကွင်းထဲမှာ ရေနစ်ပေ ခန့် မြင့်တက်လာတယ်။ မွန်းလွဲ ၁၂ နာရီခွဲမှာ သုံးပေခွဲမြင့်တက်လာပြီး ဖန်းမော်-မန်စီ ကားလမ်းအရှေ့ဘက်က စပါးခင်းအားလုံး ရေနစ်မြုပ်သွားတယ်။ ရေထုတ်ပြွန်က စီးဆင်းသွားတဲ့ရေကြောင့် ကားလမ်းအနောက်ဘက်က စပါးခင်းအချို့လည်း ရေနစ်မြုပ်ခဲ့တယ်၊ ညနေ ၃ နာရီကျော်မှာ စပါးခင်းများပေါ်မှာ ခြောက်ပေခွဲအထိ ရေမြင့်တက်ခဲ့ပြီး ညနေ ၅ နာရီကျော်မှာစပြီး ရေပြန်ကျခဲ့တယ်၊ ကားလမ်းအရှေ့ဘက်နှင့် အနောက်ဘက်က စပါးစိုက်ခင်းတွေ ဒုတိယအကြိမ် ရေနစ်မြုပ်လို့ ပျက်စီးမှုတွေ ပိုမိုများပြားလာနိုင်တယ်"ဟု စီဟဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းခိုင်က ပြောသည်။

ဇူလိုင် ၂၇ ရက်ကလည်း နန့်ကျရီချောင်းရေကြီးကာ စီဟဲကျေးရွာနှင့် ဖန်းမော်-မန်စီ-မန္တလေး ကားလမ်းပေါ်အထိ ရေလေးပေခန့် ကျော်တက်ခဲ့ကြောင်းနှင့် အဆိုပါ ပထမအကြိမ် ရေကြီးမှုကြောင့်လည်း စီဟဲကျေးရွာတွင် စပါးစိုက်ဧက ၆၁ ဧကခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

ဖန်းမော်မြို့နယ်တွင် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် စိုက်ပျိုးထားသော စပါးခင်းများရေနစ်မြုပ်မှုဖြစ်ပွားခဲ့ရာ စုစုပေါင်း ကျေးရွာကိုးရွာတွင် ရေနစ်မြုပ်မှု ၃၇၂၆ ဧကနှင့် ပျက်စီးမှု ၇၆၁ ဧက ရှိခဲ့သည်။ ရေနစ်မြုပ်သည့် ရွာသုံးရွာမှ စိုက်ခင်းများပျက်စီးသည့်စာရင်းကို ပြုစုနေဆဲဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

စပါးစိုက်ခင်းများ ရေနစ်မြုပ်သည့်နေရာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်နှင့်တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ အမှတ် ၄၇ ခြေလျင်တပ်ရင်းမှ အရာရှိစစ်သည်များ လာရောက်၍ စပါးစိုက်ခင်းများ မပျက်စီးစေရေး၊ ကားလမ်းကို ရေတိုက်စားမှုမှ ကာကွယ်ရေးနှင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သောနေရာများတွင် သဲအိတ်များချထားပေးခြင်းနှင့် အခြားလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**



ကားလမ်းဘေး လယ်ကွင်းများတွင် ရေပြည့်နေပြီး ကားလမ်းအနီးအထိ ရေရောက်နေစဉ်။

# တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးဆိုင်ရာများ မြစ်ကြီးနား မြို့၌ ဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၅**

နိုင်ငံတော်သမ္မတ လမ်းညွှန်မိန့်ကြားသည့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် ဆင့်ကဲဆင့်ကဲ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်ပိုက်ပိုက်အေးသည် မြစ်ကြီးနားခရိုင်တရားရုံးဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ဩဂုတ် ၄ ရက်က မှုခင်းဆက်စပ်အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေး၊ တရားရုံးပိုင်းအနေဖြင့် ကြန့်ကြာမှုများ မရှိစေရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"အဂတိတရားနှင့်ပတ်သက်ပြီး လူထုကြားမှာလည်း တချို့ကျတော့ ကြားပွဲစားကြားလူတွေရဲ့စနက်ကြောင့် တရားစီရင်ရေးကို ပြည်သူတွေအနေနဲ့ ယုံကြည်မှုတလွဲဖြစ်တာပါ၊ ပြည်သူလူထုအနေနဲ့လည်း တရားဥပဒေရဲ့သဘောသဘာဝ၊ ဥပဒေတွေကို နားလည်သိရှိပြီးတော့ တရားရုံးရဲ့ လုပ်ဆောင်ချက်တွေကို သိရှိလာမယ်ဆိုရင် အထင်အမြင်လွဲမှားမှုတွေ ကောလာဟလတွေ ဖြစ်စရာအကြောင်းမရှိပါဘူး၊ ဖြစ်တဲ့အကြောင်းအရင်းတွေကလည်း ကြားမှာတချို့သောပုဂ္ဂိုလ်တွေက ရှေ့နေရှေ့ရပ်မဟုတ်ဘူး၊ ဥပဒေနားလည်သလိုနဲ့ နားမလည်တဲ့ တချို့သောပွဲစားများနဲ့ ကြားလူတွေရဲ့ကိစ္စရပ်ကြောင့် အဲ့လိုမျိုး ထင်ယောင်ထင်မှားဖြစ်ရခြင်းဖြစ်ပါတယ်"ဟု တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ တနင်္သာရီတိုင်းဒေသကြီးအဖွဲ့ဝင် ဦးစရောဝင်းက ပြောသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်ပိုက်ပိုက်အေးက တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆင့်ကဲဆင့်ကဲ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ တရားစီရင်ရေးနှင့် တရားရေးလုပ်ငန်းများ၊ တရားစီရင်ရာတွင် မကြန့်ကြာစေရေးတို့ကို တရားသူကြီးတစ်ဦးချင်းအလိုက် စီစဉ်ဆောင်ရွက်ရန် ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက နိုင်ငံတော်သမ္မတ လမ်းညွှန်မှာကြားသည့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များတွင် ကြန့်ကြာမှုမရှိစေရေးတို့ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး၊ တရားရေးဦးစီးမှူး၊ မြစ်ကြီးနားခရိုင်အတွင်းရှိ တရားရေးအရာရှိများ၊ ခရိုင်ဥပဒေအရာရှိ၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ မြစ်ကြီးနားခရိုင် ဥပဒေအထောက်အကူပြုရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တရားရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)ရှိ တာတမံများ အခြေအနေကောင်းပြီး ကြံ့ခိုင်စွာရှိနေ

**မိုးညို ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်များအတွင်းရှိ ဧရာဝတီမြစ် ရေဘေးကာကွယ်ရေးတာနှင့် မိုးညိုမြို့နယ်မှ ခအောင်းပင်တာ၏ ကြံ့ခိုင်မှုအခြေအနေများသည် ဩဂုတ် ၅ ရက်အထိ ကောင်းမွန်လျက်ရှိပြီး ကြံ့ခိုင်စွာ ရှိနေကြောင်း ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစဝ်ခွန်ဦးထံမှ သိရသည်။

ဇူလိုင်လ တတိယပတ်အတွင်းက ဧရာဝတီမြစ်ရေမှာ မိုးညိုမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ဒသမ ၈ ပေခန့် ရောက်ရှိခဲ့သော်လည်း တာတမံများ၏ ကြံ့ခိုင်မှုအခြေအနေ ကောင်းမွန်နေခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဧရာဝတီမြစ်ရေအမှတ်မှာ မိုးညိုမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ တစ်ပေခန့်အထိ ပြန်လည်ကျဆင်းခဲ့ပြီဖြစ်ပြီး တာတမံများ၏ ကြံ့ခိုင်မှုအခြေအနေ ကောင်းမွန်ရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများက ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ တာတမံများ၏အလျားမှာ ၆၁ မိုင် ၆ ဖာလုံရှိပြီး အရေးကြီးနေရာများကိုလည်း နှစ်အလိုက် အခိုင်အမာပြုပြင်၍ လယ်ယာမြေများကို အောင်မြင်စွာစိုက်ပျိုးနိုင်ရန်နှင့် ဒေသနေပြည်သူများ၏ အသက်အိုးအိမ်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ကလေးဝမြို့နယ်၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကလေးဝ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဩဂုတ် ၄ ရက်က ကလေးဝမြို့ မြို့သာရပ်ကွက်တွင် ရပ်ကွက်နေပြည်သူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြုလုပ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကိုလည်း အဆိုပါရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်မှုတွင် ရေဘေးလွတ်ရာ အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းသို့ ပြောင်းရွှေ့ခြင်းကို ရပ်ကွက်နေပြည်သူများ ပူးပေါင်းပါဝင်၍ လေ့ကျင့်ကြပြီး ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှူးတို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ဒေသခံပြည်သူများအား အသီးသီးဟောပြောခဲ့ကြပြီး တက်ရောက်လာသည့် ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကျန်းမာရေးဦးစီးဌာနက အခမဲ့ ဆေးဝါးကုသမှုများလည်း ဆောင်ရွက်ပေးသည်။



ကလေးဝမြို့သည် ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်တို့ဆုံရာတွင် တည်ရှိသည့်အတွက် နှစ်စဉ် ရေကြီးရေလျှံမှုဒဏ်ကို ဒေသခံပြည်သူများ ခံစားနေရခြင်းကြောင့် ရေကြီးရေလျှံမှုမဖြစ်မီ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန်နှင့် ဖြစ်ပွားလာပါက မိမိပတ်ဝန်းကျင်တွင် လူနှင့်တိရစ္ဆာန်များ ကျန်ရှိမှုမရှိစေရေး၊ ပြည်သူအချင်းချင်း တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းကာ အစုအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အထများ ရှိလာစေရေးအတွက် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းက ပြောကြားသည်။

**မြို့နယ် (ပြန်/ဆက်)**

# တနင်္သာရီမြို့နယ်မှ ရေဘေးသင့် ကရင်တိုင်းရင်းသားကျေးရွာများသို့ ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်း

**ကော့သောင်း ဩဂုတ် ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် တနင်္သာရီမြစ်ရေလျှံကာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ပြည်သူများ ရေဘေးဒုက္ခများ ခံစားကြုံတွေ့နေကြရပြီး အဆိုပါရေဘေးသင့်ကျေးရွာများအနက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် အလှမ်းဝေးသော တနင်္သာရီချောင်းဖျားဒေသရှိ ဝေးလံသည့် ကရင်တိုင်းရင်းသားကျေးရွာများသို့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို ကော့သောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လူငယ်လုပ်ငန်းအဖွဲ့ဝင်များက ဩဂုတ် ၄ ရက်က လိုက်လံကူညီထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

လှူဒါန်းရာတွင် ကော့သောင်းမြို့မှ မြို့မိမြို့ဖများနှင့် စေတနာရှင် အလှူရှင်များ၊ ကုမ္ပဏီ၊ အသင်းအဖွဲ့များ၏ လှူဒါန်းမှုများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ဝင်များက ကော့သောင်းမြို့ပေါ်ရပ်ကွက်များအနှံ့လိုက်လံအလှူခံရာမှ ရရှိသည့် အလှူငွေ ကျပ် သိန်း ၅၀ တို့ကို ရေးဘေးကယ်ဆယ်ရေးကွပ်ကဲမှုအဖွဲ့ရုံး တာဝန်ရှိသူများသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြသည့်အပြင် ဌာနဆိုင်ရာများအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အဆောတလျှင် သွားရောက်ဆောင်ရွက်ရန် အလှမ်းဝေးသည့် ရေဘေးသင့်ကျေးရွာများမှ ပြည်သူများအတွက် တာရှည်ခံ အသင့်စားသောက်ဖွယ်ရာများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ သောက်ရေသန့်များ၊ ဘီစကွတ်မုန့်ခြောက်ဘူးများနှင့် အဝတ်အထည်မျိုးစုံ၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ စသည်တို့ကိုလည်း လူငယ်လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာများရှိ ပြည်သူများနေထိုင်ရာ အိမ်အရောက်သွား၍ တစ်အိမ်တက်ဆင်း လိုက်လံထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြသည်။ တနင်္သာရီမြို့တွင် ရေကြီးရေလျှံမှုများကြောင့် မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာပေါင်း ၁၉ ရွာနှင့် လယ်ယာမြေ ၂၀၇၃ ဧက ရေနစ်မြုပ်လျက်ရှိပြီး ပြည်သူ ၆၃၀၀ ကျော် ရေဘေးဒုက္ခ ကြုံတွေ့နေကြရကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# တောင်ငူ အထက(၂)၌ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး စကားဝိုင်းကျင်းပ

**တောင်ငူ ဩဂုတ် ၅**

တောင်ငူခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကကြီးမှူး၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေး စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၃ ရက်က တောင်ငူမြို့ အထက(၂)ကျောင်း ဆရာကွန်းခန်းမ၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ပဲခူးတိုင်း(အရှေ့ခြမ်း) မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ရဲမှူး(ငြိမ်း)ဦးညီညီက ကျောင်းစာကြည့်တိုက်အတွက် ၂၀၁၇ တစ်နှစ်စာ တံလျှပ်ဂျာနယ်များကို ပေးအပ်လှူဒါန်းပြီး အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်ဦးအောင်သန်း(အောင်ခန့်ဖြိုးဝေ-တောင်ငူ)၊ တောင်ငူခရိုင်အသင်းဥက္ကဋ္ဌ ဦးစံလု(စံ-ကေတု)၊ အတွင်းရေးမှူး ဒုရဲမှူး(ငြိမ်း)ဦးဌေးဝင်း၊ ဘဏ္ဍာရေးမှူး ဒေါက်တာမျိုးထွန်းနှင့် အသင်းသား ကိုနေလင်းအောင်(ဒေဝ)တို့က ဦးဆောင်ဆွေးနွေးခဲ့ကြကာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ (၀၄၈)



## မုံရွာမြို့နယ်အတွင်းရှိ ကြာကန်သို့ အားလပ်ရက်များတွင် လာရောက်လည်ပတ်သူ များပြားလျက်ရှိ

မုံရွာ ဩဂုတ် ၅

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခဝဲကျင်းကျေးရွာအနီးရှိ ကြာကန် (သားပြေးအင်း) အတွင်းသို့ အားလပ်ရပ်များတွင် မုံရွာမြို့နယ်နှင့် အနီးတစ်ဝိုက်ရှိ မြို့နယ်များမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း ကြာကန်(သားပြေးအင်း) ၏ အင်းသူကြီး ဦးချို၏ ပြောကြားချက်အရ သိရသည်။**

"ဒီကြာကန်က ပုံမှန်ဆို ဝါဆို၊ ဝါခေါင်လတွေမှာ မြစ်ရေဝင်ပြီး ကြာပင်တွေ ရေအောက်မြုပ်နေပြီ၊ အခုနှစ်မှာ မြစ်ရေဝင်နောက်ကျလို့ အခုချိန်အထိ လုပ်နေရတာ။ ကြာပင်တွေ ရေအောက်ရောက်ရင် လာပြီး လည်ပတ်တဲ့သူတွေလည်း မရှိတော့ဘူး။ ရုံးပိတ်တဲ့ အားလပ်ရက်တွေမှာ အလာများကြတယ်။ လာတဲ့ ဧည့်သည်တွေ ကြာကန်(သားပြေးအင်း) အတွင်း သွားချင်တဲ့နေရာတွေ လိုက်ပို့ပေးတယ်။ သူတို့က ကြာပန်း၊ ကြာခွက် (ကြာသီး)တွေ ခူးကြတယ်။ အလှဓာတ်ပုံရိုက်ကြတယ်။ ကမ်းစပ်မှာလည်း ဒေသထွက်အစားအစာတွေ စားပြီး အပန်းဖြေနိုင်အောင်လို့ နေရာလေးတစ်ခု စီစဉ်ပေးထားပါတယ်" ဟု ကြာကန် (သားပြေးအင်း) တွင် စက်လှေပို့လုပ်ငန်း လုပ်ကိုင်သူ ကိုသောင်းလွင်ဦးက ပြောသည်။

ကြာကန်(သားပြေးအင်း) သည် အကျယ်အဝန်းဧက ၄၀၀ ကျော်ခန့်ရှိပြီး အင်း၏ လေးပုံ သုံးပုံကျော်မှာ ကြာပင်များ ပေါက်ရောက်လျက်ရှိသည်။ ယင်းကြာကန် (သားပြေးအင်း) သည် မုံရွာ-ရေဦး လမ်းမကြီးအတိုင်း မုံရွာမြို့မှ ရှစ်မိုင်ခန့်အကွာရှိ ခံတောကျေးရွာလမ်းခွဲမှတစ်ဆင့် နှစ်မိုင်ခန့်အကွာ ခဝဲကျင်းကျေးရွာအနီးတွင် တည်ရှိပြီး ယခင်က ငါးဖမ်းလုပ်ငန်းတစ်ခုသာ လုပ်ကိုင်ခဲ့ပြီး လွန်ခဲ့သည့် သုံးနှစ်ခန့်မှ လူသိများလာသော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ရေဘေးသင့်ပြည်သူများအား ကိုရီးယား အသင်းအဖွဲ့မှ ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်း

**ဒိုက်ဦး ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်သို့ Korean Association in Myanmar ဥက္ကဋ္ဌ Mr . Jeon Sung Ho နှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီအသင်း တိုင်းမှူး ဦးအောင်မင်းမင်းကိုတို့ ဦးဆောင်သော အဖွဲ့သည် ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာ ကမာကလစ်စံပြကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၃၀၀ အတွက် ဆန်၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ စောင်နှင့် စားသောက်စရာများကို ဒရယ်မီးချောင်း ရုံးတံတားထိပ်၌ လာရောက်လှူဒါန်းသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို ဒိုက်ဦးမြို့ အမှတ် ၁ ဈေးပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် သုံးခွကျေးရွာ၊ ကမာကလစ်ကျေးရွာကိုယ်စားလှယ်တို့က လက်ခံယူခဲ့သည်။ သဘာဝဘေးအန္တရာယ်ကျရောက်ပါက မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ လူမှုကွန်ရက်မှတစ်ဆင့် ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း တိုင်းဒေသကြီး ကြက်ခြေနီအသင်းဥက္ကဋ္ဌက ပြောကြားပြီး Korean Association in Myanmar အဖွဲ့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**

## ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**ရန်ကုန် ဩဂုတ် ၅**

ရွှေပြည်သာမြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ယာယီကယ်ဆယ်ရေးစခန်း လေးခု ဖွင့်လှစ်ခဲ့ရသည်။ ကယ်ဆယ်ရေးစခန်း လေးခုမှ ရေဘေးသင့်အိမ်ထောင်စု ၃၂၅ စုအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးသော ပစ္စည်းများကို ရွှေပြည်သာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**

## ဒလမြို့ပေါ်ရှိ ရပ်ကွက် သုံးရပ်ကွက်၌ ရေသန့်စင်စက်များနှင့် ရေကန်ခြံစည်းရိုးကာရံခြင်းများ ဆောင်ရွက်မည်

**ရန်ကုန် ဩဂုတ် ၅**

အာရှဖွံ့ဖြိုးရေးဘဏ်၏ ထောက်ပံ့လှူဒါန်းမှုဖြင့် ဒလမြို့ပေါ်ရှိ အုံ့ကြီးအနောက်ရပ်ကွက်၊ ၁၁/၁၄ ရပ်ကွက် နှင့် ၆နံပါတ်ရပ်ကွက်တို့ရှိ ရပ်ကွက်နေ ပြည်သူများအား သန့်ရှင်းသော ရေရရှိ သုံးစွဲနိုင်ရန်၊ လူမှုဘဝနေထိုင်မှုအဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် ရပ်ကွက်အဆင့် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ ရေသန့်စက်များ တည်ဆောက်ပေးခြင်း၊ ရေကန်များ၌ ခြံစည်းရိုးကာရံခြင်းနှင့် ရပ်ကွက်အတွင်း အမှိုက်ကန်များကို အဆင့်မြှင့် ဆောက်လုပ်ပေးခြင်း စသည့် စီမံကိန်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အကြံပေးအဖွဲ့ခေါင်းဆောင် (IC Team) မှ Mr.Richard Mabbitt က ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သီရိဇေယျ နော်ရထာခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူထုတွေ့ဆုံဆွေးနွေးပွဲတွင် ရှင်းလင်းပြောကြားသည်။

အဆိုပါ လုပ်ငန်းများကို ဇူလိုင်လ တတိယပတ်မှစတင်၍ ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာလကုန်တွင် ပြီးစီးရန် ခန့်မှန်းထားကြောင်း သိရသည်။ ထို့အတူ ရပ်ကွက်အတွင်း အမှိုက်ပုံးများနှင့် အမှိုက်သိမ်းယာဉ်များကိုလည်း လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ တိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်စိုး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြွေ၊ မြို့နယ်စည်ပင်သာယာရေးနှင့် သန့်ရှင်းရေးဌာန အင်ဂျင်နီယာ ဦးတိုးတိုးအောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။



အဆိုပါ စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာမြို့နယ်နှင့် ဒလမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်ကြီးတံခွန်မြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ထောက်ပံ့လှူဒါန်းမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ တို့ဖြင့် စီမံကိန်းလုပ်ငန်းများကို ပြည်သူလူထုအခြေပြု ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## တနင်္သာရီတိုင်းဒေသကြီးကြက်ခြေနီကော်မတီမှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့နိုင်ရန် ဆွေးနွေး



**တနင်္သာရီ ဩဂုတ် ၅**

တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားမှုအရ မြိတ်ခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့် မြိတ်မြို့နယ် ကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးနိုင်ရန်အတွက် ယမန်နေ့က မြို့နယ် ပညာရေးမှူးရုံး၌ မြို့နယ်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်အောင်နှင့် ကော်မတီဝင်များနှင့် ကနဦးတွေ့ဆုံညှိနှိုင်း ဆွေးနွေးသည်။

ဈေးဦးစွာ ခရိုင်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ ခရိုင်ဦးစီးမှူးက တနင်္သာရီမြို့နယ်အတွင်း ရေကြီးနစ်မြုပ် ပြောင်းရွှေ့အိမ်ထောင်စုများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် တိုင်းဒေသကြီး၊ ခရိုင်တို့မှ ထောက်ပံ့မှုပေးနိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့က မြို့နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ အသက်ကယ်အင်္ကျီ ငါး ထည်၊ ကယ်ဆယ်ရေးဗောကွင်းနှစ်ခုနှင့် အရေးပေါ် ဘေးအန္တရာယ်ကျရောက်စဉ် အသုံးပြုရန် ကယ်ဆယ်ရေးဆေးအိတ်တစ်လုံးတို့ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**နန်းသာရီ-ထိန်ဝင်း**

## ဘီးလင်းမြို့ ဘုန်းတော်ကြီးကျောင်းများနှင့် ရေဘေးရှောင်ပြည်သူများအတွက် ဗဟိုအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်း

**ဘီးလင်း ဩဂုတ် ၅**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့်အဖွဲ့သည် ယမန်နေ့က ဘီးလင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ရေဘေးရှောင်ပြည်သူများအား ငွေကျပ် ၂၆ သိန်း ကျော်တန်ဖိုးရှိ အစားအသောက်များ လာရောက်လှူဒါန်းခဲ့သည်။

ရှေးဦးစွာ ဗဟိုအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ ဘီးလင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့သွားရောက်၍ အလှူငွေနှင့် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် အစရှိသည့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းခဲ့သည်။ ယင်းနောက် ရေကြီးနစ်မြုပ်မှုကြောင့် ရေဘေးရှောင်ခဲ့ရသော ကန်သာယာရပ်ကွက်၊ ဘိုးလှကြီးရပ်ကွက်နှင့် ပိုင်ဒဝယ် ကျေးရွာများသို့ သွားရောက်၍ ရေဘေးရှောင်ပြည်သူများအား ခေါက်ဆွဲခြောက်၊ အာဟာရကြက်သားဆန်ပြုတ်၊ ကြာဆံကြော် အစရှိသည့် အစားအစာများကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# "မင်္ဂလာခုတင်" ရုပ်ရှင်ဇာတ်ကား ဩဂုတ် ၁၀ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်


သရုပ်ဆောင် ခင်ဇာခြည်ကျော်


သရုပ်ဆောင် ခင်လှိုင်


ဒေါ်အေးအေးဝင်း


သရုပ်ဆောင် ချစ်လူလူ


ရွှန်းမီမီထက်

**ရန်ကုန် ဩဂုတ် ၅**

မအေးအေးဝင်း စီစဉ်ပြီး လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် "မင်္ဂလာခုတင်" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဩဂုတ် ၁၀ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ကိုဇော် (အာရုဏ်ဦး)က ရိုက်ကူးထားခြင်းဖြစ်ပြီး မိန်းမပျိုတစ်ဦးအား အပြိုင်အဆိုင် လိုက်လံပိုးပန်းပြီး အနိုင်ရရှိသူအနေဖြင့် မင်္ဂလာဦးတွင် ခုတင်တစ်လုံးကြောင့် အလွဲလွဲအချော်ချော်ဖြစ်ခဲ့ပုံ၊ အပြိုင်ပိုးပမ်းခဲ့သူတို့နှစ်ဦး အပြန်အလှန် ဒုက္ခပေးပုံ၊ ကပ်စေးနှဲသည့်အတွက်ကြောင့် အချစ်ရေး၊ အိမ်ထောင်ရေးတွင် အလွဲလွဲအချော်ချော် ဖြစ်ခဲ့ရပုံတို့ကို ဟာသအမြင်ဖြင့် ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းရုပ်ရှင်ဇာတ်ကားတွင် မြင့်မြတ်၊ ကျော်ကျော်ဗိုလ်၊ ဝတ်မှုံရွှေရည်၊ ခင်ဇာခြည်ကျော်၊ ခင်လှိုင်၊ ကိုပေါက်နှင့် အခြားသော အနုပညာရှင်များစွာ ပါဝင်ပုံဖော်ထားသော ရယ်ရွှင်ဖွယ်ရာ ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် ခင်ဇာခြည်ကျော်က "ဒီဇာတ်ကားထဲမှာတော့ ဝတ်မှုံရွှေရည်ရဲ့အမေနေရာကနေ သရုပ်ဆောင်ထားပါတယ်။ သမက်နှစ်ယောက်က ကိုယ့်သမီးကို နည်းမျိုးစုံနဲ့ အိမ်မှာလာရောက်ပြီး ပိုးတဲ့အခါကျတော့ ကိုယ်လည်း မင်းသားနှစ်ယောက်လုံးနဲ့ စုံတာပေါ့။ အမှတ်တရအနေနဲ့ဆိုရင် ည ၁၂ နာရီလောက်ကြီး သမီးဖြစ်တဲ့သူကို မေ့ဆေးအုပ်ပြီးတော့ ခိုးရာခေါ်သွားတဲ့ အခန်းမှာ အစ်မက ထွက်လာပြီးတော့ ဘာဖြစ်တာလဲလို့ မေးတော့ အဒေါ်သမီးခိုးသွားပြီလို့ ပြောတဲ့အခန်းမှာဆိုရင် သမီးဇောနဲ့ ပြေးလိုက်တဲ့အခန်းက အတော်ရယ်ရတယ်။ မင်္ဂလာဦးစုံတွဲတွေ မှန်သမျှ မင်္ဂလာခုတင်ဆိုတာ အရေးတကြီးနဲ့ ထားကြတယ်။ အိမ်ထောင်ဦးတိုင်းမှာ မင်္ဂလာခုတင်ဆိုတာ အရေးကြီးဆုံးပဲလေ။ အဲဒီလို အရေးကြီးတဲ့ အရာကို ဟာသလေးတွေနဲ့ရောပြီး တင်ပြထားတာပါ"ဟု ပြောသည်။

